# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၆ ရက် တနင်္ဂနွေနေ့။ Sunday, 2 April 2017 (၈၈၈၄)


**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)

# ပြည်သူနှင့်အတူ

## ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံတစ်ဝန်းရှိ လစ်လပ်မဲဆန္ဒနယ်များ၌ တစ်ပြိုင်တည်း ကျင်းပ

## ရန်ကုန်တိုင်းဒေသကြီး လစ်လပ်မဲဆန္ဒနယ် (၅)နေရာအတွက် မဲဆန္ဒရှင်တစ်သန်းကျော်က လွတ်လပ်စွာ ဆန္ဒမဲပေး



**ရန်ကုန် ဧပြီ ၁**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းရှိ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာ၌ တစ်ပြိုင်နက် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လစ်လပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးနေရာတွင် လှိုင်သာယာ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ကော့မှူးမြို့နယ်များပါဝင်ပြီး လစ်လပ်အမျိုးသားမဲဆန္ဒနယ် တစ်နေရာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်အမှတ်(၆) မဲဆန္ဒနယ်မြေတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့✱**



လသာမြို့နယ် မဲရုံ၌ မဲရေတွက်နေကြစဉ်(အပေါ်ပုံ)နှင့် လှိုင်သာယာမြို့နယ် FMI City အတွင်း ဖွင့်လှစ်ထားသောမဲရုံ၌ ဆန္ဒမဲပေးပြီး ထွက်ခွာလာသည့် အဘွားအိုတစ်ဦးအား တွေ့ရစဉ်။(ယာပုံ)

(သတင်းစဉ်)

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

ကာကွယ်ရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။




# ကြေးမုံ

## မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ

မြန်မာပြည်ကြီးငြိမ်းချမ်းစေရေး၊ မြန်မာပြည်ကြီး ဖွံ့ဖြိုးစေရေးအတွက် မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို မြန်မာနိုင်ငံသားများ အထူးတလည် လေ့လာရန်လိုအပ်သည်။ မြန်မာပြည်လွတ်လပ်ရေးမရမီ နှစ်ပေါင်းတစ်ရာကျော် တိုင်းတစ်ပါးလက်အောက် ကျွန်သဘောက်ဘဝရောက်ခဲ့သည်။ သူ့ကျွန်မခံလို၍ မျိုးချစ်မြန်မာများက အသက်၊ သွေး၊ ချွေး ပေးဆပ်ပြီး နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြရာ စစ်ပွဲများ၊ ဆင်းရဲမွဲတေမှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများနှင့် နှစ်ပေါင်းတစ်ရာမက မငြိမ်းမချမ်းဘဝနှင့် နေခဲ့ကြရသည်။

လွတ်လပ်ရေးမရရှိမီက တိုင်းတစ်ပါးအုပ်ချုပ်မှုကို မခံလိုသည့် သူ့ကျွန်ဘဝမှလွတ်မြောက်လိုသော မျိုးချစ်စိတ်ဓာတ်ဖြင့် မြန်မာအမျိုးသားခေါင်းဆောင်များနှင့် တိုင်းရင်းသားများ ညီညွတ်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသောကာလ ကိုယ့်အမျိုးသားခေါင်းဆောင်များနှင့် မိမိတိုင်းပြည်ကို မိမိတို့ကိုယ်တိုင် အုပ်ချုပ်စီမံရမည့်ကာလသို့ ရောက်သောအခါ မျိုးချစ်ခေါင်းဆောင်များအချင်းချင်း အယူအဆကွဲ၊ ဝါဒကွဲလွဲမှုတို့ကြောင့် စိတ်ဝမ်းကွဲခဲ့ကြသည်။

စိတ်ဝမ်းကွဲရုံသာမက လက်နက်စွဲကိုင်တိုက်ခိုက်ကြသောကြောင့် တိုင်းပြည်မငြိမ်းချမ်းခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ဤသည်ကို ကျွန်ုပ်တို့နိုင်ငံသားအားလုံး သမိုင်းသင်ခန်းစာရယူသင့်သည်။ တိုင်းတစ်ပါးအုပ်ချုပ်မှုကိုမခံလို၍ တိုင်းရင်းသားပြည်သူများညီညွတ်မှု၊ စည်းလုံးမှုရှိခဲ့ကြသည်။ တိုင်းတစ်ပါးကျူးကျော်မှုကိုမခံလို၍ လက်နက်စွဲကိုင်တွန်းလှန်မှုကြောင့် ကျခဲ့ရသည့် အသက်၊ သွေး၊ ချွေးနှင့် ဆုံးရှုံးမှုများမှာ တိုင်းပြည်နှင့်လူမျိုးအတွက်ဖြစ်၍ ဆုံးရှုံးမှုမှာ ထိုက်တန်သလို တန်ဖိုးကြီးမားသည်။

လွတ်လပ်ရေးရပြီး တိုင်းပြည်ကို ကိုယ့်လူမျိုးကိုယ်တိုင် အုပ်ချုပ်မည်ဆိုသောအခါ အချင်းချင်းစိတ်ဝမ်းကွဲပြားပြီး လက်နက်စွဲကိုင်တိုက်ခိုက်ကြ၍ ညီညွတ်မှု၊ စည်းလုံးမှုပျက်ပြားပြီး မငြိမ်းချမ်းသောတိုင်းပြည်ဖြစ်ခဲ့ရသည်။ အချင်းချင်းလက်နက်စွဲကိုင်တိုက်ခိုက်ခြင်းကြောင့် ကျခဲ့ရသည့် အသက်၊ သွေး၊ ချွေးနှင့် ဆုံးရှုံးမှုများမှာ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးမဲ့သာဖြစ်သည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် စောင့်စားခဲ့ရသည့် အချိန်ကာလများစွာနှင့် ဆုံးရှုံးမှုများကြောင့် တိုင်းပြည်အတွက် မည်မျှနစ်နာခဲ့ရသည်ကို စဉ်းစားသုံးသပ်ကြည့်ရန် လိုမည်ဖြစ်သည်။

နှစ်ပေါင်းများစွာ အဆုံးမသတ်နိုင်သော လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို စတင်လိုက်နိုင်သည်မှာ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် လင်းလက်လာသော ရောင်ခြည်တစ်ခုပင်ဖြစ်သည်။ လက်နက်ကိုင်ဖြေရှင်းခြင်းမှ စားပွဲဝိုင်းဖြေရှင်းခြင်းသို့ ဖော်ဆောင်ကြသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံ၍အမြင်ချင်းဖလှယ်နိုင်ခြင်းသည် တိုးတက်မှုပင်ဖြစ်သည်။ တစ်ဆင့်ခံတွေ့ဆုံခြင်းသည် နားလည်မှုလွဲမှားစေနိုင်ပြီး တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ရလဒ်ကောင်းတစ်ခုထွက်အောင် အဖြေထုတ်နိုင်ပေသည်။

ငြိမ်းချမ်းရေးအတွက် မျှော်လင့်ခြင်းသည် စိတ်ကူးသက်သက်မျှသာရှိသေး၍ ငြိမ်းချမ်းရေးကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ရန် ဝိုင်းဝန်းပူးပေါင်းကြိုးစားရမည်ဖြစ်သည်။ မျှော်လင့်ချက်နှင့်အတူ အမှန်တကယ်ဖြစ်လိုသော ပြင်းပြသည့်ဆန္ဒများဖြင့် ယုံကြည်မှုကိုတည်ဆောက်ကြရမည်ဖြစ်သည်။ ထို့နောက် ယုံကြည်ချက်ကိုကိုင်စွဲကာ ငြိမ်းချမ်းရေးမူဝါဒအပေါ် အခြေခံ၍ လုပ်သင့်လုပ်ထိုက်သည်တို့ကို အမြန်ဆုံးအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ တစ်ရက်စောလျှင် တစ်ရက်၊ တစ်လစောလျှင် တစ်လ၊ တစ်နှစ်စောလျှင်တစ်နှစ် ငြိမ်းချမ်းရေးအသီးအပွင့်များကို ပြည်သူများခံစားရရှိနိုင်သည်ကို မမေ့သင့်ချေ။

ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် မတူကွဲပြားမှုများနေခြင်းသည် အကျိုးများသော တန်ဖိုးရှိသည့်အရာဖြစ်သည်။ မတူကွဲပြားမှုများကို အခြေခံ၍ နိုင်ငံပိုမိုတိုးတက်အောင်၊ ဖွံ့ဖြိုးအောင်လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ မတူကွဲပြားမှုများကို ဘုံအကျိုးထုတ်မှသာ နိုင်ငံအတွက်အကျိုးရှိနိုင်ပြီး မိမိတို့အကျိုးအတွက်သာရှေးရှုလျှင် ပန်းတိုင်နှင့် အလှမ်းဝေးနေမည်သာဖြစ်သည်။ ထို့ကြောင့် ပြည်သူများမျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မြန်မာပြည်ကြီးငြိမ်းချမ်းရေးကို ရှေးရှုကာ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်စေချင်ပါသည်။ ။

## ပြည်သူလူထု သဘာဝဘေးရင်ဆိုင် တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့်မူဘောင်စာအုပ်မိတ်ဆက်ပွဲကျင်းပ

**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သဘာဝဘေးဒဏ်ခံစားရသော ပြည်သူလူထုအတွက် ကောင်းမွန်သော လူနေမှုဘဝပြန်လည်ရရှိစေရေးနှင့် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်စေရေး မူဝါဒများချမှတ်ပြီး ပြည်သူကို ဗဟိုပြုသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။




ပြည်သူလူထု သဘာဝဘေးရင်ဆိုင် တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့် မူဘောင်စာအုပ်မိတ်ဆက်ပွဲကို မတ် ၃၁ ရက် နံနက်ပိုင်းက နေပြည်တော် Park Royal Hotel ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ရပ်ရွာလူထုက ဦးဆောင်ဦးရွက်ပြုပြီး လုပ်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်တုံ့ပြန်နိုင်စွမ်းများ ပိုမိုအားကောင်းလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝ ဘေးအမျိုးမျိုးကြောင့် ဆုံးရှုံးမှု မြောက်မြားစွာကို ခံစားခဲ့ရပြီး ဖွံ့ဖြိုးမှု အသီးအပွင့်များကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း တည်ဆောက်ရာတွင် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် အရင်းအမြစ်များ၊ ကြိုးပမ်းအားထုတ်မှုများကို တစ်သားတည်းကျအောင် ပေါင်းစည်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်း တစ်ခုတည်းဖြင့် ရပ်ရွာလူထု၏ ပြဿနာများကို ရေရှည် ဖြေရှင်းပေးနိုင်မှာမဟုတ်ကြောင်း၊ ယခု မိတ်ဆက်သည့် မူဘောင်တွင် ရပ်ရွာလူထုဦးဆောင်သော ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ပေးထားကြောင်း၊ ရေရှည်တည်တံ့ပြီး ဘေးဒဏ်ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရာတွင် အဖွဲ့အစည်းအားလုံးက ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Asian Development Bank နှင့် United Nations Development Programme မှ တာဝန်ရှိသူများက မူဘောင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မူဘောင်စာအုပ်များကို သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်သေးရုပ်ပြပွဲအကြောင်း ကျွန်တော်၊ ကျွန်မတို့အမြင် နှုတ်မှုစွမ်းရည်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁**

မြန်မာ့ရိုးရာနှစ်သစ်မဟာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးကကြီးမှူး၍ ကလေးငယ်များအား မေ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် မြန်မာ့ရုပ်သေးရုပ်ကပွဲဖြင့် ဧည့်ခံဖျော်ဖြေပြီး မွန်းလွဲ ၁ နာရီတွင် "မြန်မာ့ရုပ်သေးရုပ်ပြပွဲအကြောင်း ကျွန်တော်၊ ကျွန်မတို့အမြင်" ခေါင်းစဉ်ဖြင့် လျှပ်တစ်ပြက်နှုတ်မှုစွမ်းရည်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် အသက် (၁၀) နှစ်မှ (၁၂) နှစ်အထိ ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေကို ၁၀ ဦး ကန့်သတ်ထားသည်။ လျှောက်လွှာပုံစံကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ်(၅၂၉-၅၃၁) စာပေဗိမာန် ကလေးစာကြည့်တိုက်၌ အခမဲ့ထုတ်ယူပြီး မေ ၃ ရက် (တနင်္လာနေ့) ညနေ ၃ နာရီခွဲ နောက်ဆုံးထားပေးပို့ရမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၈၁၄၄၇နှင့် ၀၉-၃၁၃၄၅၉၁၆ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်းဆိုင်ရာသင်တန်းများ အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁**

စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် အထိရောက်ဆုံးအသုံးပြုခြင်းဆိုင်ရာသင်တန်းများနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်းဆိုင်ရာသင်တန်းများ အခမဲ့ ဆက်တိုက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးမှုအဖွဲ့မှ သိရသည်။

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ အဆိုပါ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာတွင် Steam Energy System Optimization (SSO) User Level နှစ်ရက်သင်တန်း အမှတ်စဉ် (၇)ကို ရန်ကုန်မြို့ အမှတ် ၁၉၂ ကမ္ဘာအေးဘုရားလမ်း ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းရှိ သင်တန်းခန်းမ၌မေ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

ယင်းအပြင် Energy Management System (EnMS) User Level အမှတ်စဉ် (၉) ကို မေ ၁၅ ရက်မှ ၁၆ ရက်နှင့် အမှတ်စဉ် (၁၀) ကို မေ ၁၆ ရက်မှ ၁၉ ရက်တို့တွင် သင်ကြားပို့ချသွားမည်ဟု သိရသည်။ လျှောက်လွှာကို www.ieemyanmar.com/၊ page_id=4452 တွင် ဒေါင်းလုပ်ရယူဖြည့်စွက်၍ email: A.ZIN@unido.org, T.OO@unido.org သို့လည်းကောင်း မေ ၉ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ဖုန်း ၀၉ - ၉၆၀၀၀၃၉၉၈၊ ၀၉-၅၁၉၀၉၇၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **၀၀၁**



## အမ်း မဲဆန္ဒနယ်၌ ကြားဖြတ်ရွေးကောက်ပွဲအား ပြည်သူများတည်ငြိမ်အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိ

**အမ်း မေ ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် မဲဆန္ဒနယ်၌ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား ယနေ့ နံနက် ၆ နာရီက စတင်ကျင်းပလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် တည်ငြိမ်အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိကြသည်။

အမ်းမဲဆန္ဒနယ်၌ မြို့ပေါ် လေးရပ်ကွက်နှင့် တပ်တောင်မြို့ ကျေးရွာအုပ်စု ၂၉ အုပ်စုတွင် မဲရုံ ၁၃၇ ရုံဖွင့်လှစ်ပေးလျက်ရှိပြီး မဲဆန္ဒရှင်ပေါင်း ၇၅၈၂၈ ဦးရှိရာ နံနက် ၁၀ နာရီအထိ ဆန္ဒမဲပေးသူ ၁၇၀၀၀ ရှိပြီး ၂၃ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ ကိုယ်ထူကိုယ်ထသံကူကွန်ကရစ်တံတားဖွင့်

**ဒိုက်ဦး မေ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေးရွာအုပ်စု ဆင်ဇလုပ်-အုန်းမြင့်စု ကိုယ်ထူကိုယ်ထ သံကူကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၃၀ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်မြတ်ညီ၊ တံတားမတည်အလှူရှင် ဦးစံငြိမ်း+ဒေါ်သိန်းသိန်းဝင်း (S.S.Cရွှေဂုံတိုင်)ကိုယ်စား ဆရာဦးအေးကျော်နှင့် ဦးထွန်းသိန်းတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားအား မတည်အလှူရှင်က အလှူငွေကျပ် ၁၁၅၀၀၀၀၀၊ ကျေးရွာနှင့် အရပ်လေးမျက်နှာမှ ထည့်ဝင်ငွေကျပ် ၁၅၅၇၇၀၀၀ ဖြင့် တည်ဆောက်ထားပြီး အရှည် ၄၅ ပေ၊ အကျယ် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကာ အနီးပတ်ဝန်းကျင်ရှိကျေးရွာများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကျွန်တော်တို့အစိုးရက တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်မှုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကိုရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်းစတဲ့ နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက် ပန်ကြားလိုပါတယ်။

**(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ)**

ကျွန်မတို့နိုင်ငံရဲ့ကိစ္စတွေအတွက်ကို ပြည်သူနဲ့အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့အတူတူ ကျွန်မတို့ ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူရဲ့အားကို ကျွန်မတို့ယူသလို ကျွန်မတို့ရဲ့စွမ်းအားတွေ အားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့သုံးပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲဒီလိုချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများ အားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း၌ ရောင်းသူဝယ်သူလေ့လာသူများဖြင့် ပုံမှန်စည်ကား

**ရန်ကုန် မေ ၁**

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့)မှစတင်ကာ အပတ်စဉ် စနေ-တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ ဖွင့်လှစ်သည့် ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ယနေ့ ၂၅ ရက်မြောက်နေ့အဖြစ် ဆက်လက်ဖွင့်လှစ်ရာ ရောင်းသူ၊ဝယ်သူ၊ ထုတ်လုပ်ဖြန့်ချိသူ၊ လေ့လာသူများဖြင့် တစ်နေကုန်စည်ကားခဲ့သည်။

ယနေ့တွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် စာအုပ်ဈေးတန်းရှိ စာအုပ်ဆိုင်ရှင်များစုပေါင်းကာ စာအုပ်ဈေးတန်းလာသူများအား နေ့လယ်စာ အာဟာရဒါနအဖြစ် ခေါက်ဆွဲကြော်ထုပ်များကို တစ်ဦးချင်းစီသို့ ဝေငှလှူဒါန်းကြသည်။

ထို့အတူ စာအုပ်ဈေးတန်းလာသူများထဲမှ အမှတ်တရပုံတူရုပ်ပြောင် (CARICATURE) ရေးဆွဲခံလိုသူများအား ကာတွန်းဆရာ ကိုထိန်သာ၊ ကိုကျော်မိုးအောင်တို့က တစ်ပုံလျှင် ငွေကျပ်၅၀၀၀ နှုန်းဖြင့် အမှတ်တရရုပ်ပြောင် ရေးဆွဲပေးကြသည်ကို တွေ့ရသည်။

အဆိုပါစာအုပ်ဈေးတန်းကို မေ ၂ ရက် (တနင်္ဂနွေနေ့)တွင် နောက်ဆုံးနေ့အဖြစ် ပိတ်ပွဲအခမ်းအနားကျင်းပပြီး မွန်းလွဲပိုင်းတွင် စာအုပ်ဈေးတန်း ဝန်ကြီးများရုံးဘက်ခြမ်း၌ စာရေးဆရာမ သန်းမြင့်အောင်နှင့် စာရေးဆရာ သရဝဏ် (ပြည်) တို့က ရေးသူဖတ်သူ တွေ့ဆုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ပြီး ပရိသတ်များအား“ပန်းရဲ့လမ်း တေးဂီတအဖွဲ့”မှ အနုပညာရှင်များက တေးဂီတများဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**(ကိုချစ်)**

# ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) စတုတ္ထနေ့ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၆၃၅၉၂ ပါးအနက် ၅၀၄၂၂ ပါးဖြေဆိုကြသဖြင့် ၇၉ ဒသမ ၂၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

ပင်လုံစိတ်ဓာတ်
လွှမ်းခြုံပတ်
မြင့်မြတ်မြန်မာ
တည်စေရာ

# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာ ရှင်းလင်းပွဲများ ပြုလုပ်မည်

**နေပြည်တော် မေ ၁**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာ သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ ရုံးအမှတ်(၇) နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ ပထမအစီအစဉ်အဖြစ် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ဖြင့်လည်းကောင်း၊ မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ဖြင့်လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ e-mail:ir.pso.moi 2015@gmail.com လိပ်မူ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာ(e-mail လိပ်စာ)တို့အား ပေးပို့ရန်နှင့် ဆက်လက်ရှင်းလင်းမည့် ဝန်ကြီးဌာနများနှင့် ရှင်းလင်းပွဲပြုလုပ်မည့် နေ့ရက်များအား ကြိုတင်ဖော်ပြသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်တွင်းပြည်ပမီဒီယာများ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့အတွင်း မြေပြင်ကွင်းဆင်း၍ လွတ်လပ်စွာသတင်းရယူခဲ့

**စစ်တွေ မေ ၁**

ပြည်တွင်းပြည်ပသတင်းမီဒီယာအဖွဲ့များသည် ယနေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသတင်းရယူပြီး စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်သတင်းရယူကြသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် စည်ပင်သာယာရေးဝန်ကြီးဦးမင်းအောင်တို့သည် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ သတင်းမီဒီယာအဖွဲ့များနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံကိုရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးများက မောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး၊ မဟာဓာတ်အားလိုင်းမရောက်နိုင်သေးသည့် မောင်တော၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် စက်သုံးဆီ တိုးမြှင့်သုံးစွဲ၍ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေနှင့် မလိုအပ်သည့် ကယ်ဆယ်ရေးစခန်းအချို့အား ရုပ်သိမ်းသွားမည့် အခြေအနေတို့ကို ပြန်လည်ဖြေကြားသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ်ရှိ ဘောဒူဖ(၁၊ ၂)၊ သက်ကယ်ပြင်နှင့် ဒါးပိုင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ကွင်းဆင်းသတင်းရယူကြသည်။

အဆိုပါကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများအတွက် နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ရာ အများစုက စနစ်တကျနေရာချထားပေးပြီး ၂၀၁၂ ခုနှစ် အစောပိုင်းကာလ အခြေအနေများကဲ့သို့ ပြန်လည်နေထိုင်ခွင့်ရရှိရန် ဆန္ဒရှိနေကြောင်း သိရသည်။

ယင်းနောက် ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့များသည် ညနေပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့တွင် ဘီဘီစီ၊ ဗွီအိုအေ၊ အီးပီအေ၊ တီဗွီအဆာဟိ၊ နိပ္ပွန်တီဗွီ၊ ဖူဂျီတီဗွီ၊ ဆင်ထရယ်နယူးဗျူရို၊ ဖရန့်တီးယား မြန်မာ၊ ဧရာဝတီ၊ မြဝတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာအင်တာနေရှင်တီဗွီ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့မှ သတင်းမီဒီယာ ၁၈ ဦးဖြင့် စုဖွဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်ဦးဆောင်၍ မတ် ၂၈ မှ မေ ၁ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင် မြို့နယ်များအတွင်း မြေပြင်ကွင်းဆင်း၍ လွတ်လပ်စွာ သတင်းရယူခဲ့ကြခြင်း ဖြစ်သည်။

**(သတင်းစဉ်)**



ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံစဉ်။



သတင်းမီဒီယာများ စစ်တွေမြို့နယ်ရှိ ဘောဒူဖ (၁၊ ၂)၊ သက်ကယ်ပြင်နှင့် ဒါးပိုင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ကွင်းဆင်းသတင်းရယူစဉ်။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးရန် အီဂျစ်သမ္မတ အယ်လ်စီစီ ကိုင်ရိုမြို့မှ ထွက်ခွာ

**ကိုင်ရို ဧပြီ ၁**
အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်လ်စီစီသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီ ၁ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ထွက်ခွာသွားကြောင်း ယနေ့ရိုက်တာ သတင်းတွင် ဖော်ပြသည်။ အီဂျစ်သမ္မတ အယ်လ်စီစီသည် ၎င်း၏ပြိုင်ဘက်များအား ဖြိုခွင်းခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးတင်းမာခဲ့ပြီးနောက် အီဂျစ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား ဆက်ဆံမှုအသစ်များ ပြန်လည်စတင်ရန် ကြိုးပမ်းသည့်အနေဖြင့် အမေရိကန်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အီဂျစ်သမ္မတ အယ်လ်စီစီသည် ဝါရှင်တန်မြို့တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ ထိပ်တန်းတာဝန်ရှိသူများအပြင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများနှင့်ပါ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကာ အီဂျစ်နိုင်ငံ၏ စီးပွားရေးအင်အားချည့်နဲ့နေမှုအပေါ် အဆိုပါအဖွဲ့အစည်းများက ကူညီထောက်ပံ့မှုများပြုလုပ်ရေးအတွက် ဦးစားပေးဆွေးနွေးသွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အီဂျစ်သမ္မတ အယ်လ်စီစီသည် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်ပြည်ထောင်စု၏ သက်တမ်းရှည်သည့် အရင်းနှီးဆုံးမဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုထံမှ နှစ်စဉ်စစ်ရေးအထောက်အပံ့ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရရှိနေသည်။ အီဂျစ်နိုင်ငံသည် ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်နေရပြီး ယင်းတိုက်ခိုက်မှုများအတွင်း အီဂျစ်စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ရာပေါင်းများစွာသေဆုံးခဲ့ရသည်။

အီဂျစ်နိုင်ငံတွင် သက်တမ်းအရင့်ဆုံးဖြစ်သည့် အစ္စလာမ္မစ်အဖွဲ့အစည်း မွတ်စလင်ညီနောင်များအသင်းအား အီဂျစ်သမ္မတ အယ်လ်စီစီက ဖြိုခွင်းနှိမ်နင်းမှုအပေါ် အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘားမားက ဝေဖန်ပြောကြားခဲ့မှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများဖြစ်ပေါ်သည်။

**ရိုက်တာ။**





# ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက်စမ်းသပ်မှုများကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဆို

**လန်ဒန် ဧပြီ ၁**
အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မ်မတ်တစ်က မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်စမ်းသပ်မှုအစီအစဉ်များကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း မတ် ၃၁ ရက်က လန်ဒန်မြို့တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြုံယမ်း၏ နျူကလီးယားနည်းပညာဖွံ့ဖြိုးမှုနှင့် ပတ်သက်ပြီး ဝန်ကြီး မတ်တစ်က ပြင်းထန်သောသတိပေးစကားပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် ပြုံယမ်း၏ နျူစွမ်းအင် တိုးတက်မြင့်မားလာမှုအပေါ် သံတမန်နည်းအရ ဖြေရှင်းရန် မဟာမိတ်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသာမက ကုလသမဂ္ဂအဖွဲ့နှင့်ပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီး မတ်တစ်က ဆိုသည်။

သို့သော် ယခုအချိန်တွင် ပြုံယမ်းအနေဖြင့် နျူလက်နက်စမ်းသပ်မှုကို ရပ်တန့်မှုမရှိဘဲ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ မတ်လတွင် နျူဒုံးကျည်များကိုလွှတ်တင်ရန် အဆက်မပြတ်စမ်းသပ်မှုများပြုလုပ်ခဲ့သည်။

မကြာသေးမီက ဂြိုဟ်တုဓာတ်ပုံများအရ မြောက်ကိုရီးယားနိုင်ငံအရှေ့မြောက်ဘက်ရှိ ဒုံးပစ်စင်အနီးတွင် နျူဒုံးကျည်ပစ်လွှတ်ရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်နေသည့် လှုပ်ရှားမှုများတွေ့ရှိရကြောင်း ဝန်ကြီးမတ်တစ်က ဆိုသည်။

ဂြိုဟ်တုဓာတ်ပုံတွင်ပြသသော လှုပ်ရှားမှုများသည် ရက်အနည်းငယ်အကြာက ရပ်တန့်သွားခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် နောက်ထပ်ဒုံးကျည်ပစ်လွှတ်ရန် အဆင်သင့်ဖြစ်ပြီဟု ထင်မြင်ယူဆရကြောင်း အမေရိကန်သုတေသီအဖွဲ့က ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုအချိန်တွင် နျူကလီးယားဒုံးလက်နက်များကို အချိန်မရွေးပစ်လွှတ်နိုင်သည်ဟု ယုံကြည်ထားကြောင်းနှင့် အမေရိကန်တပ်ဖွဲ့များအား တပ်လှန့်ထားသည်ဟု အမေရိကန်အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံ ဟယ်ပေခရိုင်တွင် အထူးစီးပွားရေးဇုန်တစ်ခု ထူထောင်မည်

**ပေကျင်း ဧပြီ ၁**
တရုတ်နိုင်ငံ၏ ပေကျင်းနှင့် ထျန်ကျင်းမြို့တော်များနှင့် စီးပွားရေးပေါင်းစည်း လုပ်ဆောင်နိုင်စေရန် လူဦးရေထူထပ်သည့် ဟယ်ပေခရိုင်တွင် စီးပွားရေးဇုန်အသစ်တစ်ခု ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း တရုတ်အစိုးရအဖွဲ့က ဧပြီ ၁ ရက်တွင် သတင်းတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။


မကြာသေးမီအချိန်တွင် ဖွင့်လှစ်တော့မည့် ဟယ်ပေခရိုင်ရှိ ရှင်းဂန်စက်မှုဇုန်အသစ်သည် တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်အကောင်အထည်ဖော်ဆောင်မှုတွင် အရေးပါသော စီးပွားရေးဇုန်ဖြစ်သည့် စန်ကျင့်အထူးစီးပွားရေးဇုန်ကဲ့သို့ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနဆင်ဟွာက အစိုးရအဖွဲ့၏သတင်းထုတ်ပြန်ချက်ကိုကိုးကားပြီး ထုတ်ပြန်ခဲ့သည်။

အဆိုပါ စီးပွားရေးဇုန်သည် ပေကျင်းမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်တွင်တည်ရှိပြီး ဟယ်ပေခရိုင် မြို့တော်ရှီကျာ့ကျွမ်းနှင့် နီးကပ်လျက်ရှိသည်။ ယင်းစီးပွားရေးဇုန်၏ အကျယ်အဝန်းမှာ ဟက်တာ ၁၀၀၀၀ ခန့် ရှိပြီး မကြာမီအချိန်တွင် ဟက်တာ ၂၀၀၀၀၀ အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အစိုးရအဖွဲ့က ဟယ်ပေ၊ ပေကျင်းနှင့် ထျန်ကျင်းမြို့များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တစုတစည်းတည်း ပေါင်းစည်းလုပ်ဆောင်နိုင်ရေးအတွက် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

လူဦးရေထူထပ်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချသည့်အနေဖြင့် လူဦးရေ ၂၂ သန်း နေထိုင်သော ပေကျင်းမြို့ရှိ စက်ရုံ၊ အလုပ်ရုံများကို ဟယ်ပေခရိုင်သို့ လာမည့်နှစ်အနည်းငယ်အတွင်း ပြောင်းရွှေ့သွားရန် တရုတ်အစိုးရကစီစဉ်လျက်ရှိကြောင်း သိရသည်။

**ရိုက်တာ။**



# ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်သည့် တရားခံပြေး ၂၅၀၀ ကျော်အား တရုတ်အစိုးရ ဖမ်းဆီး

**ပေကျင်း ဧပြီ ၁**
၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်းတွင် ပြည်ပနိုင်ငံ ၉၀ ကျော်နှင့် အခြားနယ်မြေဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် တရားခံပြေး ၂၅၆၆ ဦးအား တရုတ်အစိုးရက ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်ငွေကြေး ယွမ် ၈ ဒသမ ၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ) ခန့် သိမ်းဆည်းရမိခဲ့ကြောင်း တရုတ်အစိုးရဆင်ဟွာသတင်းဌာနက ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းတရားခံပြေးများအနက်မှ ၁၂၈၃ ဦးအား တရုတ်နိုင်ငံတွင်းသို့ ၎င်းတို့၏သဘောဖြင့် သို့မဟုတ် ဖြားယောင်း ခေါ်ဆောင်မှုဖြင့် ပြန်လာစေခြင်းဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဗဟိုညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့လက်အောက်ရှိ တရားခံပြေးများ အပြစ်ဒဏ်ချမှတ်ရေးကြီးကြပ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်ကို ကောက်နုတ်၍ ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဖမ်းဆီးရမိသည့်တရားခံပြေးတွင် တရုတ်ကွန်မြူနစ်ပါတီဝင် သို့မဟုတ် တရုတ်အစိုးရဝန်ထမ်းဟောင်း ၄၁၀ ဦးတို့ ပါဝင်ကြသည်။

လတ်တလောတွင် တရုတ်နိုင်ငံအစိုးရက အလိုရှိဆုံး တရားခံပြေး ၁၀၀ အဖြစ် ကြေညာထားခြင်းခံရသူများဟု သံသယရှိသူ ၃၉ ဦးမှာ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နေသည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံအလိုရှိဆုံး တရားခံပြေးဦးရေ ၁၀၀ ကို ထုတ်ပြန်ခဲ့ပြီး ၎င်းတို့အား နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပို)က အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ကာ ဖမ်းဆီးမိန့်များထုတ်ပြန်ထားသည်။

**ဆင်ဟွာ။**

■

# ဂျာနယ်ကျော်မမလေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁**

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုအခမ်းအနားတွင် စာရေးဆရာကြီး ဆရာမကြီးများက စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ စာပေအကြောင်းများကို ပြည့်ပြည့်စုံစုံ ဆွေးနွေးကြမည်ဟု သိရှိရပါကြောင်း၊ ဤသည်မှာ ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်ဖြစ်ပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရန် လက်ရှိ ရှိနေသည့်စာပေများကို ဝေဖန်ဆွေးနွေး သုံးသပ်သည်များရှိသကဲ့သို့ ယခင်အဆက်ဆက်ကရှိခဲ့သည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ စာရေးဆရာကြီး ဆရာမကြီးများ စာပေများကို သုံးသပ်ဆွေးနွေးခြင်းသည်လည်း စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အစဉ်အလာတစ်ခု ဖြစ်ပါကြောင်း။

ဂျာနယ်ကျော်မမလေး၏ ဝတ္ထု၊ အတ္ထုပ္ပတ္တိ၊ စာပေလုပ်ရှားမှု အကြောင်းများကို ငယ်စဉ်ကပင် ဖတ်ရှုခဲ့ပါကြောင်း၊ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးသည် ဝတ္ထုအရေးအသားအလွန်ကောင်းပြီး မြန်မာနိုင်ငံ၌ ထိုအချိန်က စာပေလွှမ်းမိုးမှုအရှိဆုံး စာရေးဆရာမကြီး တစ်ဦးဖြစ်ပါကြောင်း၊ စာရေးဆရာအသင်း၌လည်း စာပေရေးရာဆိုင်ရာများတွင် တက်တက်ကြွကြွလှုပ်ရှားခဲ့ပါကြောင်း၊ ယနေ့ခေတ်တွင် စာပေရေးရာ လွတ်လပ်ခွင့်များ၏ အသီးအပွင့်များကို တွေ့ကြုံရသည့် အချိန်ကာလကို ရောက်ရှိပြီဖြစ်ပါကြောင်း၊ စာပေအနုပညာဖန်တီးသူများအဖို့ လွတ်လပ်စွာဖန်တီးနိုင်သည့် အချိန်ကာလဖြစ်သည့်အားလျော်စွာ မိမိလိုချင်သည့်ပုံစံမျိုးကို ဖန်တီးဆောင်ရွက်ကြရန် အကြံပြုလိုပါကြောင်း၊ မြန်မာစာပေနယ်ပယ် ယခုကဲ့သို့ ပွားများစည်ပင်အောင် စာပေလှုပ်ရှားမှုများကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာထက်မြက်၊ ဆရာမကြူကြူသင်းနှင့် ဆရာမောင်မိုးသူတို့က စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးနှင့်စပ်လျဉ်း၍ အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး မိသားစုကိုယ်စား ဦးသိမ်းစိုး(သိမ်းစိုး-သီဟရတနာစာပေတိုက်)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော စာရေးဆရာ ဆရာမများ၏ ဓာတ်ပုံများ၊ ဂျာနယ်ကျော် စာစောင်များ၊ မြန်မာ့ဆေးပညာမှတ်တမ်း၊ ဂျာနယ်ကျော်မမလေး၏ မှတ်တမ်းဓာတ်ပုံများနှင့် ရေးသားခဲ့သော စာအုပ်များကို လှည့်လည်ကြည့်ရှုသည်။

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးကို ၁၉၁၇ ခုနှစ် ဧပြီ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကမကလူရွာတွင် မွေးဖွားခဲ့ပြီး ၁၉၈၂ ခုနှစ် ဧပြီ ၆ ရက်၊ အသက်(၆၅)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ဂျာနယ်ကျော်မမလေးသည် ဝတ္ထုတိုပေါင်း ၁၀၀ ခန့်၊ ဝတ္ထုရှည် ၁၃ ပုဒ်၊ ခရီးသွားမှတ်တမ်း နှစ်ပုဒ်၊ အထွေထွေဆောင်းပါး ၁၀၀ ကျော် ရေးသားခဲ့ပြီး ၎င်းတို့အနက် "မြက်ကလေးတစ်ပင်"ဝတ္ထုကို ဂျာမန်ဘာသာ၊ "တွေးတစိမ့်စိမ့်"ဝတ္ထုကို ရုရှားဘာသာ၊ "သွေး"ဝတ္ထုကို ဂျပန်နှင့် ထိုင်းဘာသာ၊ "မုဆိုးမ"ဝတ္ထုကို အင်္ဂလိပ်ဘာသာ၊ "မုန်း၍မဟူ"ဝတ္ထုကို ရုရှား၊ ဥဇဘက်၊ ပြင်သစ်နှင့် တရုတ်ဘာသာ၊ "သူလိုလူ"ဝတ္ထုကို အင်္ဂလိပ်ဘာသာတို့ဖြင့် ဘာသာပြန်ဆိုခြင်းခံရသည်။

ဂျာနယ်ကျော်မမလေးသည် ၁၉၅၅ ခုနှစ်တွင် "မုန်း၍ မဟူ"ဝတ္ထုရှည် စာပေဗိမာန်ဆု၊ ၁၉၆၃ ခုနှစ်တွင် "တွေးတစိမ့်စိမ့်"ဝတ္ထု စာပေဗိမာန် အနုပညာ စာပေဆု၊ ၁၉၆၃ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ် တတိယဆုနှင့် ၁၉၇၉ ခုနှစ်တွင် "သွေး"ဝတ္ထုဖြင့် ဘာသာပြန်စာပေ ပထမဆုတို့ကို ရရှိခဲ့သည်။

အဆိုပါအခမ်းအနားကို ယနေ့မှ ဧပြီ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မောင်ခင်မင်(ဓနုဖြူ)၊ မောင်မိုးသူ၊ ထက်မြက်၊ ကြူကြူသင်း၊ ကြည်မင်း၊ ကြည်ရွှန်း၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ အောင်ဇင်မင်း၊ နှင်းဝေငြိမ်း၊ မီမိုး၊ မာန်(တောင်လုံးပြန်)၊ လေးကိုတင်၊ ဇာဂနာ၊ ကြည်စိုးထွန်း၊ ဗိုလ်ကလေးတင့်အောင်၊ စံရွှေမောင်နှင့် မျိုးသန္တာထွန်းတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ခေတ်အဆက်ဆက် မြန်မာစာရေးဆရာ ဆရာမများ၏ ပုံတူပန်းချီ ဓာတ်ပုံ ၃၀၀ ကျော် ပြသခြင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်တို့မှ ပညာရှင်များက ဟောပြောဆွေးနွေးခြင်းနှင့် ဂျာနယ်ကျော်စာစောင်များ၊ ဂျာနယ်ကျော်မမလေး၏ ဝတ္ထုမှတ်တမ်းရုပ်ရှင်များ ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်း-ရီမြတ်သန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်ရွေးကောက်ပွဲနှင့် သူတို့အမြင်

**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို မြန်မာတစ်နိုင်ငံလုံးရှိ လစ်လပ်မဲဆန္ဒနယ်(၁၉)နေရာအတွက် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးနေရာအတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ကော့မှူး၊ လှိုင်သာယာမြို့နယ်တို့တွင် လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် ဆိပ်ကမ်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် လှိုင်မြို့နယ်တို့တွင်လည်းကောင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ်များသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဥက္ကဋ္ဌနှင့် နိုင်ငံခြား သံအမတ်များက လှည့်လည်ကြည့်ရှုခဲ့ကြရာ ကြားဖြတ်ရွေးကောက်ပွဲအပေါ် သဘောထားအမြင်များကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**




မစ္စတာမာစီရယ်လ်



H.E. Mr. JUKR BOON-LONG



ဦးရဲမြင့်



ဦးသန်းဝင်း



ဦးစာကြီး

**မစ္စတာမာစီရယ်လ်**
**(မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး)**

မြန်မာနိုင်ငံက ပြည်သူတွေအနေနဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ မဲပေးခြင်းကို အခုလို ကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးကြတာမြင်ရလို့ ဝမ်းသာပါတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ တစ်ခု၊ နှစ်ခုလောက်ပဲ ကြည့်ဖို့ရှိပါတယ်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကတော့ အခြားမဲရုံတွေကို သွားလေ့လာနေတာတွေရှိပါတယ်။ အခုကတော့ မနက်ပိုင်းပဲရှိသေးတော့ မှတ်ချက်ပေးဖို့တော့ စောပါသေးတယ်။ ဒီရွေးကောက်ပွဲက တရားမျှတမှုရှိ၊ မရှိဆိုတာကိုတော့ မြန်မာပြည်သူတွေ၊ မဲပေးသူတွေက သူတို့မဲပေးရတာ လွတ်လပ်မှုရှိ၊ မရှိကို သူတို့ကိုယ်တိုင်ပဲ ဆုံးဖြတ်ရပါလိမ့်မယ်။ ကျွန်တော်တို့ အခုလိုလာပြီး လေ့လာတယ်ဆိုတာက မြန်မာနိုင်ငံမှာ အခုလို ရွေးကောက်ပွဲတွေဖြစ်ပေါ်လာဖို့ ဘက်ပေါင်းစုံက လုပ်နေတဲ့သူတွေအတွက် ကျွန်တော်တို့က အပြည့်အဝ ထောက်ခံအားပေးမှုရှိတယ်ဆိုတာကို ဖော်ပြချင်တဲ့ရည်ရွယ်ချက်နဲ့ လာလေ့လာတာ ဖြစ်ပါတယ်။ အခု ကျွန်တော်လေ့လာမိသလောက်တော့ လုပ်ပေးထားတာတွေ ကြည့်ရတာ အထင်ကြီးလေးစားမိပါတယ်။ မြန်မာနိုင်ငံမှာ မဲပေးတဲ့သူတွေထဲမှာ မသန်စွမ်းတွေကအစ မဲပေးနိုင်အောင် သေချာစီစဉ်ထားတာ၊ အလုပ်တွေအများကြီး လုပ်ထားတာကို တွေ့ရတဲ့အတွက် ကျေနပ်ဝမ်းမြောက်မိပါတယ်။

**H. E. Mr. JUKR BOON-LONG**
**(မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး)**

ဒီမိုကရေစီအစိုးရတွေမှာ အမြင်အာရုံချို့တဲ့သူတွေကိုလည်း မဲပေးနိုင်အောင် စီစဉ်ထားတာတွေ့ရတဲ့အတွက် ဒီမဲရုံကို လာကြည့်ရတာ ကျွန်တော် ကျေနပ်အားရ ဖြစ်မိပါတယ်။ ဂုဏ်လည်းယူပါတယ်။ အလုံမြို့နယ်မှာ မဲပေးနေတာတွေကိုလည်း ကြည့်ခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာလည်း အခြားမြို့နယ်တွေကို သွားလေ့လာဖို့ အစီအစဉ်တွေ ရှိပါတယ်။ ပထမဆုံး လေ့လာခဲ့တဲ့မဲရုံကတော့ စောသေးလို့ ထင်တယ်။ လာတာနည်းနေသေးတာ တွေ့ရပါတယ်။ အခုဒီမှာတော့ ပိုများလာတာ တွေ့ရပါတယ်။ နောက်ထပ် အများကြီး လာလိမ့်မယ်လို့လည်း ထင်ပါတယ်။

**ဦးရဲမြင့်**
**ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး**

အရင်ရွေးကောက်ပွဲကျင်းပခဲ့တဲ့ အားနည်းချက်တွေကို ဖြေလျှော့တာတွေ အကုန်လုပ်ထားပါတယ်။ ကော်မရှင်ပိုင်းကတော့ အပြည့်အစုံလုပ်ထားတယ်။ တာဝန်ကျေပါတယ်။ ပြည်သူက မဲပေးဖို့တော့လိုတယ်။ အခု ရန်ကုန်တိုင်းဒေသကြီးက ကိုယ်စားလှယ် လစ်လပ်သွားတာဟာ အရင်ပြည်သူက ရွေးတဲ့ ကိုယ်စားလှယ်တွေပဲ၊ ဒါပေမယ့် ပြည်ထောင်စုလွှတ်တော်က အဆင့်မြင့်တဲ့ တာဝန်ပေးလိုက်တယ်။ ၂၄ နာရီ နိုင်ငံတော်အဆင့် လုပ်နေရပြီဆိုတော့ ပြန်မကြည့်နိုင်တော့ဘူး။ အဲဒီအတွက်ကို ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ပြန်ချိတ်ပေးတာပေါ့။ ကိုယ်က ပြန်ရွေးခံပေးရမယ်။

**ဦးသန်းဝင်း**
**ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ကမာရွတ်မြို့နယ်**

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲက လွှတ်တော်သုံးရပ်အတွက်ဖြစ်ပါတယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲက အမျိုးသားလွှတ်တော်တစ်ခုတည်းအတွက်ပဲ၊ အခြေခံကတည်းက ကွာခြားတယ်၊ မဲပုံး၊ မဲရုံ၊ မဲလက်မှတ် အရေအတွက်တွေကအစ ကွာခြားသွားတဲ့အတွက် ပြည်သူတွေရဲ့ စိတ်ဝင်စားမှုတွေက လျော့နည်းနိုင်တယ်။ စိတ်ဝင်စားမှုနည်းတယ်ဆိုတာကလည်း လစ်လပ်တဲ့ မဲဆန္ဒနယ်တွေမှာသာ မဲပေးပိုင်ခွင့်ရှိတာကြောင့် ဖြစ်တယ်။ အခုက ဒီဘက်ရပ်ကွက်မှာက မဲရုံရှိတယ်။ ဟိုဘက်မှာက မရှိဘူးဆိုတော့ သီးခြားဖြစ်နေတာကြောင့် ဘေးပတ်ဝန်းကျင် လှုံ့ဆော်မှုမရှိတဲ့အတွက်ကြောင့် စိတ်ဝင်စားမှုနည်းမှာပဲ။ နည်းတယ်ဆိုပေမယ့်လည်း ထိုက်သင့်သလောက် စိတ်ဝင်စားမှုတော့ရှိတယ်။ မဲရုံတစ်ရုံတည်း (သို့မဟုတ်) တစ်နေရာတည်း ကြည့်ပြီးတော့ နည်းတယ်ဆုံးဖြတ်လို့တော့ မရဘူး။ နောက်ဆုံး မဲရုံပိတ်ချိန်မှသာ ပြောလို့ရမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ ကိုယ်ရဲ့ မဲတစ်ပြားကို တန်ဖိုးထားရမယ်ဆိုတဲ့ အသိတွေလည်း နည်းနေသေးတာလည်းပါမယ် ထင်ပါတယ်။

**ဦးစာကြီး**
**အဖွဲ့ဝင်၊ မဲရုံအမှတ်(၅) လှိုင်မြို့နယ်**

၂၀၁၅ ရွေးကောက်ပွဲတုန်းကတော့ နံနက် ၆ နာရီ မဲရုံမဖွင့်ခင်ကတည်းက လာရောက်တန်းစီစောင့်ဆိုင်းနေကြတယ်။ အခုကတော့ စဖွင့်ကတည်းက တစ်ယောက်ချင်းစီပဲလာကြတယ်။ အများကြီး မလာတော့ဘူး။ အရင် ၂၀၁၅ မှာ ဒီလိုအချိန် လူတစ်ထောင်လောက် လာပြီးမဲပေးပေမယ့် အခုတော့ လူတစ်ရာလောက်ပဲ မဲပေးသေးတယ်။ တစ်နေကုန် မဲပေးလို့ရတယ်ဆိုတော့ အချို့ကလည်း အေးအေးဆေးဆေး လာကြတယ်ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း- နန္ဒာဝင်း၊ ဝင်းဝင်းမော်**
**ဓာတ်ပုံ- လှမိုး**

# မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ်အစည်းအဝေး ကော့သောင်းမြို့တွင် ပြုလုပ်

နေပြည်တော် မေ ၁
မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန တို့၏ နှစ်နိုင်ငံဝန်ကြီးများသည် ဇန်နဝါရီလတွင် နေပြည်တော်၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူစာချုပ်၏ နောက်ဆက်တွဲအစီအစဉ်အဖြစ် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr.Progpanu Sveterundre ဦးဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့သည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ Victoria Cliff Hotel ၌ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် Working Group (၁)ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က မြန်မာနိုင်ငံသည် ယခင်ကပင် ASEAN, CLMV, MEGONG စသည့် နိုင်ငံများ၊ အဖွဲ့အစည်းများ၏ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ အပြန်အလှန်ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး အတွက် ဇန်နဝါရီလအတွင်း နှစ်နိုင်ငံဝန်ကြီးများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယခုအခါ Working Group (၂)ခုဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလာရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr.Pongpanu Sveterundra က ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ လာရောက်လည်ပတ်သည့် ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေး၊ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ လွယ်ကူစွာ လုပ်ကိုင်နိုင်ရေး၊ ကော့သောင်းဒေသရှိ အက်ဒမန်ပင်လယ်ကျွန်းစုများ ဖွံ့ဖြိုးတိုးတက်လာစေရေး နှစ်နိုင်ငံကမ္ဘာလှည့်ခရီးသည် စောင့်ရှောက်ရေးရဲတပ်ဖွဲ့ (Tourist Police)များ အပြန်အလှန် ကူညီရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် တာဝန်ရှိသူများက ခရီးသွားဧည့်သည်များနှင့်သက်ဆိုင်သည့် သတင်းများအပြန်အလှန် ဖလှယ်ပေးပို့ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း ခရီးသွားများ တစ်စုံတစ်ရာမတော်တဆမှုများ ဖြစ်ပွားပါက အပြန်အလှန် အကူအညီပေးရေး၊ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ကြသည့် ခရီးသွားဧည့်သည်များ၏ လုံခြုံရေးအတွက် ကူညီစောင့်ရှောက်ရေး တတိယနိုင်ငံသားများ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ဝင်ရောက်လည်ပတ်နိုင်ရေးနှင့် ကော့သောင်းဒေသရှိခရစ္စတင်းကျွန်းသို့လည်း လာရောက်ရာတွင်ကူညီသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ လွယ်ကူစေရေး လုပ်ငန်းနည်းစဉ်များ ရှင်းလင်းပြီး လျှော့ချသွားနိုင်ရေးကိစ္စများဆွေးနွေးသည်။

ဆက်လက်၍ Working Group အဖွဲ့(၂)ခေါင်းဆောင် FMI ကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးသိမ်းဝေ(ခ) Mr.Serge Pun က အဏ္ဏဝါခရီးသွားလုပ်ငန်းများ တိုးတက်လာစေ ရေး၊ လာရောက်ရင်းနှီးမြှုပ်နှံမှုများအား အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးရေးကိစ္စရပ်များကိုလည်းကောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း (MTF)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက နှစ်နိုင်ငံခရီးသွားလုပ်ငန်း အရှိန်မြှင့် တိုးတက်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံအမြဲတမ်းအတွင်းဝန် အသီးသီးတို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ထီပေါက်နိုင်ခြေ သုံးဆခန့် ပိုမိုမြင့်မားလာသော ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်လှစ်ပေးခဲ့ ပထမဦးဆုံးအကြိမ် ကျပ်သိန်းတစ်သောင်း ကံထူးရှင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှထွက်ပေါ်

**ရန်ကုန် မေ ၁**
ယခင်ကကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးခဲ့ရာမှ မေ ၁ ရက်တွင် ပထမအကြိမ် စတင်ဖွင့်လှစ်လိုက်သည့် (၁) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲတွင် ဆုမဲပေါင်းတစ်သိန်းကျော်အထိ ဖွင့်လှစ်ပေးခဲ့ရာ ယခင်ထက် ထီပေါက်နိုင်ခြေ သုံးဆခန့် ပိုမိုမြင့်မားလာကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ထီဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

အမြင့်ဆုံးထီဆု ကျပ်သိန်းတစ်သောင်းနှင့် အထူးဆုကြီးများအပါအဝင် ဝေဝေဆာဆာ ပဒေသာဆုများဖြင့် ဆုမဲပေါင်း တစ်သိန်းကျော်ဖွင့်လှစ်ပေးခဲ့ရာတွင် ပထမဦးဆုံး အကြိမ် ကျပ်သိန်းတစ်သောင်းကံထူးရှင်သည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ ထွက်ပေါ်ခဲ့ပြီး ထီကိုယ်စားလှယ်ဆိုင်အနေဖြင့် သားကောင်းရတနာထီဆိုင်မှ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအကြိမ် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် သားကောင်းရတနာထီဆိုင်မှ ထီစာအုပ် အုပ်ရေ တစ်သောင်းကျော် ဝယ်ယူရောင်းချခဲ့ကာ ကျောက်ဖြူ စစ်တွေစသည့် ရခိုင်ပြည်နယ်ဘက်ကို ဖြန့်ချိရောင်းချလျက်ရှိပြီးကျပ်သိန်းတစ်သောင်းဆုကို ဆွတ်ခူးရရှိခဲ့သူမှာလည်း ဦးစံရွှေခိုင် အလယ်ပိုင်းရပ်ကွက် ကျောက်ဖြူမြို့ ရခိုင်ပြည်နယ်ဇာတိဖြစ်ကာ ကျောက်ဖြူမြို့တွင် ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်ဖွင့်လှစ် ရောင်းချနေသူတစ်ဦးဖြစ်ကြောင်း အထူးဆုကြီးဆွတ်ခူးခဲ့သည့် ထီကိုယ်စားလှယ်ဖြစ်သူ သားကောင်းရတနာထီဆိုင်မှ ဦးစောမြင့်သိန်းကပြောသည်။

ကျပ်သိန်းတစ်သောင်းကံထူးရှင်သည် အောင်ဘာလေထီကို ပုံမှန်ကံစမ်းလေ့ရှိသူ တစ်ဦးဖြစ်သည့်အပြင် မကြာခဏထီပေါက်လေ့ရှိသူဖြစ်ကြောင်း အဆိုပါထီကိုယ်စားလှယ်ထံမှ သိရသည်။ အောင်ဘာလေထီနှင့် ကံစပ်သူတစ်ဦးဖြစ်ပြီး ထီထိုးကံစမ်းရသည်ကို ဝါသနာပါသူဖြစ်ကာ တစ်သိန်းဆု၊ နှစ်သိန်းဆုကဲ့သို့ သိန်းဆုများကို ၎င်း၏ အသက် (၅၈) နှစ်ဝန်းကျင်တွင် အကြိမ် (၄၀) ခန့် ထီဆုများ ပေါက်ခဲ့သူဖြစ်ကြောင်းသိရသည်။



ဦးစံရွှေခိုင်(ကျပ်သိန်းတစ်သောင်းဆုရှင်)



ဦးစောမြင့်သိန်း(ထီကိုယ်စားလှယ်)

(၁) ကြိမ်မြောက် ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအတွက် ထီလက်မှတ်များကိုရောင်းချခဲ့ရာတွင် မေ ၁ ရက်တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် (က) အက္ခရာမှ အစဉ်လိုက် (ဠ) အက္ခရာအထိ ၃၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် အရန်ထီလက်မှတ် (ကက)(ကခ) (ကဂ)(ကဃ) အက္ခရာ လေးလုံး စုစုပေါင်းအက္ခရာ ၃၆ လုံးရောင်းချခဲ့ရပြီး ထီစာအုပ်ပေါင်း ၂၉၅၅၄၈ အုပ်ဖြစ်ပြီး ထီလက်မှတ် စောင်ရေပေါင်း ၃၂၃၉၉၉၂၈ စောင်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ထုတ်ပြန်ခဲ့သည်။

ထီလက်မှတ်စာအုပ်ရောင်းရ ငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၄၇၂၇ ဒသမ ၂၄ ဖြစ်ပြီး ထီဆုငွေအဖြစ် ထိုငွေ၏ ၆၀ ရာခိုင်နှုန်းကို ခွဲဝေပေးမည်ဖြစ်ရာကျပ်သန်းပေါင်း ၈၈၃၆ ဒသမ ၃၄၄ တွင် အထူးဆုကြီးစနစ်အဖြစ် အမြင့်ဆုံးဆုငွေ ကျပ်သိန်းတစ်သောင်းဆု တစ်ဆု၊ ကျပ်သိန်းငါးထောင်စု တစ်ဆု၊ ကျပ်သိန်း တစ်ထောင်ဆု တစ်ဆု၊ ဆုတစ်ဆုချင်း စနစ်တွင် ကျပ်သိန်းတစ်ရာဆု ၃၇ ဆု၊ ကျပ်သိန်းငါးဆယ် ဆု ၃၉ ဆု၊ ကျပ်ဆယ်သိန်းဆု ၄၁ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်းဆု ၂၉၀၀၀၊ ကျပ်ငါးသောင်းဆု ၇၀၀၀၀ တို့ဖြစ်ပြီး ဆုမဲစုစုပေါင်း ၁၀၀၂၂၀ ဆု ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲကမတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ ယခင်ကထက် ထီပေါက်နိုင်ခြေ ပိုမိုမြင့်မားလာပြီး အောင်ဘာလေထီကို သတ်မှတ်ဈေးနှုန်းဖြင့် ပိုမိုကံစမ်းခွင့်ရရှိအောင် သက်ဆိုင်ရာအနေဖြင့် ဆောင်ရွက်သွားမည်ဟု ဒုတိယဝန်ကြီးက ပြောသည်။

"၂၀၀ တန်တုန်းက ဆုမဲအရေအတွက် လေးသောင်းကျော်လောက်ကနေ အခုဆုမဲပေါင်းတစ်သိန်းကျော်အထိ ရှိလာပါတယ်။ ၅၀၀ တန်ထီအနေနဲ့ ၂၀၀ တန်ထီနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပေါက်နိုင်ခြေအနေနဲ့ သုံးဆလောက်ပိုပြီးများလာပါတယ်။ ဆုကြေးအနေနဲ့လည်း ပိုပြီးတော့ မြင့်မားလာပြီး ထီပေါက်နိုင်ခြေလည်းပိုပြီးတော့ မြင့်မားလာပါတယ်။ ယနေ့ခေတ်ကာလရဲ့ ကုန်ဈေးနှုန်း၊ ငွေကြေးအခြေအနေများအရ ထီကံစမ်းထားတဲ့ ပြည်သူများအနေနဲ့ကလည်း ထီပေါက်တဲ့အခါမှာ အလှည့်အပြောင်း ဖြစ်နိုင်အောင်၊ အိမ်ဆောက်ဖို့၊ ကားဝယ်ဖို့၊ လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံဖို့စတဲ့ သိန်းတစ်သောင်း၊ သိန်းငါးထောင်ဆိုတဲ့ ပမာဏတွေဟာအတော်အသင့်လုံလောက်တဲ့ အတိုင်းအတာရရှိတဲ့ အနေအထားဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ချက်နဲ့လည်းဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ထီထိုးနေခြင်းဟာ နိုင်ငံတော်ကို အခွန်ပေးဆောင်နေခြင်းပဲဆိုတာကိုလည်း တင်ပြလိုပါတယ်။ ထီရောင်းရတဲ့ငွေတွေ အားလုံးရဲ့ ၆၀ ရာခိုင်နှုန်းကိုဆုမဲအဖြစ် ခွဲဝေပေးပြီးတော့ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်ကိုအောင်ဘာလေသိန်းဆုအခွန်အဖြစ်နဲ့ အပြည့်အဝ ပေးသွင်းရတာဖြစ်ပါတယ်။ ၄၀ ရာခိုင်နှုန်းရရှိနေသော အခွန်ငွေများဟာ အခြားနိုင်ငံတော်က ရရှိနေတဲ့ အခွန်ငွေများနည်းတူ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ နိုင်ငံတော်ကိုရှာပေးနေတဲ့ ရငွေထဲမှာပါသွားပါတယ်။ အခွန်အကောက်ရငွေအမျိုးအစားအဖြစ်နဲ့ ဝင်သွားပြီးတော့မှ နိုင်ငံတော်ကလည်း နှစ်စဉ်ဘတ်ဂျက်တွေ ရေးဆွဲပြီးတော့မှ ပညာရေးတို့၊ ကျန်းမာရေးတို့ လူမှုရေးကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်တွေကို ခွဲဝေသုံးစွဲနေတာ ဖြစ်တဲ့အတွက်ကြောင့် ထီထိုးခဲ့လို့ပေါက်တဲ့သူလည်းပေါက်၊ မပေါက်တဲ့သူကလည်း နိုင်ငံတော်ကိုတစ်စိတ်တစ်ပိုင်း တစ်တပ်တစ်အားအနေနဲ့အခွန်ပေးဆောင်တယ်ဆိုတဲ့ အနေအထားမျိုးရှိကြောင်း တင်ပြလိုပါတယ်"ဟုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထီဈေးနှုန်းအား နိုင်ငံတော်မှ သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ဆက်လက်ရောင်းချရန်နှင့် ထီကိုယ်စားလှယ်များအား ပေးအပ်ထားသည့် အမြတ်ရာခိုင်နှုန်းကို လက်ရှိအတိုင်း ဆက်လက်ပေးအပ်မည်ဖြစ်ကာ ဈေးနှုန်း ပိုမိုရောင်းချနေမှုများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဟု ၎င်းကပြောသည်။ ယင်းအပြင် ယခု (၁) ကြိမ်မြောက် ကျပ်သိန်းတစ်သောင်း အထူးဆုကြီးကို မေ ၃ ရက်တွင် ထူးခြားအစီအစဉ်အနေဖြင့် ဆုငွေထုတ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ကျပ်သိန်းတစ်သောင်းကို အောင်ဘာလေ သိန်းဆုဌာနခွဲအနေနဲ့ အထူးအစီအစဉ်အနေနဲ့ လာမယ့် တနင်္လာနေ့မှာဆုရလက်မှတ်လာတင်ပြမယ်ဆိုရင် အဲဒီတနင်္လာနေ့မှာပဲ ဆုငွေထုတ်ပေးဖို့ စီစဉ်ထားပါတယ်။ တကယ်လို့ သူကရန်ကုန်မှာပဲဆုငွေကိုလိုချင်တယ်ဆိုရင် သိန်းတစ်သောင်းလုံးကိုသက်ဆိုင်ရာဘဏ်ခွဲမှာထုတ်ပေးပါမယ်။ တကယ်လို့ သူရဲ့ဘဏ်အကောင့်က တခြားပုဂ္ဂလိကဘဏ်မှာရှိတယ်ဆိုရင် အဲဒီဘဏ်မှာထုတ်လို့ရအောင် အဲဒီဘဏ်အကောင့်ကိုထည့်လို့ရအောင် စီစဉ်ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ပုံမှန်အားဖြင့် လစဉ်ထီဖွင့်ပွဲကျင်းပရင် ခုနစ် ရက်ရှစ် ရက်လောက်မှ ဆုငွေထုတ်ပေးတာပါ။ အခုက (၁) ကြိမ်မြောက် ကျပ်သိန်းတစ်သောင်းဆုမှာကံထူးရှင်ကို အထူးအစီအစဉ်အနေနဲ့ ၁ ရက်မှာ ထီဖွင့်တယ်။ စနေနေ့ဖြစ်တယ်။ နောက်နေ့က တနင်္ဂနွေနေ့ဖြစ်နေတယ်။ ၃ ရက်တနင်္လာနေ့မှာ ဆုထုတ်ပေးနိုင်ဖို့ ကြိုတင်စီစဉ်ထားခြင်းဖြစ်ပါတယ်။ တကယ်လို့ ရုံးပိတ်ရက် မဟုတ်ခဲ့ရင် မနက်ဖြန်မှာထုတ်ပေးလို့ရအောင် ဆောင်ရွက်ပေးမှာပါ" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်ကပြောသည်။

မေ ၁ ရက်တွင် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲနှင့်အတူ (၃၃၉) ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲကိုလည်းဆက်လက်ကျင်းပခဲ့ပြီးကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀ တစ်ဆု၊ ကျပ်၂၅ သိန်း တစ်ဆု၊ ကျပ် ၁၀ သိန်း တစ်ဆု၊ ကျပ် ၃ သိန်း ၂၀ ဆု၊ ကျပ် ၂ သိန်း ၁၀၀ ဆု၊ ကျပ် ၁ သိန်း ၁၀၀၀ ဆုစုစုပေါင်း ၁၁၂၅ ဆုဖွင့်လှစ်ခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**(ဆုနှင်းလဲ့)**

■

---

❂ အာရှယူ - ၁၉မှ

မြန်မာအသင်းသည် အာဆီယံဒေသတွင်းပြိုင်ဘက် ထိုင်းအသင်းနှင့်တွေ့ဆုံခဲ့ပြီး သုံးပွဲပြတ်ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို ပထမပွဲငယ်နှင့် တတိယပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း ကပ်ပြီးရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းသည် ထိုင်းကို ၂၅-၂၇ မှတ်၊ ၁၈-၂၅ မှတ်၊ ၂၃-၂၅ မှတ်ဖြင့် သုံးပွဲပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့် အုပ်စုအခြားပွဲစဉ်များတွင် တောင်ကိုရီးယားအသင်းက တရုတ်(တိုင်ပေ)အသင်းကို သုံးပွဲပြတ်၊ ဂျပန်အသင်းက ဩစတြေးလျအသင်းကို သုံးပွဲပြတ်၊ တရုတ်အသင်းက အီရန်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။

ဒုတိယနေ့ကို မေ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် အီရန်နှင့် တရုတ် (တိုင်ပေ)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနှင့် ဂျပန်၊ ညနေ ၃ နာရီတွင် ဩစတြေးလျနှင့် ထိုင်း၊ ညနေ ၅ နာရီခွဲတွင် တောင်ကိုရီးယားနှင့် တရုတ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - ကိုကိုစိုးညွန့်**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအား မေ ၂ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်

**နေပြည်တော် မေ ၁**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအား မေ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

ယနေ့ည ၉နာရီတွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအား ထုတ်ပြန်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မဲဆန္ဒရှင်မိဘပြည်သူများအား မီဒီယာများမှတစ်ဆင့် ရှင်းလင်းပြောကြားစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို မဲဆန္ဒရှင်မိဘ ပြည်သူများအား ဆောလျင်စွာ အသိပေးလိုသော်လည်း ယခုအချိန်ထိ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များထံသို့ ပေးပို့ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲစာရင်း ပုံစံ- ၁၉ များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပြုစုနေဆဲဖြစ်ကြောင်း။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲစာရင်း ပုံစံ-၁၉ ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်အသီးသီးရရှိသော မဲစာရင်းများကို ပြုစုပြီးမှသာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံသို့ ပေးပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်စာရင်းကို ကြေညာရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပုံစံ-၁၉ များ အတည်ပြုပေးပို့မှသာလျှင် မိမိတို့အနေဖြင့် တရားဝင်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို ကြေညာပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ည ၉ နာရီတွင် ကြေညာမည့်ကိုယ်စားလှယ်လောင်းအမည် အတည်ပြုကြေညာရန် အခြေအနေမပေးသည်ကို တောင်းပန်ပါကြောင်း၊ မိဘပြည်သူများကို တင်ပြလိုသည်မှာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ တွင် မကျင်းပနိုင်ခဲ့သည့် ရှမ်းပြည်နယ် ကျေးသီးမြို့နှင့် မိုင်းရှူးမြို့တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို တင်ပြလိုပါကြောင်း။

ယခုရွေးကောက်ပွဲတွင်လည်း သက်ဆိုင်ရာမြို့နယ် ၂၂ မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉ နေရာအတွက် ကျင်းပပေးသည့် နေရာတွင် ယခုလို အောင်အောင်မြင်မြင် ကျင်းပပြီးစီးသွားသည့်အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသည့် မဲဆန္ဒရှင်မိဘပြည်သူများအားလုံး၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် လုံခြုံရေးကော်မတီအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျေးဇူးအထူးတင်ရှိပါကြောင်း။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲရလဒ်ဖြစ်သည့် ပုံစံ-၁၉ ကို အချိန်မီ ရောက်ရှိလာပါက မေ ၂ ရက် နံနက် ၉နာရီတွင် အမည်စာရင်းကို ကြေညာပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့အနက် ၁၂ ဒသမ ၂၆ ရာခိုင်နှုန်းသာ လာရောက်မဲပေး

**ရန်ကုန် မေ ၁**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့အနက် ၁၂ ဒသမ ၂၆ ရာခိုင်နှုန်းသာ လာရောက်မဲပေးခဲ့ကြောင်း အဆိုပါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သတင်းထုတ်ပြန်ချက်အရသိရသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲပေးပိုင်ခွင့်ရှိသူ ၁၀၀၆၂၅၂ ဦးရှိပြီး မဲရုံပေါင်း ၉၄၂ ရုံရှိရာ ယင်းတို့အနက် လှိုင်သာယာမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၃၇၈၅၁၆ ဦးနှင့် မဲရုံပေါင်း ၂၆၂ ရုံရှိရာ လာရောက်မဲပေးသူ ၄၆၄၁၈ ဦးသာရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ မဲရုံများကို ယနေ့နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လာရောက်မဲပေးမှုနည်းပါးခဲ့ကြောင်း သိရသည်။

မဲပေးမှုနှင့်ပတ်သက်၍ "အလုပ်မသွားခင် လာရောက်မဲပေးတာပါ၊ မဲပေးရတာ အဆင်ပြေပါတယ်။ ၂၀၁၅ ခုနှစ်တုန်းကလည်း ပေးခဲ့တဲ့အတွေ့အကြုံရှိထားတဲ့အတွက် အခက်အခဲမရှိပါဘူး"ဟု အဆိုပါ မြို့နယ် အမှတ်(၇) ရပ်ကွက်နေ မချိုမာက ပြောသည်။

မဲပေးရာတွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာမဲပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက စီစဉ်ပေးထားပြီး အရာရှိနှင့် အခြားအဆင့် အပါအဝင် ရဲတပ်ဖွဲ့ဝင်အင်အား ၄၀၀ တို့က မဲရုံအသီးသီးတွင် လုံခြုံရေးဖြန့်ကြက်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယနေ့ မဲပေးရာတွင် အဆိုပါမြို့နယ် အမှတ်(၁၂) ရပ်ကွက်တွင် မဲဆန္ဒရှင်ကိုယ်စား မဲပေးခဲ့မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ကိုယ်စားမဲပေးမှုဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ဦးအား ကိုယ်စားမဲပေးရန်စေခိုင်းမှုဖြင့် လည်းကောင်း ပြည်သူ့ရွေးကောက်ပွဲဥပဒေဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်မှုများရှိခဲ့သည့်အပြင် အမှတ်(၄) ရပ်ကွက် FMI City အတွင်းရှိ မဲရုံတစ်ရုံ၌ မဲပေးပိုင်ခွင့်ရှိသည့် အထောက်အထားခိုင်လုံမှုမရှိဘဲ မဲပေးခြင်းနှင့်ပတ်သက်၍ မဲရုံမှူးအား အသိပေးခြင်း၊ တိုင်ကြားခြင်း၊ မဲရုံ၏ပရဝဏ်(ကိုက် ၅၀၀ အကွာ)အတွင်း မဲပေးမှုနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် အကြောင်းအရာများဖြစ်ပွားခြင်းတို့နှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးသို့ တိုင်ကြားစာများ ပေးပို့ခဲ့ခြင်းများရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးနေရာအတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ကော့မှူးနှင့် လှိုင်သာယာမြို့နယ်တို့နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်နေရာအတွက် ဆိပ်ကမ်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် လှိုင်မြို့နယ်တို့ပါဝင်လျက်ရှိသည်။

လှိုင်သာယာမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် နိုင်ငံရေးပါတီ ခြောက်ပါတီနှင့် တစ်သီးပုဂ္ဂလနှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**○ ကျောဖုံးမှ**

ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် ဒဏ်ရာပြဿနာရှိနေသည့် အသင်းခေါင်းဆောင် ခင်မောင်လွင်အပါအဝင် လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းတွင်မူ အသင်းခေါင်းဆောင် ရန်ပိုင်မှလွဲ၍ လူစုံခဲ့သည်။ ပထမပိုင်း ခြေစွမ်းအရ ရန်ကုန်အသင်း ခြေပိုသာခဲ့ပြီး ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သော်လည်း တိုက်စစ်မှူး အီမီကာ လွဲချော်ခဲ့သည်။ ရတနာပုံအသင်းသည် အောင်သူ၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ သက်နိုင်၊ စည်သူအောင်တို့ဖြင့် ရန်ကုန်နောက်တန်းအမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရတနာပုံအသင်း ဂိုးရခဲ့ပြီး အောင်သူ ဖန်တီးပေးသောဘောလုံးကို စည်သူအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ဖွန်မိုးအောင်၊ ရန်လင်းအောင်နှင့် စိုးမင်းနိုင်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ရတနာပုံအသင်းက ခံစစ်ဦးစားပေးကစားခဲ့သောကြောင့် ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၇၄ မိနစ်တွင် ဖွန်မိုးအောင်၏ ခေါင်းတိုက်ဂိုးကြောင့် ချေပဂိုးပြန်ရခဲ့သည်။ သရေရလဒ်ဖြင့် ပြီးဆုံးခါနီး နာကျင်အချိန်ပိုတွင် ရန်ကုန်အသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက် သွင်းခဲ့ခြင်းဖြစ်သည်။

**(တောင်ကြီးကွင်း)**

| | | |
|---|---|---|
| ရှမ်းယူနိုက်တက် | - | နှစ်ဂိုး |
| Southern | - | ဂိုးမရှိ |

တစ်ရက်တည်းကစားသည့်ပွဲတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့်အိမ်ကွင်း၌ အနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယနေရာကိုရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ကစားရသောကြောင့် နိုင်ငံခြားသားတိုက်စစ်မှူးများဖြစ်သော ခရစ္စတိုဖာနှင့် ကင်မ်ကို တစ်ပြိုင်နက်အသုံးပြုကာ လူစုံပါဝင်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ဖိကစားနိုင်ခဲ့သော်လည်း Southern အသင်း အမှားရှိခဲ့သောကြောင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ၄၉ မိနစ်တွင် ဇင်မင်းထွန်းက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး ဒုတိယဂိုးကို ၈၂ မိနစ်တွင် ခရစ္စတိုဖာက သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးက ဇွဲကပင်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၂၇ မိနစ်တွင် ကျော်စွာလင်း၊ ၄၂၊ ၇၂ မိနစ်တွင် မောင်မောင်စိုး၊ ၈၇ မိနစ်တွင် ထူးထူးအောင်က သွင်းယူခဲ့သည်။ ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲတွင် နေပြည်တော်နှင့် GFA တို့နှစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၁၀)ဒုတိယနေ့ကို မေ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဝေဿလီကွင်း၌ ရခိုင်နှင့် ချင်းယူနိုက်တက်၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် ဧရာဝတီတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**



၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကော့မှူးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲပေးပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်ကာ ကော့မှူးမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော မဲရုံ ၁၅၅ ရုံ၌ မဲပေးပိုင်ခွင့်ရှိသူ ၉၀၀၀၀ ကျော်တို့က ဆန္ဒမဲများ လာရောက်ပေးလျက်ရှိကြောင်း တွေ့ရသည်။ သန်းဝင်း(သန်လျင်)



၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းရှူးမြို့နယ်တွင် မေ ၁ ရက် နံနက် ၆ နာရီမှစတင်၍ ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနေကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်နှင့် အလုံမြို့နယ်တို့ ပါဝင်ရာ သတ်မှတ်မဲရုံပေါင်း၉၄၂ ရုံဖွင့်လှစ်ထားရှိပြီး မဲပေးခွင့်ရှိသူမဲဆန္ဒရှင်ပြည်သူ ၁၀၀၆၂၅၂ ဦး မဲပေးခွင့်ရှိကြောင်း သိရသည်။

မဲရုံများစတင်ဖွင့်ချိန် နံနက် ၆ နာရီတွင် မဲရုံအများစု၌ လာရောက်မဲပေးသူ နည်းပါးမှုရှိနေသော်လည်း နံနက် ၈ နာရီနောက်ပိုင်းမှစတင်၍ မဲပေးသူများ တဖွဲဖွဲ လာရောက်မဲပေးကြသည်ကို တွေ့မြင်ရသည်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပနေစဉ် ပြည်သူများ လွတ်လပ်၍ တရားမျှတစွာ မဲပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ အင်အား ထက်ဝက်ခန့်ကိုအသုံးပြု၍ လုံခြုံရေး အစီအမံများ ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်ရွေးကောက်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကမာရွတ်မြို့နယ်အမှတ်(၄)ရပ်ကွက် ယုဇနလမ်းနှင့် ဘုရင့်နောင်လမ်းကြား သဘော်ကျင်းအိမ်ရာရှိ အမှတ်(၁)မဲရုံတွင်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် လှိုင်သာယာမြို့နယ် FMI City ဝင်းအတွင်းရှိ ဖွင့်လှစ်ထားသောမဲရုံတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက်ရှိ အမျိုးသမီးဂေဟာ၌ ဖွင့်လှစ်ထားသော အမှတ်(၃)မဲရုံတွင်လည်းကောင်း လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။

လှိုင်သာယာမြို့နယ်တွင် မဲရုံပေါင်း ၂၆၂ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၇၈၅၁၆ ဦးရှိရာ နံနက် ၆ နာရီမှစတင်၍ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာမဲရုံများတွင် လာရောက် မဲပေးကြသည်။

လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံတွင် လာရောက်မဲပေးသူ ဒေါ်အေးမြတ်မွန် က "မဲလက်မှတ်ကို ကြိုထုတ်ထားတာဆိုတော့ မဲပေးရတာအဆင်ပြေပါတယ်။ မနက်ပိုင်းဆိုတော့ မဲပေးတဲ့သူနည်းနေသေးတယ်။ တိုင်းပြည်အတွက် တကယ်အကျိုးပြုမယ့် ကိုယ်စားလှယ်မျိုးကို ရွေးချယ်ခဲ့ပါတယ်"ဟုပြောသည်။

ကျန်လစ်လပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးနေရာဖြစ်သော ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် မဲရုံပေါင်း၁၀၈ ရုံ နှင့် မဲပေးပိုင်ခွင့်ရှိသူ ၈၉၈၀၇ ဦး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် မဲရုံပေါင်း ၁၆၉ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးနှင့် ကော့မှူးမြို့နယ်တွင် မဲရုံပေါင်း ၁၅၅ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၉၄၆၉၈ ဦးတို့ရှိကြောင်း သိရသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၉) ရပ်ကွက်ရှိအမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းမဲရုံသို့ဆန္ဒမဲလာရောက်ပေးသူ ကိုကျော်ကျော်သက်က "ကြားဖြတ် ရွေးကောက်ပွဲကို စိတ်ဝင်စားပါတယ်။ မဲရုံဖွင့်စအချိန်လောက်က လူကနည်းပါတယ်။ သိပ်မတွေ့ရဘူး။ တဖြည်းဖြည်းတော့ မဲလာပေးတဲ့သူများတာ တွေ့ရပါတယ်။ အခုချိန်ကနိုင်ငံကောင်းဖို့အတွက် ချီတက်နေချိန်မှာ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ချင်လို့ပါ။ ကိုယ်ရွေးချယ်မယ့်ကိုယ်စားလှယ်က နိုင်ငံ့အတွက် အလုပ်လုပ်နိုင်မယ့် သူကိုမျှော်လင့်တယ်။ ရပ်ရွာဒေသအတွက် ကောင်းတာတွေလုပ်ပေးဖို့လည်း မျှော်လင့်ပါတယ်"ဟုပြောသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိမဲဆန္ဒရှင်များ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက လှည့်ကင်းပတ်ကင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမဲရုံတွင် ဆန္ဒမဲလာရောက်ပေးသူ ဒေါ်မြင့်မြင့်စန်းကမူ "ကိုယ်သဘောကျတဲ့ ရွေးချယ်မယ့်ကိုယ်စားလှယ်က ကိုယ့်မြို့နယ်ဒေသအတွက် စွမ်းဆောင် ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပြီးမဲပေးခဲ့တာပါ " ဟုဆိုသော်လည်း လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးကမူ "ယခု ကြားဖြတ်ရွေးကောက်ပွဲကို မဲမပေးတော့ဘူး"ဟုပြောသည်။

လစ်လပ်အမျိုးသားမဲဆန္ဒနယ် တစ်နေရာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် အမှတ်(၆) မဲဆန္ဒနယ်မြေတွင် ကမာရွတ်မြို့နယ်၌မဲရုံပေါင်း ၃၅ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၅၈၄၄၃ ဦး၊ ကြည့်မြင်တိုင်မြို့နယ်၌မဲရုံပေါင်း ၅၄ ရုံနှင့်မဲပေးပိုင်ခွင့်ရှိသူ ၇၀၉၁၄ ဦး၊ ဆိပ်ကမ်းမြို့နယ်၌၌ မဲရုံပေါင်း သုံးရုံနှင့်မဲပေးပိုင်ခွင့်ရှိသူ ၁၈၃၇ ဦး၊

**စာမျက်နှာ ၉ သို့»**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီးတို့ ကမာရွတ်မြို့နယ် သံလွင်လမ်းအမျိုးသမီးဂေဟာ (၁၀)ရပ်ကွက် မဲရုံအမှတ် -(၃)၌ ဆန္ဒမဲပေးရန် မဲလက်မှတ်ထုတ်ယူနေကြစဉ်။**(သတင်းစဉ်)



**လသာမြို့နယ် အမှတ်(၂)ရပ်ကွက် မဲရုံ(၁)နှင့် (၂)၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးရန် မဲလက်မှတ်ထုတ်ယူနေကြစဉ်။**
(သတင်းစဉ်)



**အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် မဲရုံ(၂)၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး မဲပုံးအတွင်းသို့ ဆန္ဒမဲထည့်နေစဉ်။**
(သတင်းစဉ်)



**လမ်းမတော်မြို့နယ် အမှတ်(၇) ရပ်ကွက်မဲရုံ၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး မဲပေးရန် မဲလက်မှတ်ထုတ်ယူနေစဉ်။(ဝဲပုံ)**
(သတင်းစဉ်)



**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဲပေးရန် လာရောက်သည့် မဲဆန္ဒရှင် ပြည်သူတစ်ဦးအား ကူညီဆောင်ရွက်ပေးနေစဉ်။ (ယာပုံ)**
(သတင်းစဉ်)

» စာမျက်နှာ ၈ မှ
လသာမြို့နယ်၌ မဲရုံပေါင်း ၁၈ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၂၂၁၀၁ ဦး၊ လှိုင်မြို့နယ်၌ မဲရုံပေါင်း ၈၅ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၁၁၁၁၈၆ ဦး၊ လမ်းမတော်မြို့နယ်၌ မဲရုံပေါင်း ၂၀ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၃၃၇၆ ဦးနှင့် အလုံမြို့နယ်၌ မဲရုံပေါင်း ၃၂ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၄၅၇၄၃ ဦးတို့ ရှိကြောင်း သိရသည်။

လှိုင်မြို့နယ်ရှိ သတ်မှတ်မဲရုံတွင် ဆန္ဒမဲလာရောက်ပေးသူ ဦးသိန်းနိုင်က "ကိုယ့်မြို့နယ်၊ ကိုယ့်ရပ်ကွက် တိုးတက်အောင်လုပ်ပေးနိုင်မယ်ထင်တဲ့သူကို ရွေးချယ်မဲပေးခဲ့တာပါ။ လွတ်လွတ်လပ်လပ်လည်း မဲပေးခွင့်ရပါတယ်။ သူတို့ လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟုဆိုသကဲ့သို့ ဒေါ်လွင်လွင်ခိုင်ကမူ "တိုးတက်အောင် လုပ်ပေးနိုင်မယ်ဆိုတဲ့ ယုံကြည်မှုတစ်ခုကြောင့်ပေါ့။ လိုအပ်ချက်တွေက အများကြီးရှိပါတယ်။ လုပ်ပေးနိုင်မယ့် အတိုင်းအတာအထိတော့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ကမာရွတ်မြို့နယ်ရှိသတ်မှတ်မဲရုံတွင် ဆန္ဒမဲလာရောက်ပေးသူ ပန်းချီပညာရှင် ကိုတင်လှိုင်က "ကျွန်တော်ရွေးကောက်တင်မြှောက်ချင်တဲ့ ကိုယ်စားလှယ်၊ ယုံကြည်အားထားရတဲ့ပုဂ္ဂိုလ်ကို လွတ်လွတ်လပ်လပ် မဲပေးခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့မြို့နယ်၊ ရပ်ကွက်အထိ တိုးတက်အောင်လုပ်ပေးနိုင်မယ်လို့ မျှော်လင့်လို့ပါ" ဟု ဆိုသည်။

လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက် မဲရုံအမှတ်(၂) မဲရုံမှူး ဦးမောင်မောင်တင်က "မနက် ၆ နာရီ မဲရုံစဖွင့်တဲ့အချိန်ကစပြီး တစ်နာရီတစ်ကြိမ် စစ်တမ်းကောက်တယ်။ တစ်နာရီအတွင်းမှာ ၁၀၀ ကျော်ဝင်ပါတယ်။ မဲပေးမယ့်သူတွေကို ကြိုတင်ပြီးလက်မှတ်လေးတွေ ပေးထားပါတယ်။ လာတဲ့သူတွေ အခက်အခဲမရှိအောင် မဲစာရင်းစာအုပ်လည်းချထားပေးထားတယ်။ နံပါတ်ပြောလိုက်တာနဲ့ တစ်ခါတည်းမဲပေးလို့ရတယ်။ စောင့်ရရင် တစ်မိနစ်၊ နှစ်မိနစ်ပဲ။ လူများရင်တော့ နည်းနည်းစောင့်ရပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ကြားဖြတ်ရွေးကောက်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး မစ္စတာ မာစီရယ်လ်နှင့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်တွင်း ပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာမဲဆန္ဒနယ်မြေများမှ မဲရုံများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

Newspaper of the Japanese Communit Party ၏ Honai Bureau Chief ဖြစ်သူ Mr. MATSUMOTO Masashi က "ဂျပန် အာခါတာရှင်ဗွန်းသတင်းဌာနကပါ။ လေ့လာသူအနေနဲ့လာတာပါ။ လမ်းမတော်မြို့နယ်နဲ့ အနီးတစ်ဝိုက်ကိုသွားမယ်။ ဒီမဲရုံတွေသွားမယ်။ စိတ်ဝင်စားမှုအနေနဲ့ မဲရုံတစ်ဝိုက်မှာ ကြည့်လိုက်တဲ့အခါ မဲပေးသူတွေလာတာတွေ့ပေမယ့် အရင် General Election လောက်တော့ မတွေ့ပါဘူး။ ဒီ By Election ကတော့ စိတ်ဝင်စားမှုအများကြီးမရှိတာတွေ့ရတယ်။ ပြည်သူတွေအနေနဲ့ NLD Government ရဲ့ တစ်နှစ်တာ Election အပြီးမှာ ဘာတွေလုပ်နိုင်ခဲ့တယ်။ ဘာတွေကိုဆက်ပြီး လုပ်မယ်ဆိုတာကိုမျှော်လင့်နေကြတယ်။ စီးပွားရေးနဲ့ တိုင်းရင်းသားကဏ္ဍတွေမှာ ဘယ်လိုတွေများဖြေရှင်းမလဲဆိုတဲ့ မျှော်လင့်ချက်တွေလည်းရှိနေကြတယ်လို့ ယူဆတယ်"ဟု ပြောသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒနယ် ၁၉ နယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Result Center တွင် မေ ၂ ရက် နံနက်ပိုင်းမှစတင်၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


အလုံမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရဲမြင့် ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လစ်လပ်မဲဆန္ဒနယ်များရှိ မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီ မဲရုံများပိတ်သိမ်းသည့်အချိန်တွင်လည်း မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကိုစနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များ၌ မှတ်တမ်းရေးသွင်းကြသည်။

**သတင်းစဉ်(ရန်ကုန်သတင်းအဖွဲ့)**

# မုံရွာ၌ ကြားဖြတ်ရွေးကောက်ပွဲတွင် မျက်မမြင်များ ကိုယ်တိုင်မဲပေး

**မုံရွာ မေ ၁**

အချို့နိုင်ငံ အတော်များများတွင် မျက်မမြင်များ မဲပေးနိုင်ရန် ဆောင်ရွက်မှုတွင် ခက်ခဲနေဆဲဖြစ်သော်လည်း မုံရွာမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲတွင် စံပြမဲရုံအဖြစ် မြို့သစ်ရပ် မဲရုံ၌ မျက်မမြင်များကိုယ်တိုင် အဆင်ပြေပြေ မဲပေးနိုင်မှုကို တွေ့ရခြင်းသည် အားရစရာကောင်းသော မြင်ကွင်းဖြစ်ကြောင်း နိုင်ငံတကာအဆင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ANFREL FOUNDATION မှ International Observer Ms. Corazon Ignacio ထံမှ သိရသည်။



"မျက်မမြင်တွေနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲ မဲပေးတာဟာ တကယ့်ကို စံချိန်တင်လောက်ပါတယ်။ UEC ကနေပြီး မျက်မမြင်နဲ့ မသန်စွမ်းတွေရဲ့ အခွင့်အရေးဥပဒေကို အခွင့်အရေးပေးခဲ့တယ်လို့ မြင်ပါတယ်။ မျက်မမြင်များကိုယ်တိုင် သူတို့ရဲ့ လက်စမ်းစူးဖောက်စာနဲ့ မဲပေးတာကို လေ့လာတွေ့ရှိတာ အားရစရာကောင်းလှပါတယ်။ မဲပေးတဲ့ စာရွက်ကို မျက်မမြင်တွေရေးတဲ့ လက်စမ်းစူးဖောက်စာအဖြစ် ပြောင်းလဲပေးတာဟာ အချိန်ယူပြီး ပြင်ဆင်ရတဲ့အရာပါ။ အဲဒါတွေကို မုံရွာကပေးထားတာမြင်တော့ မျက်မမြင်တွေအတွက် အားရပါတယ်။ တချို့နိုင်ငံတွေမှာတောင် မျက်မမြင်တွေ မဲပေးနိုင်ဖို့အတွက် အခုထက်ထိ ခက်ခဲနေတုန်းဆိုတာတွေ့နေရပါတယ်" ဟု Ms. Corazon Ignacio က ပြောပြသည်။

မုံရွာမြို့ မြို့သစ်ရပ် ရောင်ခြည်သစ် မျက်မမြင် ပရဟိတကျောင်းမှ မျက်မမြင် ကျောင်းတက်သူ ၄၀ ခန့် ရှိသည့်အနက် မဲပေးခွင့်ရှိသူ မျက်မမြင် ၂၀ နှင့် မသန်စွမ်း တစ်ဦးတို့သည် မေ ၁ ရက် နံနက် ၁၀ နာရီက မြို့သစ်ရပ်ကွက် အမှတ်(၁၅) မူလတန်းကျောင်းရှိ မဲရုံအမှတ်(၂) တည်ရှိရာ ပင်မတိုးချဲ့ ပုဗ္ဗသီရိကျောင်းဆောင်သို့ လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။ မဲပေးခွင့်ရှိသူ မျက်မမြင် ၂၀ လွယ်လင့်တကူ နည်းစနစ်တကျမဲပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက မဲပေးနည်းသင်တန်းများကို နှစ်ရက်ကြာ ပို့ချခဲ့သလို ယခုမဲပေးရာတွင် အခက်အခဲမရှိစေရန် မျက်မမြင်များ အသုံးပြုသည့် လက်စမ်းစူးဖောက်စာကတ်ဖြင့် မဲပေးခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံမသန်စွမ်းသူရှေ့ဆောင်အဖွဲ့က မဲပေးရာတွင် သုံးရန် ငါးကတ်ကိုပေးလှူထားကြောင်း သိရသည်။ မဲပေးသည့်မျက်မမြင်များသည် မဲရုံအတွင်းမဲပေးရာတွင် မဲရုံတာဝန်ရှိသူများ၏ အကူအညီဖြင့် မဲပေးခန်းအတွင်းဝင်ကာ အထူးပြုလုပ်ထားသော လက်စမ်းစူးဖောက်မဲပေးကတ်ဖြင့် ကိုယ်တိုင်စမ်းသပ်မဲပေးကြောင်း၊ လက်သန်းတွင်မင်တို့ကာ မဲရုံအပြင်ထွက်လာသည့် မဲပေးသည့် မျက်မမြင်တိုင်း နိုင်ငံ့အတွက်တာဝန်ကျေပြီဟူသော မိမိကိုယ်မိမိယုံကြည်သော မျက်နှာများဖြင့်ထွက်လာသည်ကိုမြင်ရသူတိုင်း ကြည်နူးမှုကို ခံစားရကြောင်း မဲလာပေးသူတစ်ဦးက ဆိုသည်။

"၂၀၁၅ ခုနှစ်တုန်းကလည်း မဲပေးခဲ့တယ်။ အခု ၂၀၁၇ မဲရုံက မျက်မမြင်ကျောင်းနဲ့ပိုနီးတော့ လာရတာလွယ်တာပေါ့။ ကိုယ်စားလှယ်တွေကိုယ်တိုင် မျက်မမြင်ကျောင်းလာပြီး မဲဆွယ်စည်းရုံးတာမရှိပေမယ့် ရေဒီယိုကနားထောင်ပြီး မဲဘယ်သူ့ကိုပေးရင်ကောင်းမယ်ဆိုတာကို ဆုံးဖြတ်ပြီးလာပေးတာပါ။ ၂၀၁၅ တုန်းကပေးခဲ့တဲ့ ပါတီကိုယ်စားလှယ်ကိုပဲ မဲပေးခဲ့ပါတယ်။ မျက်မမြင် ၂၀ ကို မဲပေးနည်းသင်တန်း နှစ်ရက်လာပေးထားတဲ့အတွက် အကူအညီမလိုဘဲ မဲပေးခန်းထဲမှာ ကိုယ့်ဘာသာလက်နဲ့စမ်း မဲပေးနိုင်ခဲ့ပါတယ်။ မျက်မမြင်တွေရဲ့ဘဝ၊ စားဝတ်နေရေးအဆင်ပြေဖို့ကို အနိုင်ရတဲ့ကိုယ်စားလှယ်လောင်းအနေနဲ့ ဆောင်ရွက်ပေးဖို့ကိုပဲ မျှော်လင့်မိပါတယ်"ဟု မုံရွာမြို့ ရောင်ခြည်သစ် မျက်မမြင်ပရဟိတကျောင်းအုပ်ဆရာကြီး ဦးကြည်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးတွင် ၃၉၄၂၉ ဦး ဆန္ဒမဲပေး



**ရန်ကုန် မေ ၁**

ယနေ့ကျင်းပသည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၁ ဦးတွင် ဆန္ဒမဲပေးသူ ၃၉၄၂၉ ဦးသာရှိကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

"မနက်ကတည်းက မဲရုံတွေကို လိုက်ကြည့်တော့ မဲပေးတဲ့သူ နည်းတာတွေ့ရတယ်။ ကြားဖြတ်လည်းဖြစ်တယ်။ ပြည်သူတွေကလည်း စိတ်ဝင်စားမှုနည်းတယ်။ စောစောပိုင်းမဲစာရင်းတွေ ကပ်တုန်းကလည်း လာကြည့်တဲ့သူ နည်းတယ်။ သိပ်တော့ အားမရဘူး" ဟု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုစိုးက ပြောသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက်နေ ကိုမောင်ကြီးက "အိမ်ကမိသားစုတွေကတော့ မနက်ကတည်းက မဲသွားပေးကြတယ်။ ကျွန်တော်ကတော့ နံနက် ၁၁ နာရီကျော်လောက်မှပဲ မဲသွားပေးခဲ့တယ်။ မဲသွားပေးတာဘာအခက်အခဲမှမရှိပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲကြီးလောက်တော့ မဲပေးတဲ့သူ သိပ်မတွေ့ရဘူး"ဟု ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲစာရင်းများ စနစ်တကျ ပြုလုပ်ထားသည့်အတွက် အမှားအယွင်းမရှိကြောင်းနှင့် ဆန္ဒမဲပေးရာတွင်လည်း တိုင်ကြားမှုများမရှိကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲ တွဲဖက်အရာရှိ ဦးဝင်းမျိုးထက်က ပြောသည်။

ထို့အတူ မဲရေတွက်သည့်နေရာတွင်လည်း ပွင့်လင်းမြင်သာစွာဖြစ်ရန် ပါတီကိုယ်စားလှယ်များနှင့် အများပြည်သူကို စောင့်ကြည့်ခွင့်ပေးထားကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲ တွဲဖက်အရာရှိထံမှ သိရသည်။

ယနေ့ကျင်းပသည့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် မဲရုံပေါင်း ၁၆၉ ရုံဖွင့်လှစ်ထားကာ မဲရုံမှူးအပါအဝင် လုံခြုံရေး ၁၁၈၃ ဦးနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ နှစ်ဖွဲ့ထားရှိပြီး လစ်လပ်မဲဆန္ဒနေရာတွင် ပါတီ ငါးပါတီမှ ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မင်းသစ်(MNA)**

# ခါကာဘိုရာဇီဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ်အမည်စာရင်းတင်သွင်းရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ စည်းဝေး

**နေပြည်တော် မေ ၁**

လူသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော၊ ပျက်စီးဆုံးရှုံးပါက ပြန်လည်မရနိုင်သည့် သဘာဝအခြေအနေများနှင့် လူတို့ဖန်တီးမှုအရဖြစ်ပေါ်လာသော ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝနှင့် ယဉ်ကျေးမှုပေါင်းစပ်တည်ရှိသည့် နယ်မြေများသည် ကမ္ဘာ့အမွေအနှစ်နေရာများဖြစ်ကြောင်း ကမ္ဘာ့သဘာဝအမွေအနှစ် အမည်စာရင်းတင်သွင်းရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ခါကာဘိုရာဇီဒေသကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာဖြစ်လာရေး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အဖွဲ့ဝင်များအနေဖြင့် ယနေ့ အစည်းအဝေးတွင် မိမိတို့၏ အတွေ့အကြုံများကိုအခြေခံ၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်နှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပြီး ဌာနအလိုက် လိုအပ်သည့်သတင်းအချက်အလက်များကို ကူညီပံ့ပိုးပေးကြပါဟု မတ် ၂၉ ရက် နံနက်ပိုင်းက သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည့် ခါကာဘိုရာဇီဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်း တင်သွင်းရေးဆိုင်ရာ ၁/၂၀၁၇ ပထမအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့သဘာဝအမွေအနှစ်အဖြစ် အလားအလာ အရှိဆုံးဖြစ်သည့် ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်နေရာအဖြစ် အမည်စာရင်းတင်သွင်းရန် သစ်တောဦးစီးဌာနနှင့် UNESCO တို့သည် ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်နေကြောင်း၊ ခါကာဘိုရာဇီဒေသသည် မြန်မာနိုင်ငံနှင့် ကမ္ဘာ့အဆင့်တွင် ထူးခြားသည့် ဝိသေသလက္ခဏာများ ပိုင်ဆိုင်လျက်ရှိပြီး ကမ္ဘာ့အဆင့် ဇီဝမျိုးစုံမျိုးကွဲအရ အရေးပါသည့် ဒေသများထဲတွင် တစ်ခုအဖြစ် ထင်ရှား၍ ရေခဲတောင်ဂေဟစနစ်၊ တောင်ပေါ်ဂေဟစနစ်၊ အမြဲစိမ်းတော ဂေဟစနစ်၊ တောင်ပေါ်ရေဝပ် ဂေဟစနစ်များကို တွေ့ရှိရကြောင်း၊ မြို့ပြနှင့်အလှမ်းဝေးခြင်း၊ လူနေကျဲပါးခြင်း၊ ပတ်ဝန်းကျင်ထိခိုက်စေသည့် အခြားမြေအသုံးချမှု နည်းပါးခြင်းများသည် ခါကာဘိုရာဇီဒေသအား သဘာဝအနေအထားအတိုင်း တည်ရှိစေသည့် အခွင့်အလမ်းကောင်းများဖြစ်သည့်အပြင် ရှေးအစဉ်အဆက်မှ တည်ရှိနေထိုင်ခဲ့ကြသည့် ဒေသခံတိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများကိုပါ တွေ့ရှိရကြောင်း။

ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာအဖြစ်သတ်မှတ်နိုင်ပါက မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကမ္ဘာ့သဘာဝအမွေအနှစ်ဖြစ်ပါ၍ နိုင်ငံအတွက် အလွန်ဂုဏ်ယူစရာဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက် ကမ္ဘာ့သဘာဝအမွေအနှစ်အမည်စာရင်း အဆိုပြုလွှာ (Nomination Dossier) ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ နောက်ဆုံးထား၍ရေးသားခြင်း၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် ၂၀၁၈ ခုနှစ်တွင် UNESCO သို့ တင်ပြခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ခါကာဘိုရာဇီဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခြင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် အထက်ပစ္စယံရှိ အရန်စေတီအမှတ် ၆၆ အား ပထမအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ခုနစ်ရက်သားသမီး အသင်းနှင့်၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ မိသားစုတို့က စုပေါင်း၍အလှူငွေကျပ်သိန်း ၆၀ ကို မတ် ၃၀ ရက် နံနက်ပိုင်းက ဂေါပကအဖွဲ့ ရုံးခန်းမ၌ ဂေါပကအဖွဲ့ဝင် ဦးတင်လှထံ ပေးအပ်လှူဒါန်းစဉ်။

**(ကြေးမုံ)**



## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ၁၄ မိုင်-ချွတ်ရွာကားလမ်းသစ်ဖွင့်

**မင်းတပ် မေ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးတည်၍ ၁၄ မိုင်မှ ချွတ်ရွာသို့ အရှည်သုံးမိုင် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ ရေမြောင်းအပါ ဖောက်လုပ်သည့် မော်တော်ကားလမ်းသစ်ဖွင့်ပွဲကို မင်းတပ်မြို့နယ် ချွတ်ရွာကားလမ်းမ၌ မတ် ၂၅ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မင်းတပ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း၊ မင်းတပ်ခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မင်းတပ်ခရိုင် ဦးစီးမှူး ဦးခိုင်ထွန်း၊ ဟီးလောင်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးနိုင်းအွမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကားလမ်းသည် ချွတ်ရွာ၊ ခုံအိမ်ရွာနှင့် ဟီးလောင်းရွာတို့ရှိ အိမ်ခြေ ၁၅၈ အိမ်၊ လူဦးရေ ၁၀၆၄ ဦးကို အကျိုးပြုမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်၆၃ ဒသမ ၂၄သန်းဖြင့် ဝင်းနားမြန်မာ ကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အတွေးအမြင်

# အခက်အခဲမှသည် သာလွန်ကောင်းမွန်သောအနာဂတ်သို့

လူသားတစ်ဦး၏ အသက်ရှင်နေထိုင်မှုသည် နေ့စဉ်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေကြရသည်သာ ဖြစ်သည်။ ရုန်းကန်ရသည့် နေ့ရက်တိုင်းတွင် ပြဿနာအမှုကိစ္စ အကြီး၊ အသေး၊ အနည်း၊ အများ ကိုယ်စီရှိနေကြသည်။

ဘဝရှင်သန်ဖို့ ကျွမ်းကျင်ရာ၊ တတ်မြောက်ရာ၊ ဝါသနာပါရာ၊ အခွင့်အရေးပေးရာ အလုပ်တစ်ခုခုကို လုပ်ကိုင်ရင်း နေ့ဟောင်းများကို ချန်ခဲ့ကာ နေ့သစ်များသို့ လျှောက်လှမ်းနေကြရသည်။ လုပ်ငန်းခွင်အသီးသီး၌ လုပ်ကိုင်နေကြသူများသည် နေရာစုံ၊ အလွှာစုံမှ ရောက်လာကြသူများဖြစ်သည့်အတွက် အချင်းချင်းလိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံတတ်မှုသည် အထူးလိုအပ်လှသည်။

လုပ်ငန်းခွင်အသီးသီး၌ ရေကြည်ရာ မြက်နုရာပြောင်းရွှေ့ ဆုံတွေ့ရသူများအနေဖြင့် အမှုကိစ္စဟူသည် အချိန်မရွေး အနည်း၊ အများ ပေါ်ပေါက်တတ်မြဲဖြစ်သည်။ "လူတစ်ခု ပူမှုဆယ်ကုဋေ"၊ "အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ" ဆိုရိုးအတိုင်း လူသားများမှာ အခက်အခဲပြဿနာများကို နေ့စဉ်ကြုံတွေ့ရနိုင်သည်။ လှုပ်ရှားရုန်းကန်ရသည့် ဖြတ်သန်းမှုတိုင်းသည် အခက်အခဲ၊ စိတ်ညစ်စရာ၊ စိတ်ပျက်စရာများနှင့် ကြုံတွေ့ရမှ ချိုချဉ်၊ ဖန်၊ ခါး အရသာစုံလှသည့်နှယ် ရင့်ကျက်သည့်ဘဝမျိုး ဖြစ်လာရခြင်းဖြစ်သည်။

ကျွန်တော်တို့လူသားများသည် အမှုကိစ္စကြီး၊ ငယ် ပြဿနာကြုံရလျှင် တုန်လှုပ်ကာ ကြံရာမရ မဖြေရှင်းတတ်ဘဲ ရေစုံမျောကာ နေတတ်ကြသည်။ ဤသို့ ဒုက္ခအမျိုးမျိုးနှင့် ကြုံကြသောအခါ စိတ်ပျက်အားငယ်မှုမဖြစ်ဘဲ မည်သည့်အခက်အခဲမျိုးကိုမဆို ခွန်အားအဖြစ်အသုံးချကာ ရဲရဲဝံ့ဝံ့ အန်တုရင်ဆိုင်တတ်ကြရမည် ဖြစ်သည်။ ဘဝဖြတ်သန်းမှုနှင့်ရင်းကာ မိမိတို့၏ အတွေ့အကြုံကို မိမိတို့ကိုယ်တိုင် စဉ်းစားချင့်ချိန်ပြီး အဆိုးရွားဆုံးအမှုကိစ္စကြီး၊ ငယ် ကြုံလာရစေကာမူ စိတ်ဓာတ်ပြိုလဲမသွားဘဲ အခွင့်ကောင်းအခါကောင်းအဖြစ် ပြောင်းလဲကာ မိမိဘဝအတွက် အတွေ့အကြုံကောင်းတစ်ခုအဖြစ်အသုံးချပြီး ရင်ဆိုင်ဖြတ်ကျော်ဖို့ ကြိုးစားကြရမည်ဖြစ်သည်။ ကြုံဆုံလာသည့် ကိစ္စရပ်တိုင်းကိုလည်း မိမိကိုယ်တိုင် ရှုမြင်သုံးသပ်ပြီး "မပြင်လျှင် မဖြစ်တော့ဘူး"ဟု ခံယူချက်ထားကာ မိမိအနာဂတ်ကို တိုးတက်ကောင်းမွန်လာအောင် ပြောင်းလဲလုပ်ယူကြရမည် ဖြစ်သည်။

ဒုက္ခ၊ သုခ၊ ဘဝအနိမ့်၊ အမြင့်များ ကိုယ်စီမတူညီကြသည့် ကျွန်တော်တို့သည် ဘဝဖြတ်သန်းမှုလည်း မည်သို့မျှ တူညီကြမည်မဟုတ်သော်လည်း ပျော်ရွှင်စရာနှင့်ကြုံလျှင် လွတ်လွတ်လပ်လပ်ပျော်ရွှင်မှု၊ ပြဿနာနှင့် ကြုံလာလျှင်လည်း ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်ကျော်မှုတော့ တူညီကြဖို့လိုသည်။

သို့မှသာ စိတ်ဓာတ်ရင့်ကျက်လာသူ၊ အသိဉာဏ်ရင့်သန်လာသူ၊ သဘောထားကြီးမြင့်သူ၊ လောကဓံတရား၏ ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိသူတစ်ယောက်ဖြစ်လာကာ လောကအလယ်မှာ ရပ်တည်လာနိုင်မည် ဖြစ်သည်။ တစ်ဆက်တည်း မိမိဘဝအတွက်၊ မိမိမိသားစုအသိုင်းအဝိုင်းအတွက်၊ မိမိပတ်ဝန်းကျင်ကိုပါ မြှင့်တင်ဆောင်ရွက်လာနိုင်ပြီး အောင်မြင်ပျော်ရွှင်မှုများပါ ရရှိခံစားရလာမည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ။

**ဟိန်းဖြိုးဝေ**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မတ် ၂၂ ရက်မှ မတ် ၂၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ကောင်းကင်ပြာ | ဝတ္ထုဖြစ်သွားတဲ့ ကောင်းကင် | ၂၀၀၀ိ/- | |
| ၂ | ဆရာထိန်လင်း | ယဉ်ကျေးလိမ္မာမှတ်စုပဒေသာ | ၁၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၃ | ခင်သန္တာ | ငြိုလက်စကြိုးနှင့်အခြားဝတ္ထုတိုများ | ၃၀၀၀ိ/- | |
| ၄ | မောင်တင်ထွန်း | ဇူလိုင်(၇)ရက် ကိုယ်တွေ့ဖြစ်ရပ်များ | ၁၅၀၀ိ/- | မြရတနာ |
| ၅ | မြို့မကိုပေါ | အတိတ်လမ်းသို့အလွမ်းပြေ | ၂၀၀၀ိ/- | အလင်းသစ် |
| ၆ | မြဝင်း(ဒသန) | ဆရာသင်၍ယဉ်ခဲ့ပြီ | ၂၀၀၀ိ/- | အလင်းသစ် |
| ၇ | သူငယ်တော် | ယဉ်ကျေးလိမ္မာလက်ရွေးစင်ပုံပြင်များ | ၁၅၀၀ိ/- | မဇ္ဈိမ |
| ၈ | သုခမိန်လှိုင် | နံနံပင်ကိုပဲ မုန်းမုန်း<br>တေလာဆွစ်ကိုပဲမုန်းမုန်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၉ | ကလောင်စုံ | ရေဦးရေဖျားကဗျာများ | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၁၀ | ကောင်းမြတ်လွန်းသော် | ပါစီဂျက်ဆန်နှင့် အိုလံပစ်နတ်ဘုရားများ | ၄၀၀၀ိ/- | Phoenix |
| ၁၁ | တိုက်ပွဲဝင်တပ်မှူးများ | ကိုယ်တိုင်တိုက်/ရေးတိုက်ပွဲများ-၇ | ၃၀၀၀ိ/- | ဟန်သာဆု |
| ၁၂ | Dr.မြင့်သန်း | ဦးနှောက်ကင်ဆာ မေး-ဖြေ-၁၀၀ | ၄၀၀၀ိ/- | Today |
| ၁၃ | ဗန်းမော်သိန်းဖေ | ဆာရစ်ချတ်ဘရင်ဆန် | ၃၅၀၀ိ/- | ပဉ္စင်္ဂ |
| ၁၄ | ခွန်လှိုင်း | ရှုံးသွပ်ခြင်းကိုကုန်ကူးကြသူများ | ၂၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၁၅ | Dr.အောင်ထွန်းသက် | လုပ်ငန်းတစ်ခုအကောင်းဆုံးဖြစ်အောင်<br>ဘယ်လိုကြိုးစားကြမလဲ | ၁၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၁၆ | သရဝဏ်(ပြည်) | ဗိုလ်စိန်မှန်ကိုအားနာတယ် | ၂၅၀၀ိ/- | ????? |
| ၁၇ | ဒိုဂျေဆန်း | လီကွမ်ယူ၊အတိမ်းအစောင်းမခံသောနှစ်များ | ၉၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၈ | ညီငယ်ပု | ဘဝအတွက်တာအလှစာစု | ၃၀၀၀ိ/- | တိုးမြစ် |
| ၁၉ | မင်းခက်ရဲ | မောင်ချောနွယ်လေ့လာချက် | ၂၀၀၀ိ/- | ကျော်မွေး |
| ၂၀ | ကလောင်စုံ | မြေဆွေးကဗျာများ | ၂၀၀၀ိ/- | |
| ၂၁ | ဒဂုန်ခင်ခင်လေး | ရွှေဗဟိုရ်နှင့်ဝတ္ထုတိုများ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၂ | ခင်ဝင်းမြင့် | ပို့ကုန်သွင်းကုန်လုပ်ငန်းနှင့်စပ်ဆိုင်သော<br>အမိန့်ညွှန်ကြားလွှာများစုစည်းမှု (၂၀၁၆) | ၄၀၀၀ိ/- | ရှုတိုင်းယဉ် |
| ၂၃ | ကလောင်စုံ | ဝတ္ထုတိုငါးယောက် | ၂၅၀၀ိ/- | ????? |
| ၂၄ | မိုးသု(မန္တလေး) | သင့်လွယ်သောအာပတ်များ | ၁၅၀၀ိ/- | ပါရမီ |
| ၂၅ | ရဲဦး | ရောင်းချရေးဉာဏ်ပညာ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၆ | မောင်ခင်မင်(ဓနုဖြူ) | လက်တွေ့အတ္ထဗေဒနိဒါန်း | ၂၀၀၀ိ/- | The Key Collection |
| ၂၇ | မောင်သောင်းဝင်း | မိဘကျေးဇူးကိုသိတတ်ဖို့ဆိုလျှင် | ၁၅၀၀ိ/- | |
| ၂၈ | စာစဉ်(၆၄) | ဂလိုရီယာစတီနမ် | ၁၅၀၀ိ/- | The Key Collection |
| ၂၉ | Dr.စိုးလွင် | အလွမ်းခြေရာဝေဒနာ | ၃၅၀၀ိ/- | စိုးဇင် |
| ၃၀ | ကိုဆွေ(ပန်ဒိုရားမား) | မဖြေရှင်းနိုင်သောကမ္ဘာကျော်ပဟေဠိ-၁၀ | ၃၀၀၀ိ/- | Panorama |
| ၃၁ | လူလန်း | နည်းဥပဒေရေးဆွဲခြင်း | ၁၅၀၀ိ/- | ကျော်မွေး |
| ၃၂ | Dr.သက်လွင် | မြန်မာ့သမိုင်းဝင်အမျိုးသမီးများ | ၃၀၀၀ိ/- | ရှင်မတောင် |
| ၃၃ | မမသဒ္ဒါမောင် | ဆုံနိုင်ခွင့်သာရှိခဲ့လျှင် | ၁၇၀၀ိ/- | ရွှေပဒေသာ |
| ၃၄ | လှိုင်ကြာဖြူ | ဆူးစူးတဲ့လိပ်ပြာ | ၁၅၀၀ိ/- | ရွှေပဒေသာ |
| ၃၅ | မိုးစက်ပွင့် | အလင်းငတ်တဲ့ လမင်းရဲ့ချစ်ခြင်း | ၁၆၀၀ိ/- | ရွှေပဒေသာ |
| ၃၆ | ကြယ်စင်မှူးဝေ | အိပ်မက်ဦးမို့လွမ်းဆယ်နေ | ၁၆၀၀ိ/- | ရွှေပဒေသာ |
| ၃၇ | လောက်နူးလိန်း | ပါးမည်သစ္စာမျိုးနွယ်ရိုးရာ | ၁၅၀၀ိ/- | သုဒ္ဓန္တစာပေ |
| ၃၈ | Quality အယ်ဒီတာအဖွဲ့ | အဲလ်ဘတ် အိုင်းစတိုင်း | ၃၀၀၀ိ/- | Qualityစာပေ |
| ၃၉ | မေတ္တာရှင်(ရွှေပြည်သာ) | ဗုဒ္ဓဘာသာခေါင်းဆောင်ထားသော<br>အရှင်ဒေဝဒတ်၏တပည့်များ | ၂၅၀၀ိ/- | မေတ္တာရှင်<br>(ရွှေပြည်သာ) |

ပြည်တွင်းရေးရာ


# ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလာမှုကြောင့် လူသားတို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးလာ

**နေပြည်တော် မေ ၁**

စိုက်ပျိုးရေးသီးနှံထွက်ကုန်များ အရည်အသွေးပြည့်ဝရေး၊ ဈေးကွက်ရရှိရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ဈေးကွက်ထဲတွင် တရားမဝင် ပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူးခြင်းများအပေါ် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းကြစေလိုကြောင်း မတ် ၃၁ ရက် နံနက် ၈ နာရီက စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမဆောင်၌ ကျင်းပသည့် ပိုးသတ်ဆေးများ၏ အကျိုးသက်ရောက်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များဆိုင်ရာ နိုင်ငံတကာသိပ္ပံစာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာလုံးဆိုင်ရာ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလာမှုကြောင့် လူသားတို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်သယံဇာတများ ဂေဟစနစ်ချို့ယွင်းပျက်စီးလာခြင်း၊ တောရိုင်းတိရစ္ဆာန်များ ဘေးရောဂါများ ကျရောက်ခြင်းများ ကြုံတွေ့ရလျက်ရှိပြီး ဥရောပနိုင်ငံများတွင် အင်းဆက်ပိုးမွှားများနှင့် ဇီဝမျိုးကွဲများနှင့် လူဦးရေအမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်နိုင်ရေး စည်းမျဉ်းဥပဒေများ ချမှတ်ဆောင်ရွက်ခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်နေကြရာ မိမိတို့အားလုံး ညီညွတ်စွာပါဝင်ကြိုးပမ်းကြစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှကျော်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ JICA မှ Mr. Koji TANAKA, Chief Advisor နှင့် Dr. Yoshinori YAMAMOTO ၊ ACARE မှ Dr. Mehta, Resident Advisor တို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




# ရန်ကုန်မြို့ ရေပိုမိုရရှိရေးနှင့် ရေအလေအလွင့် လျှော့ချနိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့တော် ရေပိုမိုရရှိရေးနှင့် ရေအလေအလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရေးအတွက် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်း၊ ဖိလစ်ပိုင်နိုင်ငံ Minila Water ကုမ္ပဏီတို့ပူးပေါင်း၍ အင်းစိန်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နှင့်တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်တို့တွင် ရေအလေအလွင့် ဆုံးရှုံးမှုလျှော့ချရေးအတွက် Pilot DMA Project များအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဌာနသို့လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်ခဲ့ပြီး နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။




အခမ်းအနားတွင် မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ Mr.Yukihiro Iwasaki နှင့်Minila Water ကုမ္ပဏီမှ Mr. Perry Rivera.,COO တို့က ရေအလေအလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးတို့က စီမံကိန်းဆောင်ရွက်ပေးခဲ့မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အဆိုပါ ရန်ကုန်မြို့တော် ရေပိုမိုရရှိရေးနှင့် ရေအလေအလွင့် ဆုံးရှုံးမှု လျှော့ချနိုင်ရေးနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဦးမျိုးသိန်းက "ရန်ကုန်အရှေ့ပိုင်းရှိ မြို့နယ်တွေနဲ့ သီလဝါအထူးစီးပွားရေးဇုန်တို့အတွက် သောက်သုံးရေ နေ့စဉ် ဂါလန်သန်း ၄၀ ထပ်မံဖြန့်ဝေပေးနိုင်ဖို့ လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် ပြီးစီးမှာဖြစ်ပါတယ်။ အဲဒီအပြင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်အနောက်ပိုင်းရှိ မြို့နယ်တွေကို သောက်သုံးရေထပ်မံဖြန့်ဝေပေးနိုင်ရေးအတွက် ကုက္ကိုဝမြစ်ရေတင်စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ပြီးစီးမှာဖြစ်တဲ့အတွက် နေ့စဉ် ရေဂါလန် သန်း ၆၀ ထပ်မံဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ တစ်ဖက်တွင်လည်း နေ့စဉ်ဖြန့်ဝေပေးလျက်ရှိတဲ့ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ လှော်ကားရေလှောင်ကန်၊ ညောင်နှစ်ပင် (ငမိုးရိပ်) နှင့် စက်ရေတွင်းများမှ သောက်သုံးရေ နေ့စဉ် ဂါလန် ၂၀၅ သန်းကိုလည်း ရေအလေအလွင့်ဆုံးရှုံးမှုမှ လျှော့ချနိုင်ရေး တစ်ပြိုင်တည်းဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မူလရေပေးဝေမှုအပေါ် ရေဖိအား ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယခုပြုလုပ်ပြီးစီးခဲ့တဲ့ Pilot DMA Project ဟာ ရေအလေအလွင့် ဆုံးရှုံးမှုလျှော့ချနိုင်မှုမှာ အင်းစိန်မြို့နယ်ရှိ ထန်းပင်ကုန်းရပ်ကွက်၌ မူလရေအလေအလွင့်ဆုံးရှုံးမှု ရာခိုင်နှုန်း ၅၂ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပြီး တောင်ဥက္ကလာပမြို့နယ်ရှိ (၁၄/၂)ရပ်ကွက်တွင်လည်း မူလရေအလေအလွင့်ဆုံးရှုံးမှု ရာခိုင်နှုန်း ၆၁ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။ **(စောသိန်းဝင်း)**

# မောင်တောမြို့နယ်၌ လူသတ်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူ ၁၁ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

မောင်တောမြို့နယ် ဒိုးတန်းကျေးရွာ၌ လူသတ်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူ ၁၁ ဦးအား ယမန်နေ့ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၅) ဒိုးတန်းကျေးရွာ၌ မတ် ၃၁ ရက် ညနေပိုင်းက ငါးခူရနယ်မြေစခန်း လူပျောက်အမှတ်စဉ် ၃/၂၀၁၇ အမှုနှင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ မသက်ာဖွယ်တရားခံများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းခဲ့ရာ မောင်တောမြို့နယ် သိမ်တောင်ကျေးရွာနေ ဆိုင်ကယ်ရီမောင်းသူ မာမတ်ဖော်ရီ ၁၉ နှစ် အပါအဝင် ၁၁ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများသည် မတ် ၁၂ ရက် ညနေ ၄ နာရီခွဲက မောင်တောမြို့နယ် စဉ်တောင်ကျေးရွာလူပျောက်မှုဖြစ်စဉ်နှင့် မတ်၂၇ရက်ခန့်က ငါးစာကြူးချောင်း၌ တွေ့ရှိရသည့်အလောင်းနှင့်ပတ်သက်သည့် လူသတ်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် ဘော်တလီ(၁)ကျေးရွာနေ မိသားစုများအား လူ ၂၅ ဦးခန့်က တုတ်၊ ဓား၊ ပုဆိန်များဖြင့် ဝိုင်းဝန်းရိုက်ခုတ်

**နေပြည်တော် မေ ၁**

မောင်တောမြို့နယ် ဘော်တလီ(၁) ကျေးရွာနေ အဘူတာဟဲရ် (အသက် ၆၀)သည် မိသားစုနှင့်အတူ အိမ်၌ အိပ်နေစဉ်မတ် ၃၁ ရက်နံနက် ၂နာရီခန့်တွင် တစ်ရွာတည်းနေ ဆွေယော့တူဆောင်း (အသက်၅၀)ပါ ၂၅ ဦးခန့်က တုတ်၊ ဓား၊ ပုဆိန်များ ကိုင်ဆောင်ရောက်ရှိလာပြီး တံခါးနှင့် ပြတင်းများကို ရိုက်ချိုးဖျက်ဆီးဝင်ရောက်၍ အဘူတာဟဲရ်ပါ မိသားစုဝင် ငါးဦးအား တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်ခုတ်ခဲ့ကြောင်း၊ ထို့နောက် အိပ်ခန်းအတွင်း သေတ္တာထဲမှ ငွေကျပ် ၁၀၂၀၀၀ ၊ ရွှေဆွဲကြိုး တစ်ကုံး၊ နားကပ်တစ်ရံ၊ လက်စွပ် တစ်ကွင်း၊ ဟန်းဖုန်း ၁ ခု စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၇၀၀၀၀ အား လုယူသွားပြီး အီဘရာဟိန်း (၁၅)နှစ်နှင့် အဒူလာဟာဒူလာမီ (၂၀)နှစ်တို့ နှစ်ဦးအား ကြိုးတုပ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ ဘော်တလီ(၁)ကျေးရွာနေ ဘော်ရှော်နေအိမ်မှ အဒူလာဟာဒူလာမီအား ကြိုးတုပ်လျက်ပြန်လည်တွေ့ရှိခဲ့ပြီး အီဘရာဟိန်းမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဆွေယော့တူဆောင်းပါ(၂၅)ဦးခန့်အား ကြိမ်ချောင်းနယ်မြေရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၉၅/၃၆၅ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်းနှင့် ညနေ ၅ နာရီခွဲတွင် ဆွေယော့တူဆောင်းပါ ခြောက်ဦးတို့အား ဖမ်းဆီးရမိပြီး ကျန်တရားခံများအား ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ရေပေးတူးမြောင်းများ ဖောက်လုပ်လျက်ရှိ

**ဖြူး မေ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ယခင်က မိုးစပါးများကို မိုးကောင်းရေသောက် စနစ်ဖြင့်သာ မိုးကိုမျှော်၍ စိုက်ပျိုးခဲ့ကြရာ မိုးခေါင်သည့်နှစ်များတွင် မိုးစပါးစိုက်ပျိုးရန် အခက်အခဲနှင့်ကြုံတွေ့လျက်ရှိသည်။

ဖြူးမြို့အရှေ့ဘက်ရှိ အချို့သော ကျေးရွာအုပ်စုများမှာ မိုးရာသီတွင် ရေကြီးကွင်းဖြစ်၍ ရေကျသွားမှသာ မိုးစပါးများကို စိုက်ပျိုးခဲ့ကြရသဖြင့် မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးခဲ့ကြရကြောင်း သိရသည်။ ယခုအခါတွင် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ထွက်လာသည့်ရေများကို တူးမြောင်းများဖောက်လုပ်၍ ဆည်ရေများ ပို့လွှတ်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် ဖောက်လုပ်လျက်ရှိသည်။

ယင်းသို့ ဖောက်လုပ်လျက်ရှိရာတွင် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ ဦးစီးမှူး ဦးသိန်းသန်းထွန်း (မြို့ပြ)၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရေပေးတူးမြောင်း ဖောက်လုပ်လျက်ရှိရာ လက်ယာမြောင်းမကြီးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အရှည် ၄ ဒသမ ၆၆ မိုင် ပြီးစီးသွားပြီဖြစ်ပြီး အောက်ခြေအကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေရှိကာ လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖြူး-မြင့်ဦး)**



# အကောက်ခွန်ဦးစီးဌာနက မတ်လအတွင်း ကျပ်သန်းပေါင်း ၃၅၀၀ ကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် မေ ၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းမျာကို တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ မတ်လတစ်လတာအတွင်း ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၃၅၀၀ ကျော် တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။




အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် မတ် ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာအတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုး ကျပ် ၃၅၈၅ ဒသမ ၇၁၈ သန်း သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းမိခဲ့ရာတွင် ရန်ကုန်လေဆိပ် ကုန်လှောင်ရုံက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုး ကျပ် ၁ ဒသမ ၈၃၃ သန်းခန့်)၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်က တားဆီးမှုသုံးမှု(ခန့်မှန်တန်ဖိုးကျပ် ၇ ဒသမ ၈၈၇ သန်းခန့်)၊ ရန်ကုန် ဆိပ်ကမ်းက တားဆီးမှု ၁၂ မှု(ခန့်မှန်းတန်ဖိုးကျပ် ၄၃၈ ဒသမ ၅၂၇ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမျူးရုံးက တားဆီးမှု ၇၄ မှု (ခန့်မှန်းတန်ဖိုးကျပ် ၅၉၃ ဒသမ ၁၀၂ သန်းခန့်)၊ ရေပူစစ်ဆေးရေး စခန်းက တားဆီးမှု ၁၅၆ မှု(ခန့်မှန်း တန်ဖိုးကျပ် ၁၄၇၇ ဒသမ ၀၆၆ သန်း ခန့်)၊ မရမ်းချောင် စစ်ဆေးရေးစခန်းက တားဆီးမှု ၁၃၆ မှု(ခန့်မှန်းတန်ဖိုးကျပ် ၇၅၅ ဒသမ ၁၁၅ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမျူးရုံးက တားဆီးမှု ၄၁ မှု(ခန့်မှန်းတန်ဖိုးကျပ် ၂၆၅ ဒသမ ၈၁၁ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမျူးရုံးက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၀ ဒသမ ၀၅၁ သန်းခန့်)၊ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမျူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၄ ဒသမ ၁၃၄ သန်းခန့်)၊ မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမျူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၀ ဒသမ ၈ သန်းခန့်)၊ တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမျူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၃၉၂ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ၄၃၃ မှု(ခန့်မှန်းတန်ဖိုးကျပ် ၃၅၈၅ ဒသမ ၇၁၈ သန်းခန့်)သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ သိမ်းဆည်းရမိခဲ့မှုများတွင် မတ် ၂၇ ရက်က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် Nissan Diesel ၁၀ ဘီးယာဉ်ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် "Parijat" Tobacco (1x 30x 10) (50)g (218)Pkgs နှင့် သယ်ဆောင်သည့် ယာဉ်အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၉၄ ဒသမ ၃၀ သန်းခန့်ကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(ဝဝ၁)**

# သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓားလက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ စိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များမောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။
၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသောဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြှူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။
၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသောဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။
၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။
၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# မောင်တောမြို့နယ် သက်ကိုင်ညာအုပ်ချုပ်ရေးမှူးရုံးမှ ရုံးအကူစာရေးကို ဖမ်းဆီးခေါ်ဆောင် ကျေးရွာဆယ်အိမ်မှူးကို ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်

**နေပြည်တော် မေ ၁**

မောင်တောမြို့နယ် သက်ကိုင်ညာကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ရုံးအကူစာရေးနှင့် ဆယ်အိမ်မှူးအပါအဝင် လူလေးဦးကို ခေါင်းစွပ်ဝတ်ဆင်ထားသူများက ထိုးကြိတ်ရိုက်နှက်ပြီး ရုံးအကူစာရေးနှင့် အခြားတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

သက်ကိုင်ညာကျေးရွာနေ ရှောင်ရှူအာလောင် (၃၅)နှစ်၏နေအိမ်တွင် တစ်ရွာတည်းနေသူများဖြစ်သည့် အယ်ဇာဟူဆောင်း (၃၇)နှစ်၊ ဆော်ဒုလ်လာမီ (၃၀)နှစ်၊ မာမတ်ဟူဆိန်း(၄၀)နှစ်တို့ အတူရှိနေစဉ် မတ် ၃၁ ရက် ညသန်းခေါင်ကျော်အချိန်တွင် တုတ်၊ ဓားများကိုင်ဆောင်ထားပြီး ခေါင်းစွပ်အမည်းများ ဝတ်ဆင်ထားသည့် လူ ၃၀ ခန့်က နေအိမ်ထရံကို ဖျက်ဆီးဝင်ရောက်ကာ ၎င်းတို့လေးဦးကို ထိုးကြိတ်ရိုက်နှက်ပြီး ရှောင်ရှူအာလောင်နှင့် အယ်ဇာဟူဆောင်းတို့နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ရှောင်ရှူအာလောင်သည် သက်ကိုင်ညာအုပ်ချုပ်ရေးမှူးရုံးတွင် ရုံးအကူစာရေးလုပ်ကိုင်ပြီး အယ်ဇာဟူဆောင်းမှာ ကျပန်းအလုပ် လုပ်ကိုင်သူဖြစ်သည်။

ဆော်ဒုလ်လာမီနှင့် မာမတ်ဟူဆိန်းတို့နှစ်ဦးမှာ ဝိုင်းဝန်းထိုးကြိတ်စဉ် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ဆော်ဒုလ်လာမီမှာ ကျေးရွာဆယ်အိမ်မှူးတာဝန် ထမ်းဆောင်နေသူဖြစ်ပြီး ထိုးကြိတ်ရိုက်နှက်ခံရစဉ်က ဦးခေါင်းနောက်စေ့ ပြတ်ရှဒဏ်ရာ၊ ဘယ်ဘက်နောက်ကျော ပြတ်ရှဒဏ်ရာ၊ မာမတ်ဟူဆိန်းတွင် ဘယ်ဘက်မျက်ခုံး၊ ဘယ်ဘက်ကျောပြင်နှင့် ခါးတို့တွင် နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းအား မျက်နှာဖုံးဝတ်လူတစ်စုက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် မေ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းကို မတ် ၃၀ ရက် ညပိုင်းတွင် မျက်နှာဖုံးဝတ်လူတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း နုမာမတ် (၃၉)နှစ်သည် မိသားစုနှင့်အတူ နေအိမ်၌အိပ်နေစဉ် မတ် ၃၀ ရက် ညသန်းခေါင်ကျော်တွင် မျက်နှာဖုံးဝတ်ဆင်ထားသော လူ ၁၅ ဦးခန့်က အိမ်အနောက်ဘက် ဝါးထရံကိုဖျက်၍ ဝင်ရောက်လာပြီး နုမာမတ်ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျိုင်းလပ်မြို့ နမ့်ကိုင်းကျေးရွာ၌ ငွေကျပ်သိန်း ၁၀၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တာချီလိတ် မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှံကျေးရွာအုပ်စု နမ့်ကိုင်းကျေးရွာ တပ်စခန်းရှေ့၌ မတ် ၃၁ ရက် ည ၉ နာရီခန့်က ငွေကျပ် သိန်း ၁၀၀၀ ခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းလပ်မြို့ နမ့်ကိုင်းကျေးရွာရှိ တပ်စခန်းရှေ့တွင် အမှတ်(၃၁၆)ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးအောင်ရဲကျော် ဦးစီးသောပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် တာလေမြို့ဘက်မှ ကျိုင်းလပ်မြို့ဘက်သို့ ကျော်ဇေယျမောင်းနှင်ပြီး နောက်မှ ဦးကျကော လိုက်ပါလာသည့် Wave-125 HONDA အမျိုးအစား မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကျောပိုးအိတ်ဖြင့်ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၄၀၀၀၀ (တန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ခန့်)ကို သိမ်းဆည်းရမိကြောင်း သိရသည်။ အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် ကျော်ဇေယျနှင့် ဦးကျကောတို့နှစ်ဦးကို မိုင်းပါလျှံနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု(၃၅၉)မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ(၈၃၈)ဦး၊ သေဆုံး(၁၃၂)ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။


သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

**ဒီတစ်ပတ် လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ အစီအစဉ်မှာ ဥရောပထိပ်တန်းလိဂ်တွေရဲ့ ထွက်ပေါ်နေတဲ့ အပြောင်းအရွှေ့ ၁၀ ခုကို တင်ဆက်ပေးလိုက်ပါတယ်။ ဒီ ၁၀ ခုဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေသလို ဒီထဲက ငါးခုဟာလည်း ဒီနှစ်နွေမှာ ၅၀ရာခိုင်နှုန်းလောက်သေချာတဲ့ အပြောင်းအရွှေ့တွေရယ်လို့ အားကစားသုံးသပ်သူတွေက ထင်မြင်ချက်ပေးထားကြပါတယ်။**




### ဂျိမ်းစ်ရိုဒရီဂွက်ဇ်-ရီးယဲလ်မှ လီဗာပူး

ပြီးခဲ့တဲ့ ဇန်နဝါရီ ဈေးကွက်ကာလကတည်းက ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာဖို့ အသင့်ရှိနေပြီလို့ ပြောဆိုဖူးခဲ့တဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ လာမယ့်နွေမှာ လီဗာပူးအသင်းကို ရောက်ရှိမယ်လို့ တစ်ပြေးနေတဲ့ ကစားသမားဖြစ်ပါတယ်။ သူ့ကို ချယ်လ်ဆီး၊ မန်ယူအသင်းတို့ကလည်း အလိုရှိနေပေမယ့် သူကတော့ လီဗာပူးကိုသာ ရောင်ရှိနိုင်ဖို့ အလားအလာရှိနေတာပါ။

ဂျိမ်းစ်က ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာ မိုနာကိုကနေ ရီးယဲလ်ကို ပြောင်းရွှေ့ကြေး ပေါင် ၆၃ သန်းနဲ့ပြောင်းရွှေ့လာခဲ့သူဖြစ်ပေမယ့် တိုနီခရူးစ်-မိုဒရစ်-ကက်စီမီရိုတို့ရှိနေတဲ့ ကွင်းလယ်ပိုင်းမှာ ဂျိမ်းစ်က ပွဲထွက်ချိန် ကန့်သတ်ချက်ရှိနေတာပါ။ ရီးယဲလ်မက်ဒရစ်ကလည်း ကစားသမားပြောင်းရွှေ့ခွင့် တစ်ကြိမ် ပိတ်ပင်ခံထားရလို့သာ ဂျိမ်းစ်ကို ဆက်ထိန်းထားတာဖြစ်လို့ မြင့်မားတဲ့ ပြောင်းရွှေ့ကြေးရရင် ထုတ်ရောင်းမှာ သေချာပါတယ်။ လီဗာပူးနည်းပြ ဂျာဂန် ကလော့ပ်ကတော့ ကော်တင်ဟိုကို ဘာစီလိုနာကနေ တောက်လျှောက် ချိတ်ဆက်နေတာကြောင့် အသင့်သုံးနိုင်တဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အစားထိုး ဖြည့်ဆည်းနိုင်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

### အေဒင်ဟာဇက်-ချယ်လ်ဆီးမှ ရီးယဲလ်

ချယ်လ်ဆီးအသင်းရဲ့ တောင်ပံတိုက်စစ်မှူး အေဒင်ဟာဇက်ဟာ ရီးယဲလ်ရဲ့ နွေဈေးကွက် အဓိက ကစားသမားဖြစ်နေတာက ချယ်လ်ဆီးအသင်းပရိသတ်အတွက် မသက်မသာ ဖြစ်စေပါလိမ့်မယ်။ ရီးယဲလ်က သူတို့လိုချင်တဲ့ ကစားသမားကို မရရအောင် ခေါ်ယူတတ်တဲ့အစဉ်အလာလည်း ရှိတာကြောင့်လည်း ဒီအပြောင်းအရွှေ့ဟာ ဘာမဆိုဖြစ်လာနိုင်တဲ့ အပြောင်းအရွှေ့တစ်ခုလို့ သတ်မှတ်ရတော့မှာပါ။ ဒ့ါအပြင် ဟိုအရင်အချိန်ကသာ ရီးယဲလ်က အသက် ၃၀ နားနီးတဲ့ ကစားသမားတွေ ခေါ်ယူတတ်ပြီး ခုနောက်ပိုင်းကာလတွေမှာ ကစားသမားတစ်ဦးကို အသက်သိပ်ကြီးတဲ့အရွယ်မှာ ခေါ်လေ့ခေါ်ထမရှိတတ်တဲ့ အသင်းဖြစ်ပါတယ်။ ရီးယဲလ်က ခေါ်ယူချိန်မှာ စီရိုနယ်လ်ဒို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ဟာ ၂၄ နှစ်ဝန်းကျင်၊ ဂါရတ်ဘေးလ်က အသက်(၂၃)နှစ်လောက်နဲ့ ရီးယဲလ်ကို ရောက်ရှိလာတာကြောင့် လက်ရှိ (၂၆) နှစ်ရှိပြီဖြစ်တဲ့ ဟာဇက်အနေနဲ့ ရီးယဲလ်ကို ပြောင်းချင်တယ်ဆိုရင် အချိန်ဆွဲလို့ သိပ်မရဘူးဆိုတာတော့ သဘောပေါက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်နွေမှာ ဟာဇက် ရီးယဲလ်ကို ရောက်သွားမလားဆိုတာ စောင့်ကြည့်ချင်စရာ အတော်ကောင်းတဲ့ ကိစ္စရပ်ဖြစ်နေပါတယ်။

### လာကာဇက်တီ-လိုင်ယွန်မှ အက်သလက်တီကို

လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီဟာ အပြောင်းအရွှေ့ဈေးကွက်တိုင်းမှာ အသင်းပြောင်းမယ့်ကစားသမားအဖြစ် ရေပန်းစားတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းမှာ မိခင်ကလပ် လိုင်ယွန်မှာပဲ ဆက်ကစားနေဆဲဖြစ်ပြီး မြင့်မားတဲ့ ပြောင်းရွှေ့ကြေးကြောင့် ကမ်းလှမ်းလာတဲ့ အသင်းတိုင်း လှည့်ပြန်ခဲ့ရတာချည်း ဖြစ်ပါတယ်။ သူ့ကို ဂျူဗင်တပ်၊ အာဆင်နယ်အသင်းတွေက ချိတ်ဆက်ခဲ့ဖူးပြီး အာဆင်နယ်ကို ရောက်မယ့်ကစားသမားအဖြစ်ထင်မြင်ကြသူတွေလည်း ရှိပါတယ်။


ခုတော့ အက်သလက်က လာကာဇက်တီအတွက် ပေါင်သန်း ၄၀ကျော် အသုံးပြုမယ့် သဘောရှိနေလို့ ဒီတစ်ခါတော့ လိုင်ယွန်ကနေ ခွာနိုင်ဖို့ရှိနေပါပြီ။ အက်သလက်တီကိုကလည်း မန်ယူကို ထွက်ခွာမယ့် အခြေအနေရှိနေတဲ့ ဂရစ်ဇ်မန်းနေရာ အရန်သင့်သုံးဖို့ လာကာဇက်တီကို ခေါ်ယူဖို့ ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ လာကာဇက်တီကလည်း ကစားသမားဘဝ ပထမဦးဆုံးအပြောင်းအလဲအဖြစ် လာလီဂါကို ခြေချဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

### မာဆယ်လ်လို ဘရိုဇိုဗစ်- အင်တာမီလန်မှ မန်ယူ

မန်ယူအသင်းရဲ့ လက်ရှိ ကွင်းလယ်ဟာ တောင့်တင်းပေမယ့် နည်းပြမော်ရင်ဟိုကတော့ တိုက်စစ်ပိုင်း လိုက်ပါပြောင်းလဲရာမှာ ပိုမိုထိရောက်တဲ့ ကွင်းလယ်ကစားသမားအဖြစ် ဘရိုဇိုဗစ်ကို မန်ယူအသင်းအတွက် အလိုရှိနေတာဖြစ်ပါတယ်။ ဘရိုဇိုဗစ်ဟာ ကွင်းလယ်ပိုင်းနေရာစုံ ကစားနိုင်တဲ့ ကွင်းလယ်လူတစ်ဦးဖြစ်သလို အခုမှ အသက်(၂၄)နှစ်သာ ရှိသေးတဲ့အတွက် မန်ယူအသင်းက ခေါ်ယူချင်နေတာဖြစ်ပါတယ်။ ဒါပေမယ့် အင်တာမီလန်အသင်းကလည်း ငွေကြေးအင်အားတောင့်တာကြောင့် သူ့ကို လက်လွှတ်ခံမယ့်ပုံမရှိပါဘူး။ မန်ယူအသင်းကတော့ ပေါ့ဘာကို ခေါ်ယူနိုင်ခဲ့ပြီးဖြစ်တာကြောင့် ဘရိုဇိုဗစ်လည်း မန်ယူကို လာရောက်ပူးပေါင်းဦးမယ်လို့ မျှော်လင့်ထားပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ အထက်သုံးစွဲမယ်လို့ သတင်းတွေ ထွက်နေပါတယ်။ သူ့ကို မန်ယူအသင်းအပြင် အာဆင်နယ်အသင်းကလည်း ခေါ်ယူဖို့ ချိတ်ဆက်နေတယ်လို့ သိရပါတယ်။

### ဝိန်းရွန်းနီ- မန်ယူမှ အဲဗာတန်

မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီဟာ အဲဗာတန်အသင်းကို ကျောခိုင်းခဲ့တာက ၂၀၀၄ ခုနှစ်မှာဆိုတော့ ၁၃ နှစ်နီးပါး ကြာမြင့်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် ခုတော့ မန်ယူမှာ နန်းကျဘုရင်လို ဖြစ်နေတဲ့ ရွန်းနီကိုအသင်း




ဟောင်းအဲဗာတန်က ခေါ်ယူချင်တယ်လို့ ကမ်းလှမ်းခဲ့ပြီး ခုမှ အသက်(၃၁) နှစ်သာ ရှိသေးတာကြောင့် ကောင်းကောင်းကစားနိုင်ဆဲ ဖြစ်တယ်လို့ အဲဗာတန်နည်းပြ ကိုးမန်းက ယုံကြည်နေတာဖြစ်ပါတယ်။ ကိုးမန်းကတော့ ရွန်းနီအနေနဲ့ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝ အဆုံးမသတ်ချင်ရင် အဲဗာတန်နဲ့ ပူးပေါင်းတာက အကောင်းဆုံးဖြစ်ပြီး ရှုနိုက်ဒါလင်ရဲ့အဲဗာတန်နဲ့ မန်ယူကစားသမားဘဝကို နှိုင်းယှဉ်ပြခဲ့ပါတယ်။

မော်ရင်ဟိုကလည်း လစာနှုန်းထားမြင့်မားတဲ့ ရွန်းနီထက်ဆို အခြားတိုက်စစ်ကစားသမားတစ်ဦးကို အစားထိုးခေါ်ယူခြင်းက မန်ယူအတွက် ပိုပြီး အကျိုးရှိမယ့် နည်းလမ်းလို့ ယုံကြည်ထားပြီး အဲဗာတန်တိုက်စစ်မှူး လူကာကူကို မျက်စိကျနေပါတယ်။ ကိုးမန်းကလည်း လူကာကူကို ဆက်ထိန်းမယ်လို့ ပရိသတ်တွေကို ကတိပြုထားတာကြောင့် ရွန်းနီကို ရရင်ခေါ်မယ်၊ မရရင်လည်း သိပ်ပြီးအားထည့် ကြိုးပမ်းမယ့်ပုံမရှိဘူးဆိုတဲ့ ခန့်မှန်းချက်တွေလည်း ထွက်နေပါတယ်။

### ဘာကာယိုကို-မိုနာကိုမှ ချယ်လ်ဆီး

ယခုနှစ်မိုနာကိုအသင်းနဲ့အတူ ထင်ရှားလာတဲ့ ကစားသမားတွေထဲမှာ ပြင်သစ်လက်ရွေးစင်ကစားသမား ဘာကာယိုကိုလည်း ပါဝင်သလို နည်းပြ ကွန်တီရဲ့ နွေဈေးကွက် အလိုရှိဆုံး ထိပ်ဆုံးနေရာမှာပါဝင်လာတာဖြစ်ပါတယ်။ အသက်(၂၂)နှစ်သာ ရှိသေးတဲ့ ဘာကာယိုဟာ မိုနာကိုအသင်းနဲ့ ၂၀၁၉ ခုနှစ်အထိ စာချုပ်ရှိသူဖြစ်ပြီး မန်ယူအသင်းကလည်း စောင့်ကြည့်နေပါတယ်။ ဘာကာယိုကိုကတော့ သူ့ကိုကမ်းလှမ်းလာတဲ့ အပြောင်းအရွှေ့ကိစ္စရပ်တွေကို လက်ခံဆွေးနွေးနေပြီး ဘယ်အသင်းကို ပြောင်းမယ်ဆိုတာ အရိပ်အမြွက်တောင် ဖော်ပြခြင်းမရှိပါဘူး။ ဘာကာယိုကိုဟာ အရင်က ဥရောပမှာ အလွန်ထင်ရှားတဲ့ ကွင်းလယ်ကစားသမားမဟုတ်ပေမယ့် မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ မိုနာကိုအသင်းအတွက် အဆုံးအဖြတ်သွင်းဂိုးကို သွင်းယူခဲ့ပြီးနောက် ပိုမိုထင်ရှားလာခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ဈေးကွက်ကတည်းက ဘာကာယိုကိုကို ချိတ်ဆက်နေခဲ့တဲ့ အသင်းဖြစ်ပါတယ်။

### ဘာနာဒိုဆေးလ်ဗား-မိုနာကိုမှ ဘိုင်ယန်

ဘိုင်ယန်နည်းပြ အန်စလော့တီက တိုက်စစ်မှူး ကင်စလေကိုးလ်မန်းကို မန်စီးတီးကို ပေါင်သန်း ၄၀ ဝန်းကျင်နဲ့ ရောင်းထုတ်ပြီး မိုနာကိုအသင်းတောင်ပံတိုက်စစ်မှူး ဘာနာဒိုဆေးလ်ဗားကို ပြန်လည် ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ ဘာနာဒို ဆေးလ်ဗားကို ခေါ်ယူချင်တဲ့အသင်းအမြောက်အမြားရှိပေမယ့် မြင့်မားတဲ့ ပြောင်းရွှေ့ကြေးကြောင့် လက်တစ်ဆုပ်စာတောင်မပြည့်တဲ့ အသင်းကြီးတွေကသာ ခေါ်ယူနိုင်ဖို့ ရှိနေပါတယ်။ ဘိုင်ယန်ကတော့ ဘာနာဒိုဆေးလ်ဗားကို ရရှိဖို့ ထိပ်ဆုံးကပြေးနေတဲ့ အသင်းဖြစ်ပြီး လာမယ့်နွေ ဘိုင်ယန်ရဲ့ ကစားသမားအင်အားတွေထဲမှာ ဘာနာဒိုဆေးလ်ဗားကို မြင်တွေ့ရဖို့ ရှိနေပါတယ်။


### ကော်တင်ဟို-လီဗာပူးမှ ဘာစီလိုနာ

ကော်တင်ဟိုဟာ လီဗာပူးနဲ့ ဘရာဇီးအသင်းမှာ မြင့်မားတဲ့ ခြေစွမ်းပြသထားသူဖြစ်ပြီး သူ့ကို အလိုရှိတဲ့ အသင်းတွေထဲမှာ ဘာစီလိုနာအသင်းက ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ကော်တင်ဟိုဟာ ဘာစီလိုနာက အလိုရှိနေတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတဲ့ အချိန်မှာပဲ လီဗာပူးနဲ့ သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တာကြောင့် ဘာစီလိုနာကို မပြောင်းတော့ဘူးလို့ ပရိသတ်တွေက ထင်မြင်ခဲ့ကြပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းက ခြေလှမ်းတွေ ထပ်တိုးမြဲ တိုးနေသလို ကော်တင်ဟို ဘာစီလိုနာကိုရောက်တော့မယ်ဆိုတဲ့ သတင်းတွေလည်း ခပ်စိပ်စိပ် ထွက်လာပါတယ်။ ဘာစီလိုနာက ကော်တင်ဟိုအတွက် ပြောင်းရွှေ့ကြေး ပေါင်၆၅ သန်းနဲ့ ကမ်းလှမ်းခဲ့ပြီး လာလီဂါနဲ့ ချန်ပီယံလိဂ် အိပ်မက်အတွက် ကော်တင်ဟို ဘာစီလိုနာကို ပြောင်းမယ်ဆိုတဲ့ သတင်းတွေထွက်နေပါတယ်။

### ဂရစ်ဇ်မန်း- အက်သလက်တီကိုမှ မန်ယူ

အက်သလက်စတား ဂရစ်ဇ်မန်းရဲ့ မန်ယူအပြောင်းအရွှေ့ဟာ မီဒီယာစာမျက်နှာတွေထက် အမြဲလှုပ်ရှားနေပေမယ့် တကယ်တမ်းကျ ခုထိ ဖြစ်မြောက်မလာသေးတဲ့ အပြောင်းအရွှေ့သာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်နွေဈေးကွက်မှာတော့ ဂရစ်ဇ်မန်းကို မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၉၀ နီးပါးနဲ့ ခေါ်ယူဖို့ ကြိုးစားမှာဖြစ်ပြီး မန်ယူကွင်းလယ်လူ ပေါ့ဘာနဲ့ ဂရစ်ဇ်မန်းကြား နီးကပ်တဲ့ ဆက်ဆံရေးက ဂရစ်ဇ်မန်းကို မန်ယူအသင်းက ခေါ်ယူနိုင်ရေး အဓိက သော့ချက်ဖြစ်နေပါတယ်။ မော်ရင်ဟိုက တိုက်စစ်ပိုင်းအတွက် အီဗရာဟီမိုဗစ်ကို ကာလတိုအတွက်သာ ရည်ရွယ်ထားတာဖြစ်လို့ ဂရစ်ဇ်မန်းကို သေချာပေါက် ခေါ်ယူဖို့ ကြိုးပမ်းပါလိမ့်မယ်။ ဂရစ်ဇ်မန်းကလည်း အက်သလက်တီကို သံယောဇဉ်တွယ်နေပေမယ့် မန်ယူအသင်းရဲ့ မြင့်မားတဲ့ လစာနှုန်းထားကြောင့် မန်ယူကို ပြောင်းရွှေ့နိုင်မယ့် ကစားသမားတစ်ဦးလို့ ထင်မြင်ချက်ပေးခံခားရသူ ဖြစ်ပါတယ်။

**မေလှဲ့သင်း-ရေးသားသည်**



# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၉,၉၄၄.၁၀၀ | | | | | | | | | ၁၉,၉၄၄.၁၀၀ |
| ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၆၅,၀၀၀.၀၀၀ | | | | | | ၂၇,၂၅၅.၀၀၀ | | | ၉၂,၂၅၅.၀၀၀ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၄၆,၄၂၀.၇၇၈ | | | | ၁၄,၂၆၅.၉၄၀ | | ၂၁၁,၀၀၂.၇၃၀ | | | ၄၇၁,၉၉၀.၄၄၈ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၉၆,၀၇၃.၀၅၀ | | | | ၅၉.၂၅၀ | | | | | ၂၉၆,၁၃၂.၃၀၀ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃,၇၁၆,၄၉၈.၃၃၇ | | | | ၁,၉၁၀.၆၆၃ | | ၂၁၅,၀၄၅.၆၈၈ | | | ၃,၉၃၃,၄၅၄.၆၈၈ |
| ၆ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၄၅,၂၀၃.၉၈၁ | | | | | | | | | ၁၄၅,၂၀၃.၉၈၁ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၂၃,၇၅၂.၄၄၈ | | | | ၃,၅၂၀.၃၂၇ | | ၂၀,၅၆၉.၅၁၁ | | | ၄၄၈,၈၄၂.၂၈၆ |
| | ပေါင်း | | | | ၄,၉၀၂,၈၉၃.၆၉၄ | | | | ၂၀,၀၅၆.၁၈၀ | | ၄၇၄,၈၇၂.၉၂၉ | | | ၅,၄၀၇,၈၂၂.၈၀၃ |

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ - သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | သုံးငွေပေါင်း | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ) - သာမန်သုံးငွေများ | ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နိုင်ငံတော်သို့ထည့်ဝင်ငွေ | ငွေလုံးငွေရင်းသုံးငွေ | သုံးငွေပေါင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၄+၅+၆+၇+၈) | ၁၀ | ၁၁ | ၁၂ | ၁၃(၁၀+၁၁+၁၂) | ၁၄(၉+၁၃) |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | ၁၇,၂၆၀.၉၇၆ | ၇၉၅.၅၅၅ | ၁,၉၅၈.၆၀၀ | ၂၀,၀၁၆.၁၄၂ | ၂၀,၀၁၆.၁၄၂ |
| ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၅၅,၂၉၇.၁၀၀ | ၆၅၅.၉၃၈ | ၂၆,၅၅၇.၂၀၀ | | | ၈၂,၅၁၀.၂၃၈ | | | | | ၈၂,၅၁၀.၂၃၈ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၄,၆၈၆.၂၇၇ | ၂၆၆,၉၅၉.၄၈၃ | | ၂၂,၉၂၄.၄၂၈ | | ၃၉၄,၅၇၀.၁၈၈ | ၉၂,၉၁၉.၉၂၉ | ၅၉,၃၇၇.၇၅၃ | ၆၇,၁၇၀.၉၀၂ | ၂၁၉,၄၆၈.၅၈၄ | ၆၁၄,၀၃၈.၇၇၂ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | | | | ၁၀၉,၃၉၆.၂၅၃ | ၁၇၉,၀၁၃.၈၄၃ | ၃၁၄.၉၅၅ | ၂၈၈,၇၂၅.၀၅၁ | ၂၈၈,၇၂၅.၀၅၁ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၇၁၀,၆၈၈.၂၆၄ | ၂၆၈,၆၈၈.၈၀၀ | | ၁၇၈,၈၃၇.၈၃၉ | | ၁,၁၅၈,၂၁၄.၉၀၃ | ၂,၁၃၁,၆၀၇.၂၆၅ | ၇၆၀,၉၄၁.၅၃၁ | ၁၅,၉၇၇.၇၅၄ | ၂,၉၀၈,၅၂၆.၅၅၀ | ၄,၀၆၆,၇၄၁.၄၅၃ |
| ၆ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၉၇,၈၀၈.၆၁၀ | ၉၇,၅၀၃.၁၉၅ | | ၈၅,၀၉၁.၄၅၀ | | ၂၈၀,၄၀၃.၂၅၅ | ၉၁,၄၇၂,၄၇၂ | ၄,၀၆၄.၂၀၅ | | ၉၅,၃၃၆.၆၇၇ | ၃၇၅,၉၃၉.၉၃၂ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၇၆,၇၇၂.၇၄၉ | ၁၉,၀၇၀.၄၇၈ | | | ၁၅,၃၅၀.၉၇၁ | ၅၁၁,၁၉၄.၁၉၈ | | | | | ၅၁၁,၁၉၄.၁၉၈ |
| | ပေါင်း | | ၁,၄၄၅,၂၅၃.၀၀၀ | ၆၅၂,၈၇၇.၈၉၄ | ၂၆,၅၅၇.၂၀၀ | ၂၈၆,၈၅၃.၇၁၇ | ၁၅,၃၅၀.၉၇၁ | ၂,၄၂၆,၈၉၂.၇၈၂ | ၂,၄၄၂,၆၅၇.၈၉၅ | ၁,၀၀၄,၁၉၂.၈၈၇ | ၈၅,၄၂၂.၂၂၂ | ၃,၅၃၂,၂၇၃.၀၀၄ | ၅,၉၅၉,၁၆၅.၇၈၆ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၃၆,၅၂၃.၂၃၀ | | | | ၁၄,၀၁၄.၀၀၀ | | ၁၀၇,၆၅၈.၆၇၂ | | | ၃၅၈,၁၉၅.၉၀၃ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၅၁၃,၄၀၀.၂၁၈ | | | | | | ၁၇,၆၁၈.၄၇၃ | | | ၅၃၁,၀၁၉.၆၉၁ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၂၃၉,၀၅၂.၀၉၈ | | | | | | ၁၈,၇၆၆.၈၅၀ | | | ၂၅၇,၈၁၈.၉၄၈ |
| | ပေါင်း | | | | ၉၈၈,၉၇၆.၅၄၆ | | | | ၁၄,၀၁၄.၀၀၀ | | ၁၄၄,၀၄၃.၉၉၅ | | | ၁,၁၄၇,၀၃၄.၅၄၂ |


ဆက်လက်ဖော်ပြပါမည်။













# ကောင်းဆိုးနှစ်ထွေ ရောသမမွှေ စီးပွားရေး



ဓာတ်ပုံ- Fox Business

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အိုဘားမားလက်ထက်က တည်ရှိခဲ့သော ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများအား ပြန်လည်ဖြေလျှော့ရန် သမ္မတ၏အခွင့်အာဏာအရ အမိန့်ထုတ်ပြန်လိုက်သည်။

ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းကို မြှင့်တင်အားပေးပါမည်ဆိုသော ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးရေး ကတိကဝတ်နှင့်အညီ 'စွမ်းအင်လုပ်ငန်းကဏ္ဍ လွတ်လပ်ခွင့်ရှိရေး' အမည်ရှိ မူဝါဒရေးရာ ညွှန်ကြားလွှာကို ကျောက်မီးသွေးတွင်းလုပ်ငန်းရှင်များနှင့် အမှုဆောင်အရာရှိကြီးများ ရှေ့မှောက်တွင် မတ် ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့လေသည်။

အမေရိကန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီဌာနချုပ်၌ အဆိုပါညွှန်ကြားချက်ကို သမ္မတက လက်မှတ်ရေးထိုးလိုက်ပြီးနောက် မကြာမတင်မှာပင် ပြည်နယ်များနှင့် ဒေသန္တရအစိုးရအဖွဲ့ ၂၃ ခုပါဝင်သော ညွန့်ပေါင်းအဖွဲ့ကလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အုပ်စုများကလည်းကောင်း ဝေဖန်မှုများဖြင့် ချက်ချင်းတုံ့ပြန်ခဲ့ကြသည်။

ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်နေသော ပြဿနာအဖြစ် ယင်းအုပ်စုများက ရှုမြင်ကြပြီး ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဟု ယင်းအဖွဲ့အစည်းများက သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

သမ္မတအမိန့် ဒီကရီ၏ ဦးတည်ရာ ပစ်မှတ်သည်ကား ယခင်သမ္မတ ဘားရက်အိုဘားမား၏ 'သန့်ရှင်းသော စွမ်းအင်' အစီအစဉ်ဖြစ်သည်။ ယင်းအစီအစဉ်အရ အမေရိကန် ပြည်နယ်များရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများသည် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို မလုပ်မနေရ လျှော့ချရန် စည်းမျဉ်းသတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုင်ငံပေါင်း ၂၀၀ ခန့်က ရရှိခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်နှင့်အညီ အမေရိကန်က သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်ရေးဆီသို့ ဦးတည်ရွေ့လျားခဲ့ရာမှ သမ္မတထရန့်က ပြန်လည်ဖြေလျှော့ပေးလိုက်ခြင်းဖြစ်လေသည်။

အမေရိကန်၏ စွမ်းအင်လုပ်ငန်းကဏ္ဍအပေါ် ချမှတ်ထားသော ကန့်သတ်ချက်များအား ရုပ်သိမ်းနိုင်ရန်လည်းကောင်း၊ စွမ်းအင်လုပ်ငန်းများအပေါ် အစိုးရ၏ ကြားဝင်စွက်ဖက်မှု အဆုံးသတ်စေရန်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများအား ပိတ်ပင်တားဆီးသော စည်းမျဉ်းများကို ပြန်လည်ဖျက်သိမ်းနိုင်ရန်လည်းကောင်း မိမိ၏လုပ်ဆောင်မှုများက သမိုင်းဝင် ဆောင်ရွက်ချက်များဖြစ်လာမည်ဟု သမ္မတထရန့်က ပြောကြားခဲ့ရာ ကျောက်မီးသွေးထုတ်လုပ်ရေး လောကသားများက ဝိုင်း၍ ဩဘာပေးကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများအတွက် ပြဿဒါးဝင်သည့်နေ့၊ အိုဘားမား၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရည်မှန်းချက် အဟောသိကံဖြစ်ရသည့်နေ့ဟူ၍ အသံဗလံများ ဆူပွက်လာ၏။ ရွေးကောက်ပွဲ ကတိကဝတ်နှင့်အညီ ဒေါ်နယ်ထရန့်က ဆိုးကနဲဆတ်ကနဲ လုပ်ချလိုက်ပြန်ပြီဟူ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လောကသားများ အောချကြကုန်၏။

ဤတွင်ရွေ့ကား ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိုက်အဝန်းနှင့် စီးပွားရေး အသိုက်အဝန်းတို့အကြား ပွတ်တိုက်မှုများ ဖြစ်ပေါ်လာပုံကို ရှုမြင်ရသည်။

သမ္မတထရန့်၏ အမိန့်ညွှန်ကြားလွှာသစ်ကို အကောင်အထည်ဖော်နိုင်ရန် ဖက်ဒရယ်အေဂျင်စီများ (ပြည်ထောင်စုအစိုးရဌာနများ)က ကြိုးပမ်းကြမည်ဆိုသည့်တိုင် ယင်းညွှန်ကြားလွှာကို ပြန်လည်ချေဖျက်မည့် ခုခံရေး အင်အားစုများက ပြန်လည်လက်တုံ့ပြန်ရန် အသင့်ရှိနေကြသည်။ ရီပတ်ဘလီကန် လွှမ်းမိုးသော ကွန်ဂရက်လွှတ်တော်မှ တစ်ဆင့် ပြန်လည်တုံ့ပြန်မှု တသီတတန်းကြီး သမ္မတထရန့်တွေ့ကြုံလာရနိုင်သည်။

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုများ သက်သာလျော့ပါးရေး အစီအစဉ်အရ အိုဘားမားက ရာသီဥတု ပြန်လည်ထိန်းညှိရေးဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်ကို အကောင်အထည်ဖော်စေခဲ့ရာတွင် ဖက်ဒရယ်အစိုးရအဖွဲ့ပိုင် မြေအတွင်း ကျောက်မီးသွေး တူးဖော်မှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်းလည်းပါဝင်သည်။

အမေရိကန်ပြည်ထောင်စုတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး ဥပဒေစည်းမျဉ်းများ အခိုင်အမာရှိပြီးဖြစ်ရာ သမ္မတထရန့် လက်မှတ်တစ်ချက်ရေးထိုးလိုက်ရုံမျှဖြင့် နဂိုရှိပြီး စည်းမျဉ်းများကို ချေဖျက်နိုင်စွမ်းရှိမည်မဟုတ်ချေ။

ယခုအချိန်တွင်မူ သမ္မတ၏ အမိန့်ဒီကရီသစ် ပေါ်ထွက်လာပြီဖြစ်ရာ အစိုးရအေဂျင်စီများအနေဖြင့် ရှုပ်ထွေးပွေလီလှသော ဥပဒေစည်းမျဉ်းများ ရေးဆွဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လာရပေလိမ့်မည်။ တည်ရှိဆဲ စည်းမျဉ်းများ၏ နေရာတွင် စည်းမျဉ်းသစ်များ အစားထိုးနိုင်ရန် လုပ်ဆောင်ရမည်မှာ နှစ်ပေါင်းအတန်ကြာမျှ အချိန်ယူရန်လည်း လိုအပ်ပေဦးမည်။ စည်းမျဉ်းသစ်များ ရေးဆွဲရေးအတွက် လုပ်ဆောင်ရာတွင် ဖက်ဒရယ်အေဂျင်စီများအနေဖြင့် ခက်ခဲသော ဆုံးဖြတ်ချက်အများအပြားကိုလည်း ချမှတ်ရပေလိမ့်မည်။

အမေရိကန်ပြည်နယ်များ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ကန့်သတ်ချက်များကို လုံးလုံးလျားလျား ဖျက်သိမ်းခြင်း၊ သို့မဟုတ် ကန့်သတ်ချက်များ ပိုမိုအားနည်းသွားအောင် စည်းမျဉ်းသစ်များ ပြန်လည်ရေးဆွဲခြင်းဟူသော နည်းလမ်းနှစ်ရပ်အနက် မည်သည့်နည်းလမ်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (အီးပီအေ)က ရွေးချယ်မည်ကို စောင့်ကြည့်ရန် လိုသည်ဟု ကျွမ်းကျင်သူပညာရှင်များက သုံးသပ်ကြလေသည်။

အီးပီအေ၊ ပြည်ထဲရေးဌာန၊ သို့မဟုတ် အခြားမည်သည့် အစိုးရဌာနတစ်ခုခုက ရေးဆွဲသော ဥပဒေစည်းမျဉ်းတိုင်းသည် ကွန်ဂရက်လွှတ်တော်က ရေးဆွဲထားသော ဥပဒေများနှင့် ကိုက်ညီမှုရှိရန် လိုအပ်သည်။ အကယ်၍ အစိုးရဌာနများက လွှတ်တော်မှတစ်ဆင့် ပြဋ္ဌာန်းထားသော ဥပဒေများ၏ ဘောင်ကို ကျော်လွန်နေမည်ဆိုပါက နိုင်ငံသားများအနေဖြင့် တရားရုံးတော်မှတစ်ဆင့် ကန့်ကွက်မှု ပြုလုပ်နိုင်သည်။

ထိုစဉ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရှေ့နေများက 'သန့်ရှင်းသောလေ' အက်ဥပဒေကို ကိုးကားလျက် အီးပီအေအနေဖြင့် ကမ္ဘာ့လေထုလွှာကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပုံကို စောဒကတက်ကြရန် ပြင်ဆင်ထားသည်။

ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်ရန် ပျက်ကွက်ပါက ဥပဒေအရ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရာတွင် အီးပီအေ၏ ပျက်ကွက်မှုသာ ဖြစ်လိမ့်မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှေ့နေများက ဆိုကြသည်။

အကယ်၍ ဖက်ဒရယ်တရားသူကြီးများက ရှေ့နေများနည်းတူ တွေးဆရှုမြင်ကြလျှင် သမ္မတထရန့်၏ အမိန့်ဒီကရီမှာ အဆန်မပါ အသံသာမြည်ဟိန်းသည့် သကြံန်အမြောက်ပမာ အထမြောက်လိမ့်မည်မဟုတ်ပေ။

သမ္မတထရန့်၏ ညွှန်ကြားချက်အမိန့်ကို တားဆီးနေသည့် အရန်အတားများအနက် အင်အားအကြီးဆုံး အရန်အတားမှာ ကွန်ဂရက်လွှတ်တော်ဖြစ်၏။

ကွန်ဂရက်လွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းသော ဥပဒေတစ်ရပ်သည် သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်စေသော အမိန့်တစ်ခုခုထက် ပိုမိုစွမ်းပကား ကြီးမားလှသည်။ သမ္မတ၏ အမိန့်ဒီကရီအရ လုပ်ဆောင်နိုင်ဖွယ်ရှိမှုများကို ကွန်ဂရက်လွှတ်တော်က ပြန်လည်ချေဖျက်နိုင်သည့်အပြင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု ကန့်သတ်ရေးဆိုင်ရာ ဥပဒေသစ်များကိုပင် ကွန်ဂရက်လွှတ်တော်က ရေးဆွဲနိုင်ခွင့်ရှိသည်။

သို့ရာတွင် ကွန်ဂရက်ရှိ လွှတ်တော်နှစ်ရပ်ကို ရီပတ်ဘလီကန်အမတ်များက လွှမ်းမိုးထားသဖြင့် ယင်းအမတ်များအနေဖြင့် သမ္မတထရန့်၏ အမိန့်ဒီကရီ အကောင်အထည်ဖော်မှုကို ပိတ်ပင်တားဆီးမှုပြုလုပ်ဖွယ်မရှိချေ။ ယုတ်စွအဆုံး ၂၀၁၉ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်သစ် ပေါ်ထွန်းလာခြင်းမရှိမီ ကာလအတွင်း သမ္မတထရန့်မှာ အားသာချက်ရရှိထားသည်။

"ရွေးကောက်ပွဲ ကတိကဝတ်အတိုင်း ကျုပ်လုပ်ပေးလိုက်ပြီ။ တို့ရဲ့ မိုင်းလုပ်သားတွေ လုပ်ငန်းခွင်ပြန်ဝင်နိုင်ကြမှာပေါ့" ဟု အမိန့်ဒီကရီ လက်မှတ်ရေးထိုးပွဲတွင် ထရန့်က အားရခမန်း မြွက်ကြားခဲ့သည်။

အမေရိကန်၏ 'စွမ်းအင်စီးပွားရေး' ကို ပြန်လည်မြှင့်တင်နိုင်ရန် သမ္မတထရန့်က အားထည့်လုပ်ကိုင်လျက်ရှိသော်လည်း အနာဂတ်ကာလတွင် အမေရိကန်၏ ကျောက်မီးသွေးလုပ်ငန်းကဏ္ဍ တောက်ပြောင်လာနိုင်သည်ဆိုသော ထရန့်၏ မျှော်မှန်းချက်နှင့် ပတ်သက်၍ စီးပွားရေး ပညာရှင်အများအပြားက သံသယပွားကြကုန်၏။

"ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းမှာ ပျောက်ကွယ်သွားခဲ့ရတဲ့ အလုပ်အကိုင်တွေ ပြန်ပေါ်လာမယ်လို့တော့ အတတ်ပြောလို့မရနိုင်ဘူး" ဟု အမေရိကန်ရှိ ပုဂ္ဂလိကပိုင် ကျောက်မီးသွေးကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သည့် မာရေးအင်နာဂျီထူထောင်သူနှင့် စီအီးအို ရောဘတ်မာရေးက ပြောကြားသည်။ သူသည် အမိန့်ဒီကရီလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သူဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တိုးမြင့်လာနေခြင်းကြောင့် ကျောက်မီးသွေးထုတ်လုပ်သူများမှာ စီးပွားရေးအရ အားသာချက်ရှိမှု ပိုမိုနည်းပါးသွားပြီဖြစ်သည်။ ကျောက်မီးသွေးထက် ပိုမိုသန့်ရှင်းသော စွမ်းအင်၊ ပိုမိုဈေးချိုသောစွမ်းအင်အဖြစ် သဘာဝဓာတ်ငွေ့ ရပ်တည်လာနိုင်ပြီဖြစ်ရာ ကျောက်မီးသွေး လုပ်ငန်းရှင်များအတွက် အလာကောင်းသော်လည်း အခါနှောင်းခဲ့ရပြီဟု ရှုမြင်ကြရသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်၏ ကျောက်မီးသွေးထုတ်လုပ်ရေးကဏ္ဍသည် မိုင်းလုပ်သားများအစား စက်ကိရိယာများကို တိုးမြှင့်သုံးစွဲလာကြလေရာ ယင်းကဏ္ဍက အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလာလိမ့်မည်ဟု ဧကန်မုချမဆိုသာချေ။

ရှေးပဝေသဏီကာလ အင်္ဂလန်နှင့် စကော့တလန်ပြည်တို့၌ 'ကန့်ကျောက်' ဟု ခေါ်တွင်သော ကျောက်မီးသွေးကို ထင်းမီးအလို့ငှာ စတင်အသုံးပြုခဲ့ကြလေသည်။

သိုးဆောင်းသားတို့က 'စိန်နက်' သို့မဟုတ် 'မြေအောင်းအလင်းရောင်' ဟူ၍ ခေါ်တွင်သော ကျောက်မီးသွေးကို ချက်ပြုတ်ရန်၊ မီးလှုံရန်၊ စက်ရုံများတွင် သတ္တုများကျိုရန်၊ ရေနွေးငွေ့အား အင်ဂျင်စက်များ ခုတ်မောင်းရန်၊ မီးရထား၊ မီးသင်္ဘောတို့ မောင်းနှင်ရန် အသုံးပြုခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ ကုန်းမြေတိုက်ကြီးတိုင်းတွင် ကျောက်မီးသွေးကိုတွေ့ရပြီး ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေးသိုက်ကြီးများသည် အမေရိကန်၊ ရုရှား၊ တရုတ်နှင့် အိန္ဒိယတို့တွင် တည်ရှိသည်။

ကျောက်မီးသွေးသည် လူသမိုင်းတွင် စက်မှုလုပ်ငန်းအရပ်ရပ်၏ အသက်သွေးခဲဖြစ်ခဲ့ပြီး ကျောက်မီးသွေးသာ မရှိပါက စက်မှုတော်လှန်ရေးကြီးလည်း ပေါ်ထွန်းခဲ့မည်မဟုတ်ချေ။ သို့ရာတွင် ဈေးချိုသော စွမ်းအင်ဖြစ်သည့် ကျောက်မီးသွေးသည် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကြောင့် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်ကား အမှန်ပင်ဖြစ်သည်။ လူတို့အတွက် အကျိုးပြုသည့် ရုပ်ကြွင်းလောင်စာခဲ ကျောက်မီးသွေးကို စီးပွားဖြစ်ထုတ်လုပ်ခြင်းသည် စီးပွားရေးအရ ကောင်းကျိုးပြုမှုနှင့် သဘာဝပတ်ဝန်းကျင်အရ ဆိုးကျိုးပြုမှုတို့ ဒွန်တွဲဖြစ်ပေါ်နိုင်သည်ကို တွေးတောမိရင်း **"ကောင်းဆိုးနှစ်ထွေ ရောသမမွှေ စီးပွားရေး"** ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref: Here's how Trum's plan to dismantle Obama's climate legacy could fall apart. (businessinsider.com)*




C B BANK

" CB Bank ရုံးချုပ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအား
အသိပေးပန်ကြားခြင်း "

၂၀၁၇ ခုနှစ်၊ မတ်လ ( ၂၀ ) ရက်နေ့မှစ၍ ယခင် CB Bank ၏ ရုံးချုပ်ဖြစ်သော အမှတ် (၃၃၄၊ ၃၃၆)၊ ၂၃လမ်းနှင့်ကမ်းနားလမ်းထောင့်၊ လသာမြို့နယ်မှ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ UFC ( Union Financial Center Tower-A နှင့် Tower-B ) သို့ပြောင်းရွှေ့ပြီး CB Bank ၏ ရုံးချုပ်အဖြစ် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်လက်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် တယ်လီဖုန်းနံပါတ်များကို Customer များသိရှိဆက်သွယ်နိုင်ပါရန် လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

Email : contactcenter@cbbank.com.mm
info@cbbank.com.mm
Website : www.cbbank.com.mm

Tel : (95-1) 2317999
Fax : (95-1) 2317979

မြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ

## (၁) ကြိမ်မြောက် ကျပ် ၅၀၀တန် ထီပေါက်စဉ် ၂၀၁၇ ခုနှစ်၊ ဧပြီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ပ - ၅၉၆၈၇၂

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု

ဃ - ၇၃၅၇၃၁

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆု

ပ - ၈၁၆၄၄၃

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| န | - ၁၀၈၀၅၂ | ဋ | - ၅၉၀၆၈၁ |
| က | - ၁၆၅၅၁၉ | ဖ | - ၅၉၆၁၀၁ |
| ရ | - ၂၀၉၁၉၇ | ဌ | - ၅၉၉၆၇၈ |
| င | - ၂၅၈၇၄၆ | ရ | - ၆၀၇၈၁၅ |
| ဃ | - ၂၆၁၂၆၅ | ဂ | - ၆၃၂၁၆၉ |
| ည | - ၂၆၇၃၂၅ | ဎ | - ၆၅၅၀၇၄ |
| မ | - ၃၂၀၆၃၉ | ဏ | - ၇၂၂၇၇၉ |
| ပ | - ၃၃၈၃၆၈ | ပ | - ၇၄၂၉၀၆ |
| ဋ | - ၃၄၆၈၂၅ | က ခ | - ၇၈၉၉၃၄ |
| ဏ | - ၃၄၉၀၄၅ | ဃ | - ၇၉၅၂၈၆ |
| ဃ | - ၃၅၈၅၄၄ | တ | - ၇၉၈၆၅၈ |
| ဇ | - ၃၇၃၇၃၅ | ဋ | - ၇၉၈၉၄၇ |
| ဍ | - ၃၇၆၄၉၄ | ဆ | - ၈၂၀၈၇၆ |
| သ | - ၃၈၇၉၀၃ | ဈ | - ၈၃၁၂၈၈ |
| င | - ၃၉၀၇၂၁ | က ဃ | - ၈၃၉၁၀၈ |
| တ | - ၄၃၆၄၃၇ | ဋ | - ၉၆၀၀၈၇ |
| ဂ | - ၄၈၈၂၈၀ | င | - ၉၇၀၆၁၂ |
| ဖ | - ၅၅၅၇၆၉ | ခ | - ၉၉၁၇၈၅ |
| ဃ | - ၅၆၉၇၈၄ | | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ခ | - ၁၂၂၁၁၁ | က က | - ၆၅၈၈၁၆ |
| ဍ | - ၁၇၂၀၉၂ | ည | - ၆၈၂၂၂၂ |
| စ | - ၂၀၁၆၄၉ | ဎ | - ၇၀၆၅၈၇ |
| ဈ | - ၂၄၂၄၀၉ | င | - ၇၂၂၁၀၈ |
| ဖ | - ၂၅၄၆၀၃ | ဘ | - ၇၅၀၂၃၆ |
| န | - ၂၅၆၂၈၆ | ဎ | - ၇၅၅၀၂၂ |
| စ | - ၂၇၅၀၆၄ | ဗ | - ၇၅၇၆၆၆ |
| ဏ | - ၂၇၆၂၀၀ | မ | - ၇၆၈၈၂၄ |
| က ဃ | - ၂၈၇၅၃၆ | ဋ | - ၈၁၄၂၁၂ |
| ဃ | - ၂၉၇၉၆၇ | ဝ | - ၈၃၄၀၂၅ |
| ဒ | - ၃၅၃၅၀၇ | ဏ | - ၈၆၄၉၅၄ |
| က ဂ | - ၄၈၀၆၂၆ | ဒ | - ၈၇၂၄၆၂ |
| ဗ | - ၄၉၄၀၆၂ | က ဂ | - ၈၈၉၀၁၂ |
| ဟ | - ၅၁၁၅၁၄ | ဆ | - ၈၉၇၅၈၉ |
| ဂ | - ၅၁၆၇၀၄ | င | - ၉၁၂၃၂၈ |
| ဆ | - ၅၂၆၀၈၆ | မ | - ၉၂၅၄၀၀ |
| မ | - ၅၃၁၂၄၆ | တ | - ၉၈၉၇၈၁ |
| င | - ၅၈၀၀၉၉ | က | - ၉၈၉၈၄၅ |
| ည | - ၆၀၅၉၆၅ | ဋ | - ၉၉၁၄၂၉ |
| ဘ | - ၆၄၃၈၂၃ | | |

### ဆုတစ်ဆုချင်းကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ခ | - ၁၀၄၅၉၇ | ဇ | - ၃၁၁၄၇၁ | ခ | - ၄၆၀၇၀၀ | ဖ | - ၇၀၀၀၃၈ |
| ဗ | - ၁၂၈၁၀၁ | က ခ | - ၃၃၁၉၃၄ | ဇ | - ၄၆၈၆၂၃ | င | - ၇၃၁၁၂၈ |
| ဍ | - ၁၃၀၆၃၆ | ဖ | - ၃၄၃၈၁၄ | ဆ | - ၄၇၂၂၀၄ | ဎ | - ၇၃၄၉၆၉ |
| က ဃ | - ၁၅၈၂၅၆ | ဖ | - ၃၄၄၉၀၃ | ဆ | - ၅၂၀၉၅၂ | သ | - ၇၄၃၈၆၉ |
| ဟ | - ၁၉၂၁၄၃ | က ဂ | - ၃၅၈၂၁၉ | ဋ | - ၅၆၄၇၁၈ | က | - ၈၃၁၁၃၈ |
| ဈ | - ၂၀၈၅၆၀ | က ခ | - ၃၆၅၀၃၂ | ဏ | - ၆၁၂၂၃၇ | ဃ | - ၈၃၈၁၈၂ |
| ခ | - ၂၃၀၁၉၈ | ဃ | - ၃၈၁၁၅၆ | ဏ | - ၆၁၄၃၈၇ | ဟ | - ၈၉၈၇၇၉ |
| ဃ | - ၂၄၅၃၀၇ | ဎ | - ၄၄၉၉၁၀ | ဝ | - ၆၃၇၂၁၆ | ခ | - ၉၃၂၆၉၁ |
| ဆ | - ၂၆၆၂၇၉ | က ဃ | - ၄၅၆၈၈၉ | ည | - ၆၃၈၆၃၀ | က ခ | - ၉၃၈၂၇၀ |
| ဖ | - ၂၇၅၉၆၀ | ဂ | - ၄၅၉၉၈၂ | ဃ | - ၆၆၄၃၂၁ | က ဃ | - ၉၇၉၂၅၄ |
| ခ | - ၂၈၃၂၀၇ | | | | | | |

# (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် ဝေဝေဆာဆာပဒေသာဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| သ | - ၁၀၅၀၂ | ဋ | - ၃၃၆၁၄ |
| သ | - ၁၂၆၈၆ | ခ | - ၄၂၀၈၃ |
| ဋ | - ၁၉၉၈၈ | လ | - ၇၁၉၈၀ |
| ဈ | - ၃၂၂၀၆ | ဍ | - ၈၁၈၆၀ |
| ခ | - ၃၂၇၉၂ | ဒ | - ၈၄၈၃၁ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ထ | - ၁၀၈၉ | ဒ | - ၅၅၉၉ |
| ယ | - ၁၁၄၉ | က | - ၆၈၈၂ |
| ဝ | - ၁၇၁၂ | ဗ | - ၇၀၀၃ |
| ပ | - ၁၈၈၆ | ခ | - ၈၅၆၂ |
| ကဂ | - ၃၃၆၉ | ကက | - ၉၉၂၂ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ် (၁)သိန်းဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| တ | - ၁၅၈ | န | - ၂၅၄ | ဆ | - ၃၈၈ | ဒ | - ၆၂၅ | ဗ | - ၇၃၈ | ရ | - ၉၆၆ |
| ဇ | - ၁၆၇ | ဌ | - ၃၁၁ | စ | - ၄၆၉ | ဂ | - ၆၃၅ | ဗ | - ၈၁၂ | ဇ | - ၉၇၀ |
| န | - ၁၇၀ | ဖ | - ၃၁၈ | ယ | - ၄၇၅ | ဘ | - ၆၃၉ | ဌ | - ၉၂၀ | ကယ | - ၉၈၈ |
| ဇ | - ၁၇၁ | စ | - ၃၄၀ | ဝ | - ၅၄၅ | ဇ | - ၆၄၂ | ဖ | - ၉၃၂ | လ | - ၉၉၄ |
| စ | - ၂၃၈ | ဝ | - ၃၇၆ | ဏ | - ၅၅၈ | ဖ | - ၆၇၂ | န | - ၉၄၈ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ် (၅)သောင်းဆုများ

ည - ၄၄ မ - ၅၀ ဗ - ၆၄ ဍ - ၇၆ သ - ၈၃ ဍ - ၈၅ ကက - ၈၅

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

## (၃၃၉) ကြိမ်မြောက် ကျပ် ၂၀၀ တန် ထီပေါက်စဉ်
## ၂၀၁၇ ခုနှစ် ၊ မေ လ (၁) ရက်နေ့

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၅၀၀)ဆု**

ခ - ၃၃၁၈၇၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆု**

ခ - ၁၇၃၈၀၉

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**

က - ၇၇၅၈၆၀

**ဆုကြီးတစ်ဆုချင်း ကျပ်(၂၅)သိန်းဆု**

ခ - ၆၁၇၅၉၆

**ဆုကြီးတစ်ဆုချင်း ကျပ်(၁၀)သိန်းဆု**

ဂ - ၄၂၀၂၅၁

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ**

က - ၇၅၇၆၅ ဂ - ၈၉၃၃၃

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ**

ခ - ၉၇၄၀

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ**

က - ၁၇၅

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၁၇ခုနှစ် ၊ ဧပြီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၀၀၂၂၀)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို "က" အက္ခရာမှ အစဉ်လိုက် "န" အက္ခရာထိ အက္ခရာလုံးရေ ၂၀ နှင့် အရန်ထီ "ကင" အက္ခရာမှ အစဉ်လိုက် "ကထ" အက္ခရာထိ ၁၃ လုံး၊ စုစုပေါင်း အက္ခရာ ၃၃ လုံးခန့် ထီစာအုပ်ပေါင်း (၂၆၃၉၅၂၄)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ်(၅၀၀)တန် အရန်ထီလက်မှတ်စာအုပ်များကို "ကထ"အက္ခရာ လက်ကျန်ထီများမှစ၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၃. ၄. ၂၀၁၇) ရက်နေ့မှ (၂၄ . ၄ . ၂၀၁၇) ရက်နေ့ထိ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၄။ (၃၄၀) ကြိမ်မြောက် ကျပ်(၂၀၀) တန်ထီ လက်မှတ်များကိုလည်း အက္ခရာ(၃)လုံး ထီစာအုပ်ပေါင်း (၂၄၅၄၅၄)အုပ် ရောင်းချပေးမည် ဖြစ်ပါသည်.

**ဆုငွေစတင်ထုတ်ပေးမည့်ရက် (၁၀. ၄. ၂၀၁၇)**

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်မာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**




တောင်ကြီးမောက်မယ်က အကောင်းဆုံးသနပ်ခါးကိုထုတ်လုပ်ထားပါသည်။
မြန်မာနိုင်ငံ (FDA) ခွင့်ပြုချက်အမိန့်MN11070400
စင်ကာပူနိုင်ငံ TUV ဓါတ်ခွဲခန်းတွင်ပုံမှန်စစ်ဆေးသည်။
ISO (9001:2015) Certified
PSB Singapore




2017 Thingyan Mobile and TV Sale!
Sein Gay Har
သင်္ကြန်အထူးအစီအစဉ်အဖြစ်မိုဘိုင်းဖုန်းမျိုးစုံကို
Buy 1 ⇒ Get 1 + အထူးလက်ဆောင် အထူးလျှော့ဈေး
ရရှိနိုင်မည့်အခွင့်အရေး




မှတ်ချက်။ ။ကျပ်500000ဖိုးနှင့်အထက်ဝယ်ယူသည့်ပထမဆုံး(၃)ဦးသာ။
အမှတ် ၄၄ ၊စိန်ဂေဟာ(ပြည်လမ်း)၊ဒဂုံမြို့နယ်၊ 01-395140, 395260,09420068352

မြင့်မြတ်သော မေတ္တာကို ဖေါ်ကျူးပါဆိုလျှင် ကျွန်ုပ်အဖို့ မိခင်မေတ္တာသာ
မိဘဂုဏ်ကိုထွေး ရွှေ Customer များအတွက်
အဆင့်မြင့် နိုင်ငံခြားဖြစ် လုံခြုံရေးဘလိတ်ဓါးသွားဆူးကြိုး ရောင်းချတပ်ဆင်ရေး(ပင်ရင်းဌာန)
One Stop Service, သံဈေးတက် ပစ္စည်းများလုံးဝမရောင်းပါ။
(၁၅)နှစ်အာမခံပြီး Steel ဓါးသွားဆူးကြိုးများကို စတီးတန်းကြိုး၊ စတီးတုတ်ကြိုးများ
အသုံးပြုလျက် အိမ်အရောက်လက်ခမဲ့ လိုက်လံတိုင်းတွာ တပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၁၂)၊အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး၊ KBZ ဘဏ်ရှေ့ (Capital Hyper Market) အနီး၊ သာကေတမြို့နယ်။
အရောင်းခန်းမ(၂) - အမှတ်(၁၂/၈၈၄)ပင်လုံလမ်းမကြီး၃၄/ရပ်ကွက်၊ (AYA)ဘဏ်ဘေးချင်းကပ်၊(Capital super market)အနီး၊ မြောက်ဒဂုံမြို့နယ်။
Ph : 09 - 5064145, 09 - 250058416, 09-49276627,09-420707316


Jade ကိုခင်ထွန်း
သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့မှ မဏ္ဍပ်လုံးချင်း (Ready Made)ငှားပေးသည်။
ရေစုပ်စက်ပစ္စည်းစုံ၊ စတိတ်ရှိုးမီးအလှဆင်ပစ္စည်းများ DJ & Man နှင့် အသံချဲ့စက်ပစ္စည်း အမျိုးမျိုးငှားပေးသည်။
ဖုန်း-၀၉-၅၁၈၂၅၉၉၉၊ ၀၉-၉၆၅၁၈၂၅၉၉၉၊ ၀၉-၇၆၅၁၈၂၅၉၉၉

ACE®
PE WATER TANK
KOREA HI-TECH




- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယား ကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီပုံ anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ

HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။
Ph: 01 684743, 09 73094221, 09 450048469
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

Edu Study Guide
(Int'l School & မူကြိုမှ အထက်တန်းအထိ)
Teaching & Guide
Eduမှသင်ကြားမှုကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဆရာ/ဆရာမများက အိမ်တိုင်ရာရောက် အထူးအာမခံ၍ သင်ကြားပေးနေပါသည်။
09-43118125, 09-5412613, 09-43192684

ကြည်စိုး I.C
အိမ်ခြံမြေသင်တန်း
09 510 40 41
09 76 510 4041
ဈေးစကားမှာ ငပိဖုတ်တာတောင်ဆရာမပြနည်းမကျတဲ့
အိမ်လုပ်ငန်းက ငပိဖုတ်သလို မလွယ်ပါဘူး။

STANDARD
your affordable quality
SG seong gong Eco laminate floor
New Designs မိတ်ဆက်




ဘုန်းကြီးကျောင်းများ/ကန်ထရိုက်တာများအတွက်
အထူး ဈေးနှုန်း
အမှတ် B1-012, ဗညားဒလ လမ်းမပေါ်၊ ယုဇန ပလာဇာ အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်
အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ဝယ်ယူနိုင်သည်
☎ 09 4555 444 30, 09 4555 444 03


## သီလဝါတွင် နှစ်ရှည်မြေငှားမည်

ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းမြေနေရာတွင် ဆိပ်ကမ်းများနှင့်အလွန်နီးပြီး အခြားအသုံးပြုရန်ခွင့်ပြုချက်ရထားပြီးဖြစ်သော မြေဧရိယာ (၁၅)ဧကကို သိုလှောင်ရုံများ/စက်မှု ထုတ်ကုန်များ တည်ဆောက်နိုင်ရန်အတွက် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ နှစ်ရှည်ငှားရမ်းလိုပါသဖြင့် အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရန်
Centre for Strategic Planning & Development(CSPD)
ဖုန်း - ၀၉-၇၆၆၉၈၇၅၁၂၊ ၀၉-၇၆၆၉၈၇၅၁၃
ဖက်စ - ၀၁-၂၃၀၁၈၂၄
Email - cspd.myanmar@gmail.com


mazda
THE EVOLUTION OF THE REVOLUTION
NEW ENGINE, NEW TRANSMISSION, NEW BODY
SKYACTIV TECHNOLOGY FROM USD $ 29,999
ENGINE 1.5
DRIVE
CHASSIS
BODY
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
3 YEARS MAZDA WARRANTY


Galaxy STAR
World Star Searching Project
GRAHAM
PHYU PHYU KYAW THEIN
PHOE KAR
J ME
SUNG TIN PAR
ပြည်နယ် နှင့်တိုင်းဒေသကြီး (၁၅)ခု မှ ရွေးထုတ်ထားသည့် World Star ပဏာမလက်ရွေးစင်များကလာမည့်
ဧပြီလ (၇) ရက်နေ့ ည (၉) နာရီ (၁၅) မိနစ် အချိန်မှာ MRTV-4 မှ တစ်ဆင့်
ပရိသတ်ကြီးဆီ အရောက်လုပ်မ်းလာမှာမို့ စောင့်ကြည့်ကြဖို့မမေ့နဲ့နော် . . .
Title Sponsored by
SAMSUNG
Main Sponsored by
ooredoo
Produced by
Plus
NAMIN
Co - Produced by













# သီဟာလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

# ★STAR★

ဒုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

ဝန်ထမ်းအမြန်အလိုရှိသည်။
၁။ Marketing Manager (၃)ဦး
၂။ Marketing ကျား/မ (၁၀)ဦး
၃။ ရောင်း/မောင်း ကျား (၅)ဦး
၄။ ယာဉ်မောင်း ကျား/မ (၅)ဦး
အသက် (၂၅-၅၅)
09-31806666, 09-775122233






## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်မြင့်

**(Florence Kyaw Hein)**

## အသက် (၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ်(၁၅)နေ (ဦးကျော်ဟိန်း-ဒေါ်ထွားအိ)တို့၏ တစ်ဦးတည်းသောသမီး၊ စည်သူတံဆိပ်ရ၊ စည်သူ၊ သီရိပျံချီ၊ သရေစည်သူ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (စာရေးဆရာမှူးသမိန့်၊ ယိမ်းနွဲ့ပါး၊ အယ်ဒီတာချုပ်၊ မဟေသီမဂ္ဂဇင်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာယုဇနစောမြင့် [တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ကလေးအထူးကုဆရာဝန်ကြီး]၊ ဦးဇော်ဝင်းမြင့် [ညွှန်ကြားရေးမှူးချုပ်၊ ကညန-ငြိမ်း]-ဒုဗိုလ်မှူးကြီး ရင်ရင်ဇော်(ငြိမ်း) [ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး]တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ပြည့်ဖြိုးဝင်း၊ မောင်ပြည့်စုံဝင်း-မမေလှိုင်ထွေး (ခေတ္တ-ထိုင်းနိုင်ငံ)၊ မဝင်းလဲ့ခိုင် [အလုပ်သင်ဆရာဝန်၊ ဆေးတက္ကသိုလ်(၁)]တို့၏ ချစ်လှစွာသောအဘွား၊ မောင်လင်းခေတ်ဟန်၏ဘွားဘွားကြီး ဒေါ်တင်တင်မြင့်သည် ၁-၄-၂၀၁၇ (စနေနေ့) နံနက် ၁း၂၇ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၄-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်အုန်း

**(မြန်မာ့စီးပွားရေးဘဏ်၊ ကြီးကြပ်ရေးမှူး-ငြိမ်း)**

## အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၅)လမ်း၊ တိုက် (၃)၊ ငါးလွှာ(ဘီ)နေ (ဦးဘိုးခိုင်-ဒေါ်ရွှေခိုင်မ)တို့၏ သားကြီး၊ (ဒေါ်ခင်ကြည်)၏အစ်ကို၊ (ကိုသက်ခိုင်)၊ ကိုတင်မောင်ခိုင်၊ ကိုကျော်မျိုးခိုင်၊ မမေမျိုးခိုင်၊ မောင်နေဝင်းနိုင်၊ မရှား လက်မွန်တို့၏ဖခင်၊ ဒေါ်မိမိလေး၏ ခင်ပွန်းသည် ၁-၄-၂၀၁၇ (စနေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကျောက်ဖြူအသင်းမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## ဦးတင်အေး (၈၅)နှစ်

**နိုင်ငံခြားရေးဝန်ကြီးဌာန (ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် (၄၀)နေ (ဦးပိုက်-ဒေါ်မြရင်)တို့၏ သား၊ (ဒေါ်ခင်သိန်း)၏ ခင်ပွန်း၊ ဒေါ်ခင်ခင်အေး(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၊ (ဦးတက်ထွန်း)-ဒေါ်လှလှအေး၊ ဦးထွန်းထွန်းအေး-ဒေါ်လှလှဝင်း၊ (ဦးကျော်ကျော်အေး)-ဒေါ်မြသန္တာခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၃၁-၃-၂၀၁၇ (သောကြာနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ပညာလောက

## သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်

**သာကေတမြို့နယ် သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ ထန်းတောပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ပညာလောက အရှင်သူမြတ်သည် (၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်) ၃၁-၃-၂၀၁၇ (သောကြာနေ့) ညနေ ၃း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပေးပါမည်။)

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

## ဦးကျော်သိန်းထွန်း(ခ)အဂ္ဂါမင်းမောင်

**( St.Philips ကျောင်းသားဟောင်း)**

## အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၄)လမ်း၊ အမှတ်(၁၃၈/ခ)နေ [ဗိုလ်ကြီးနေဒွန်း(ခ) ဦးမင်းမောင်(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)-ဒေါ်မေသိန်း]တို့၏သား၊ [ဦးတင်မောင်(ကရမက်စာပေပေါင်းကူးပုံနှိပ်တိုက်)-ဒေါ်စန်းမြင့်]တို့၏ သားသမက်၊ ဒေါ်အေးအေးခိုင်၏ခင်ပွန်း၊ ကိုစိုင်းမြတ်သူလှိုင်(ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်စုရတနာကျော်၊ ဒေါက်တာခိုင်ဝတ်ရည်ကျော်(လက်ထောက်ကထိက၊ ကလေးကျန်းမာပညာဌာန၊ ဆေး-၂)၊ ဗိုလ်ကြီးဟိန်းစိုးကျော်(အမှတ်-၂၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၁၀၀)-ဒေါ်မိမိကျော်တို့၏ချစ်လှစွာသောဖခင်၊ မောင်တာရာဟိန်း၊ မောင်ထူးထက်ဇော်(ခ) Daniel၊ မောင်ကောင်းကင်ဟိန်းတို့၏အဘိုးသည် ၃၁-၃-၂၀၁၇ (သောကြာနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးတို့မှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးခင် (၇၃)နှစ်

**(မြန်အောင်မြို့)**

**ဆူးလေဂေါပကအဖွဲ့ဝင်**

**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက**

**တိုင်းသံဃာ့အဖွဲ့ဘဏ္ဍာရေးမှူး**

**ဓာတ်ဆီဆိုင်မန်နေဂျာ[MPPE-ငြိမ်း]**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဥ့်အိုး တန်းအပေါ်လမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၁၂၆)၊ ပထပ်(ဘယ်)နေ ဦးမြ(မြန်အောင်) ယခင် Boc Agent (Myanmar Company, ရွှေတောင်မြို့)-ဒေါ် သန်းညွန့်တို့၏သား၊ (ဦးတင်အောင်-ဒေါ်အေးအေးသန့်)တို့၏ညီ၊ (ဦးနေဝင်း)၊ ဒေါ်ခင်သိန်းသန်းဆွေ(ခ)ဒေါ်သီတာမြတို့၏အစ်ကိုကြီး၊ ဦးကျော်မိုးအောင်-ဒေါ်မိုးသန္တာ၊ ဦးညိုထွန်းအောင်-ဒေါ်နုနုငယ်(နုနုငယ် အိမ်ခြံမြေအကျိုးဆောင်)၊ ဦးကျော်ဝင်း-ဒေါ် လင်းလင်းမြတ်သာ (Lucky Child Co., Ltd.)တို့၏ဖခင်၊ ဦးခင်မောင်ဇော်-ဒေါ်ခင်စန်းစန်းဝင်း(Asia Window Co., Ltd.)၊ ဦးကျော်ဆန်းအောင်(Resident Technical Officer Mott Macdonald Singapore PTE Limited.)-ဒေါ်သင်းသင်းနု (Dia-mond Distributor Double Crane Myanmar)၊ ဒေါ်သန်းသန်းတင် (Asia Window Co., Ltd.)တို့၏ ဘကြီး၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁-၄-၂၀၁၇ (စနေနေ့) နံနက် ၇း၃၅ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ရဟန်းမယ်တော်ကြီး

## ဒေါ်အုန်းရှင်(ထောက်ကြန့်)

## အသက် (၁၀၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ (ဦးသက်ထွန်း-ဒေါ်အေးမယ်)တို့၏သမီး၊ ဦးစန္ဒိမာ၊ ဦးစန်းဟိန်း-ဒေါ်စိန်မြင့်၊ ဦးအောင်သာကျော်-ဒေါ်ခင်စိန်မြင့်၊ ဦးထွန်းလှကျော်-ဒေါ်စောခိုင်၊ ဒေါ်စန်းစန်းအေး၊ ဒေါ်ဘေဘီ(ခ)ဒေါ်မြရင်၊ စင်ကာပူနေ Mr.Ho Poh Chuen-ဒေါ်ဂျူးဂျူး၊ (ဦးချစ်ကိုကို)-ဒေါ်သန်းသန်းငွေ၊ ဦးဝေယံလွမ်းနောင်(ခ)ဦးဝင်းကိုကို၊ ဦးစန်းကိုကို-ဒေါ်ငြိမ်းငြိမ်းအေး(ခ)မသဲတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မသီတာစန်း[Chief Designer (Concorcle)]၊ မောင်ရန်နိုင်ဟိန်း (RMS Officer-OD,MRCS)၊ မောင်မင်းဆန်းသူ၊ မောင်အောင်ကိုကို [Accouting Manager (CD Co.,Ltd.)]၊ မောင်အောင်သူဟိန်း၊ မောင်ဇေယျာကျော်၊ မသရဖီအောင်၊ မောင်ကောင်းခန့်ဇော်၊ မောင်သုတဇော်တို့၏ ဘွားဘွားကြီး၊ (ဦးသိန်းမောင်)၏ဇနီး ဒေါ်အုန်းရှင်သည် ၃၁-၃-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ထောက်ကြန့်၊ ပ/စံ ပြရပ်ကွက်၊ မင်္ဂလာလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထောက်ကြန့်မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန့်ဇင် (ပုသိမ်)

## အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၃၇)၊ သုံးလွှာ၊ ကွင်းကျောင်းလမ်းနေ (ဦးစစ်ရုံ-ဒေါ်ချစ်စိန်)တို့၏သား၊ တန်စောခင်(ခ)ဒေါ်စန်းစန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ သက်တင်အောင်-စိန်ရီထွေး(ခ)မြင့်မြင့်ဝင်း၊ မသန္တာထွန်း- Low Pohseng တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးသန့်ဇင်(ပုသိမ်)သည် ၁-၄-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစောဝင်း (၆၁)နှစ်

**(L.L.B) (စွမ်းအားအီလက်ထရောနစ်ကုမ္ပဏီ)**

**စွမ်းအားအီလက်ထရောနစ်ကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့နေ (ဦးစံခင်-ဒေါ်စောရီ)တို့၏ သား၊ ဦးစိန်လှိုင်(တပ်ကြပ်ကြီး-အငြိမ်းစား)-ဒေါ်ခိုင်ဇာဝင်း၏ညီ၊ ဦးငွေးဝင်း(နပခ ငွေစာရင်းဌာနခွဲ)၊ ဦးမောင်မောင်နိုင်-ဒေါ်အမှတ်ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နေ ဒုအရာခံဗိုလ်အောင်နိုင်-ဒေါ်သွယ်လေးတို့၏အစ်ကို၊ မန္တလေးမြို့၊ မြောက်ပြင်ဥပုသ်တော်ရပ်ကွက်နေ (ဦးရဲငွေ)-ဒေါ်စန်းရီတို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးမျိုးဦး-ဒေါ်ခင်စောမူ၊ မန္တလေးမြို့၊ မြောက်ပြင်နေ ဦးသိန်းအောင်-ဒေါ်ရီရီမာ(ခ)ဒေါ်ပေါက်၊ (ဦးကျော်ဝင်း)-ဒေါ်နီနီမာတို့၏ မောင်၊ မုံရွာမြို့၊ အလုံတပ်မြို့နေ ဒုအရာခံဗိုလ်နိုင်ထွေး-ဒေါ်ဝင်းမာမာတို့၏ အစ်ကို၊ မန္တလေးမြို့၊ မြောက်ပြင်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၀)နေ မမိုးယုသွယ်၏ ဖခင်၊ ဒေါ်မိမိမိုး (မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စစ်ဆေးရေးဌာန)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၄-၂၀၁၇ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မေခဆောင် ဖောင်ဒေးရှင်း နာယက ဦးကျော်မိုး၏ မွေးသမိခင် ဒေါ်ဖွားပြည့် အသက်(၉၄)နှစ်(မြင်းခြံမြို့) သည် ၃၀-၃-၂၀၁၇ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မေခဆောင်ဖောင်ဒေးရှင်းမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ရန်ကုန်မြို့တော်ဝန်**

**ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်ခင်မြမြအောင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်း-ဒေါ်လင်းလင်းမြတ်သာ (Lucky Child Co., Ltd)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမျိုးခင် အသက် (၇၃) နှစ်သည် ၁-၄-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Peach Fashion**

**ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖွားပြည့်(မြင်းခြံမြို့) (၉၄)နှစ်**

မေခဆောင်ဖောင်ဒေးရှင်း နာယက ဦးကျော်မိုး၏ မွေးသမိခင် ဒေါ်ဖွားပြည့် အသက်(၉၄)နှစ် (မြင်းခြံမြို့)သည် ၃၀-၃-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မေခဆောင် ဖောင်ဒေးရှင်းမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**မေခဆောင်ဖောင်ဒေးရှင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်အောင်(ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာ)**

**အသက် (၈၁) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ အမှတ်(၅၀၉/A)နေ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင် (TOTAL E & P MYANMAR)တို့၏မိခင် ဒေါ်ကြည်အောင်သည် ၃၁-၃-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ဝန်ထမ်းမိသားစုများ**

---

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင် ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစားကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျှက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလေ့လှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့်ရေခမ်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လည်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့်အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြ

## အသက် (၈၃) နှစ်

ပါမောက္ခဒေါက်တာအေးကို [မြန်မာ့ပထဝီဝင်အသင်း အထွေထွေအတွင်းရေးမှူး၊ တာဝန်ခံပါမောက္ခချုပ်(ငြိမ်း) မြစ်ကြီးနားတက္ကသိုလ်]-ဒေါ်စိန်မေဦးတို့၏မိခင် ဒေါ်မြသည် ၂၉-၃-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့ပထဝီဝင်အသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝင်း-ဒေါ်လင်းလင်းမြတ်သာ (Lucky Child Co., Ltd)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမျိုးခင် အသက် (၇၃)နှစ်သည် ၁-၄-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**

**Lucky Child Co., Ltd**

**ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်အောင်(ငပုတော၊ ရေကျော်ကျေးရွာ)**

**အသက် (၈၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်တို့၏မိခင်သည် ၃၁-၃-၂၀၁၇ ရက်နေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**

**ငါးလုပ်ငန်းဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်ခင်မလေး**

**တွဲဖက်ပါမောက္ခ(ငြိမ်း)၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး**

**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁)**

တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်ခင်မလေးသည် ၂၆-၃-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာဌာန**

**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်အောင်(ငပုတောမြို့နယ်၊ ရေကျော်ရွာ) (၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင် (TOTAL E&P MYANMAR)တို့၏ မိခင်ဖြစ်သူ ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

# ရန်ကုန်မြို့ အဝိကဝင်ပေါက် တံတားကြီးကိုးစင်းအား မော်တော်ယာဉ်ဖြတ်သန်းခွင့် အခမဲ့ခွင့်ပြုပြီ

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှု လျော့ပါးစေရေးနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေးအတွက် ရန်ကုန်မြို့တွင်း အဓိကဝင်ပေါက်တံတားကြီး ကိုးစင်းအား ယနေ့မှစတင်၍ တံတားဖြတ်သန်းခြင်းအတွက် သတ်မှတ်ခွင့်ပြုတန်ချိန် တင်ဆောင်လာသော မော်တော်ယာဉ်များအား အခမဲ့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြို့ပြအင်ဂျင်နီယာမှူးကြီး ဦးသန်းတိုးအောင်၏ ရှင်းပြမှုအရ သိရသည်။

ဆက်လက်၍ ဦးသန်းတိုးအောင်က "အဓိကဆောင်ရွက်ရခြင်းမှာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနဲ့ ဝန်ထမ်းတွေ၊ လက်လုပ်လက်စား ဈေးသည်တွေအနေနဲ့ အချိန်နဲ့တစ်ပြေးညီ မိသားစုထံ ပြန်လည်ရောက်ရှိစေရေးအပြင် ယာဉ်သွားလာမှုကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် တံတားဖြတ်သန်းခွင့်အတွက် ငွေကြေးကောက်ခံခြင်းမပြုသလို တန်ပိုတင်ဆောင်လာတဲ့ယာဉ်တွေကိုလည်း တံတားခွင့်ပြုတန်ချိန် ၂၀၊ တံတားကြံ့ခိုင်မှုစစ်ဆေးဆဲကာလမှာ ၁၂ တန်သာ ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ကုန်တင်မော်တော်ယာဉ်တွေကို တန်ပိုတင်ဆောင်ခြင်း လုံးဝခွင့်ပြုသွားမှာ မဟုတ်ပါဘူး"ဟု ပြောသည်။

ယနေ့ တံတား ကိုးစင်းအနက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တံတားနှင့် ဒဂုံတံတား သန်လျင်အမှတ်(၂)တံတားနှစ်စင်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့ပြအင်ဂျင်နီယာများ၊ လမ်းနှင့်တံတားအင်ဂျင်နီယာအဖွဲ့များက မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ယာဉ်သွားလာမှုအခက်အခဲမရှိစေရန် အနီးကပ်ကြီးကြပ်ပေးကြကြောင်း သိရသည်။ **(စောသိန်းဝင်း)**






## ရန်ကုန်အသင်း ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ရှမ်းယူနိုက်တက် ဒုတိယနေရာ ရောက်လာ

**ရန်ကုန် မေ ၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ပထမနေ့ကို ယနေ့ညနေပိုင်းက ကွင်းလေးကွင်း၌ ကျင်းပရာ ရန်ကုန်၊ ရှမ်းယူနိုက်တက်နှင့် မကွေးတို့ အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်က လက်ရှိချန်ပီယံ ရတနာပုံကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် အဓိကပြိုင်ဘက် ရတနာပုံကို အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုအတွက် အလားအလာ ကောင်းသွားခဲ့သည်။ ရန်ကုန်အသင်းသည် ဇော်မင်းထွန်း၏ နောက်ကျဂိုးဖြင့် အနိုင်ရကာ ၂၈ မှတ်ဖြင့် ပွဲစဉ်မကုန်မီ ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ယခုရှုံးပွဲကြောင့် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအား ဒုတိယနေရာလွှဲပေးခဲ့ရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များအား မေ ၂ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်


စာမျက်နှာ - ၇

## အာရှယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲများ ကျင်းပ

နေပြည်တော် မေ ၁

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ အုပ်စု ဒုတိယအဆင့် ပတ်လည်ပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။**

စာမျက်နှာ ၆ ကော်လံ ၃ သို့

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဧပြီ ၂၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# မြားတစ်ချောင်းနှင့်မိုးပြာရောင်ဆုံမှတ်...

အာကာလွင် (A1)

**အခန်း(၁)**

အရုဏ်မတက်မီ အချိန်ကတည်းက တည်းကုန်းဘူတာရုံထဲ ကျွန်တော်ရောက်နှင့်နေခဲ့ပြီ။ ခုတော့ကျွန်တော် တစ်ယောက်တည်းပါ။

ဟိုးအရင်က ဒီဘူတာရုံ၊ ဒီထိုင်ခုံမှာ အဖေနှင့်အတူ ရထားလာစောင့်ခဲ့ဖူးတယ်။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် ဆောက်လုပ်ရေးမေဂျာ(Civil) အထူးပြုဖြင့် ပညာလာရောက်သင်ကြားနေသည့် ကျွန်တော့်ထံသို့ တစ်လနှစ်ကြိမ်၊ သုံးကြိမ်ခန့် အဖေရောက်လာတတ်တယ်။ အဖေကျွန်တော့်ဆီကို ရောက်လာပြီး နယ်ပြန်တိုင်း ကျွန်တော်ဘူတာအထိလိုက်ပို့ ပေးတတ်မြဲ။ အဖေတစ်ခု သားတစ်ခုလေ။ အမေဆိုတာ ဖြူသလား၊ မည်းသလားကျွန်တော်မသိ။ အဖေပြောပြသည်က ကျွန်တော့်ကို မွေးတဲ့မီးတွင်းထဲမှာပဲ အမေဆုံးသွားသည်တဲ့။ ဒီတော့ ကျွန်တော်လည်းဆက်မေးမနေ။ ရှိပါစေတော့။ တစ်နေ့ သာယာဝတီကိုပြန်မည်၊ အဖေ့ကို ကျွန်တော်တည်းကုန်းဘူတာသို့လိုက်အပို့ ဒေါ်စန္ဒာဟုခေါ်သော အမျိုးသမီးကြီးနှင့် မထင်မှတ်ပဲ တွေ့ဆုံခဲ့တယ်။ အဝတ်အစား နွမ်းနွမ်းဖက်ဖက်ကို ဝတ်စားထားပြီး ဆယ်ကျော်သက်သာသာ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်ကို လက်ဆွဲခေါ်လာသည့်ထိုအမျိုးသမီးကို တွေ့မြင်သည်နှင့် ခုံမှထ၍ အဖေကလှမ်းအော်ခေါ်ခဲ့တယ်။ ပါးချိုင့်လေး နှစ်ဖက်ပေါ်လွင်အောင်ပြုံးပြသည့် ဒေါ်စန္ဒာသည် ငယ်စဉ်က အတော်ချောမည်ဟု ကျွန်တော့်စိတ်ထဲမှ မှတ်ချက်ပြုမိတယ်။ ထို့နောက် အနီးရောက်လာသော ဒေါ်စန္ဒာကို အဖေက ဘေးဘီဝဲယာကြည့်၍. . .

“စန္ဒာမင်းအရွယ်ကျသွားတယ်နော်. . .။ အလုပ်အကိုင်ရောအဆင်ပြေရဲ့လား. . .။ မင်းအမျိုးသားရော မပါဘူးလား. . .” ဟု ပြောလိုက်တယ်။ ထူးခြားတာက အဖေ့အသံတွေ တုန်ရီနေသလို အဖေ့အကြည့်တွေကလည်း တစ်မျိုးပဲ ကျွန်တော်မတွေးတတ်ခဲ့ဘူး။ ဒေါ်စန္ဒာက ရှက်သလို မျက်လွှာချရယ်မောရင်း. . .

“အင်း. . . ဟုတ်တယ်ကိုသီဟရေ။စီးပွားရေးကတော့ ဒီလိုပါပဲရှင်. . .။ ဒီကိုလာ ကုန်စိမ်းတွေဖောက်သည်ယူပြီး ပြန်ရောင်းစားနေတာပဲရှင်. . .။ ကလေးတွေအဖေကတော့ဆုံးရှာပြီလေ။ ဒီဘက်လာတာအကောင်းမဟုတ်ဘူးတော်. . . သမီးငယ်အပေ့ါသွားချင်တယ်ဆိုလို့ ရေအိမ်လိုက်ပို့တာရှင့်. . . .။ အဟင်း. . . . ဟင်း. . . ”

ပြောလည်းပြော လမ်းလည်းလျှောက်မို့ ရထားလမ်းဘေးက ရေအိမ်ရှေ့ထိ အဖေနဲ့ကျွန်တော်အတူ လိုက်ပါသွားခဲ့တယ်။

**အခန်း(၂)**

အဲဒီနေ့က ကျွန်တော်နားရှုပ်စရာ အဖေရဲ့ စကားတစ်ခွန်း ကြားလိုက်ရတယ်။ ဒေါ်စန္ဒာက ကျွန်တော့်ကို မေးငေ့ါပြရင်း အဖေ့ကိုမေးတယ်။

“ကိုသီဟ အဲ့ဒါ ရှင့်သားလား. . .။ အရွယ်တောင်ရောက်နေပြီနော်”

“အေး. . . ဒါငါတို့သားလေ. . . ”

အဖေရဲ့ဖြေသံကြီးက ဆို့နစ်သံအပြည့်ဖြင့်ထွက်ပေါ်လာခဲ့တယ်။အံ့ဩစွာ ကျွန်တော်မော့ကြည့်တော့ အဖေ့မျက်ဝန်းတွေမှာ မျက်ရည်ကြည်တွေရစ်ဝိုင်းလို့ပါလား။ ဘာဖြစ်လို့လဲ။ သိချင်စိတ်ကကျွန်တော့်ကိုနှိုးဆွတယ်။ပုစ္ဆာ တစ်ပုဒ်က ခေါင်းထဲရောက်လာခဲ့ပြီ။ အဖေ့ဖြေစကားကြောင့် ဒေါ်စန္ဒာမျက်နှာပျက်သွားသည်ကို ကျွန်တော်မြင်ပါရဲ့။ ဒါကိုဟန်ဆောင်ရယ်မောရင်း ဒေါ်စန္ဒာက စကားလမ်းကြောင်း လွှဲလိုက်တယ်။ စကားအကြောင်းအရာပြောင်းသွားသလို ဒေါ်စန္ဒာ ကျွန်တော့်ကိုကြည့်တဲ့ အကြည့်တွေပါပြောင်းသွားတယ်။ သူ့အကြည့်တွေမှာ နွေးထွေးမှုမြစ်ဖျားခံတဲ့ မေတ္တာတရားတွေပါဝင်နေသလိုပဲ။ တစ်ခါတစ်ခါဆို စကားပြောနေရင်း ကျွန်တော့်ခေါင်းကို သူ့လက်ကလေးနဲ့လာသပ်နေလေရဲ့။ သူ့ရဲ့သားနှင့်သမီးကတော့ ကြောင်တိကြောင်တောင်ကြည့်နေကြတယ်။ နောက်တော့ ဖေဖေနဲ့သူ အပြန်အလှန်ဖုန်းနံပါတ်တွေ နေရပ်လိပ်စာတွေဖလှယ်ကြတယ်။ ပြီးမှ ဖေဖေက ရထားလာ၍ တက်စီးလက်ပြပြီး ပါသွားလေရဲ့။

နောက်တော့ ဖေဖေကျွန်တော့်ထံသို့ အကြောင်းပြချက်မျိုးစုံဖြင့် ခဏခဏရောက်လာပါတော့တယ်။ လာတိုင်းလည်း ဒေါ်စန္ဒာအိမ်ကို ချောင်းပေါက်အောင်သွားပါရဲ့။ ကျွန်တော်ပါသည့်အခါထက် မပါသည့်အခါကပိုများတယ်။ ကြာလာတော့ ပတ်ဝန်းကျင်အမြင့်မသင့်ဟုဆိုကာ အဖေနဲ့ ဒေါ်စန္ဒာလက်ထပ်ခဲ့ကြတယ်။ အဖေကသာယာဝတီက အိမ်ကို အိမ်ငှားတင်ကာ ဘေးအိမ်ကိုအပ်ခဲ့ပါတယ်။ အဖေက ဒေါ်စန္ဒာအိမ်တွင် နေထိုင်ရာ ကျွန်တော့်ကိုပါ လာနေစေခဲ့တယ်။ အဖေက ဒေါ်စန္ဒာအသိတစ်ယောက် အကူအညီဖြင့် အငှားယာဉ်မောင်းအလုပ်ရခဲ့တယ်။ ဒေါ်စန္ဒာက မနက်ဆိုကုန်စိမ်း ရောင်းတယ်။ ဒေါ်စန္ဒာရဲ့ သားနဲ့သမီးက ကျွန်တော့်ကို သိပ်မကြည်။ ဒေါ်စန္ဒာက သူ့သားနှင့်သမီးထက် ကျွန်တော့်ကို ပိုဂရုစိုက်လွန်းတယ်။ “သား” ဟူသောစကားလုံးကို ပါးစပ်ဖျားမှမချခေါ်တတ်သူ။ ထမင်းစားလျှင်လည်း သူ့ရဲ့သားနှင့်သမီး ပန်းကန်ထဲ ဟင်းမထည့်ပေးသည်ပဲ ရှိရမည်၊ ကျွန်တော့်ကိုအမြဲမမေ့မလျော့ထည့်ပေးတတ်သူ။ ဒီတော့ ကောင်လေးနှင့်ကောင်မလေး ကြည့်မရသည်မှာလည်း မဆန်းပေ။ အဖေ့စကားကြားပြီးကတည်းက ကျွန်တော်က ဒေါ်စန္ဒာကိုအမေရင်းများ ဖြစ်နေမလားဆိုပြီး မျှော်လင့်မိသူပါ။ သူ၏ကြင်နာမှု၊ ယုယမှု၊ ဂရုစိုက်မှုတွေ မေတ္တာတရားတွေကြောင့် ကျွန်တော်ပို၍ သူ့ကိုတွယ်တာလာမိတယ်။ ဒီတော့သူ့ကို ကျွန်တော် “အမေ” ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ သူ့မှာပျော်မဆုံး ပြုံးလို့ပေ့ါ။

ထိုအချိန်က ကျွန်တော်တို့ မိသားစုဘဝလေးက တည်ငြိမ်အေးချမ်း သာယာခဲ့သည်လေ။ မုန်တိုင်းမလာခင် တည်ငြိမ်ခြင်းမျိုးဆိုတာကို ကျွန်တော်မသိခဲ့ရိုး အမှန်. . . .။



**အခန်း(၃)**

ဖေဖေနှင့်မေမေလက်ထပ်ပြီး တစ်နှစ်ခွဲခန့်အကြာမှာ ကျွန်တော် ဆောက်လုပ်ရေးမေဂျာ(Civil)နှင့် (AGTI) အငယ်တန်းနှစ်နှစ်အောင်မြင်ပြီး B.Tech First Year တက်ခွင့်ရခဲ့တယ်။ B.Tech မတက်ခင်(AGTI)ဘွဲ့အရင်ယူရမည်လေ။ ဒီတော့ ဖေဖေနဲ့မေမေက ပျော်မဆုံးအချိန်ပေ့ါ။ အဲ့ဒီနေ့ကျရင် “မေမေက သားအမေရင်းလား”လို့ မေးဖို့ကျွန်တော်စိတ်ဆုံးဖြတ်ထားတယ်။ ကိုယ့်အတွေးနဲ့ကိုယ် ပျော်နေချိန်ပေ့ါ။ အိမ်မှာစီးပွားရေးကလည်း အဆင်ပြေ၊ ဖုန်းဆင်းကတ်တွေလည်း ပေါ်နေချိန်မို့ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော်ရယ် ဖုန်းတစ်ယောက်တစ်လုံး ဝယ်ကိုင်ခဲ့ကြတယ်။ ဟိုကောင်လေးနဲ့ကောင်မလေးကလည်း သူတို့ကိုဖုန်းမဝယ်ပေးလို့ဆန္ဒပြကြသေးတယ်။ မေမေက သားနဲ့သမီးက ငယ်သေးလို့ပါ ဘာညာချော့မော့ပြီး စက်ဘီးတစ်စီးဝယ်ပေးလိုက်မှ ငြိမ်သွားလေရဲ့။

နောက်ကျွန်တော်ဘွဲ့ယူဖို့ အစီအစဉ်ကတစ်မျိုး။ ကျွန်တော်နှင့်သူငယ်ချင်းများက နံနက်စောစောကတည်းက ကျောင်းမှာပဲ အလှဖန်တီးရှင်စုပေါင်းခေါ်ယူ ပြင်ဆင်ကာ ခါတ်ပုံတွေ လျှောက်ရိုက်ဖို့ချိန်းထားကြတယ်။ ဖေဖေနှင့်မေမေက ပြင်ဆင်ခြယ်သပြီး ဖေဖေပြေးဆွဲသည့်တက္ကစီကားလေးနှင့်ပွဲချိန်မီအောင်လာကြမည်တဲ့။

အဲဒီနေ့ပေ့ါ။ ကျွန်တော့်ဘဝရည်မှန်းချက်တွေအားလုံးကို အလယ်ကနေရိုက်ချိုးသွားတာ။ ဖေဖေမောင်းလာတဲ့ကားလေးကို ဒဂုံဧရာအဝေးပြေးဝင်းထဲက ထွက်လာတဲ့ Express ကားတစ်စီးက ခါးလယ်ကနေဖြတ်တိုက်ခဲ့တယ်။ ဖေဖေဖုန်းနံပါတ်နဲ့ ကျွန်တော့်ဆီဖုန်းဝင်လာခဲ့တယ်။ ဘွဲ့နှင်းသဘင်ခန်းမကနေ လှိုင်သာယာဆေးရုံကို ကျွန်တော်အမြန်ထွက်လာခဲ့ပေမယ့် ဖေဖေနှင့်မေမေရဲ့ အသက်ကိုမမီခဲ့ဘူး။

ဝမ်းနည်းကြေကွဲစွာ ဖေဖေနဲ့မေမေရဲ့ရုပ်အလောင်းကိုဖက်ပြီးကျွန်တော်ငိုခဲ့တယ်။ အဲဒီအချိန်က ကျွန်တော့်ကမ္ဘာပျက်သုဉ်းချိန်ဆိုလည်းမမှား။ မေမေ့ကိုလည်း. . . . သားအမေရင်းလားလို့ မေးခွင့်မရခဲ့ဘူး။ ကျွန်တော့်သူငယ်ချင်းတွေ စင်ပေါ်တက်ဘွဲ့ယူနေချိန်မှာ. . . ကျွန်တော်ကတော့ လှိုင်သာယာဆေးရုံကြီးရဲ့ရေခဲတိုက်ထဲမှာ ငိုရှိုက်နေခဲ့တယ်။ ဘာလုပ်လို့ဘာကိုင်ရမယ်မှန်းလည်းကျွန်တော်မသိဘူး။ တိတ်ဆိတ်စွာအိမ်ပြန်လာပြီး ဝိုင်းကူညီကြလို့ ဖေဖေနှင့် မေမေရဲ့နောက်ဆုံးခရီးလိုက်ပို့ဖို့ ရပ်ကွက်လူကြီးတွေကို အကြောင်းကြားတယ်။ ကောင်လေးနှင့်ကောင်မလေးလည်းအကြောင်းစုံသိသွားတော့ငိုတာပေါ့။ ရပ်ကွက်ကဝိုင်းဝန်းကူညီကြလို့ဖေဖေနှင့်မေမေရဲ့ နောက်ဆုံးခရီးအပြင် ရက်လည်အထိအဆင်ပြေခဲ့တယ်။ ကောင်လေးနှင့်ကောင်မလေးကတော့ ကျွန်တော့်ကို အမုန်းကြီးမုန်းသွားကြလေရဲ့။ ဖေဖေနဲ့မေမေသေတာ ကျွန်တော်ကြောင့်တဲ့လေ။

“ကလေးသုံးယောက်ပဲကျန်တော့တယ်။ ဘာလုပ်စားကြမလဲ. . . . ဆွေမျိုးတွေမရှိဘူးလား”

ခေါင်းရင်းအိမ်က အပျိုကြီးမသန်းနုရဲ့အမေးစကား ကျွန်တော်ခေါင်းယမ်းပြလိုက်တယ်။ ဆွေမျိုးဆိုတာ ဘာမှန်းကျွန်တော်မသိ။ ရှိလည်းမရှိ။ အဖေကလည်း မပြောပြဘူး။ မေမေ့ဘက်ကကောင်လေးနဲ့ကောင်မလေးကိုကျွန်တော်လှမ်းကြည့်တော့ သူတို့သည်လည်းခေါင်းခါပြတယ်။ကောင်လေးကဒီနှစ်ဆို ဆယ်တန်း၊ ကောင်မလေးက ကိုးတန်း၊ သူတို့တာဝန်တွေအားလုံး ကျွန်တော့်ပခုံးပေါ်တင်ဖို့ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ အစ်ကိုကြီးအဖရာ ကျွန်တော်ရှာဖွေကျွေးမွေးမည်ပေ့ါ။ လူတချို့က မယုံသလို၊ ယုံသလို ရယ်ကြလေရဲ့။ နောက်ဆုံးကျအားလုံး အိမ်ပြန်ကြသည်သာ။ အပျိုကြီးမသန်းနုကတော့ “အကူအညီလိုရင်ပြော. . . နော်”တဲ့ ကပ်ပြီး ကျွန်တော့်ကို ပြောသွားလေရဲ့။ ရက်လည်ပြီးတော့အိမ်မှာ ကျွန်တော်တို့သုံးယောက်ထဲကျန်ရစ်ခဲ့တယ်။ နာကြည်းမုန်းတီးစွာ ကျွန်တော့်ကိုစိုက်ကြည့်နေကြတဲ့ မောင်နှမနှစ်ယောက်ကို ကျွန်တော်ရင်မဆိုင်ရဲသောအချိန်။ မျက်နှာလွှဲနေလို့ကလည်းမရ။ တစ်အိမ်တည်းလေ။

**အခန်း(၄)**

သူတို့မောင်နှမ ပြောဆိုသည်ကလည်းမှန်သည်ပဲ။ ဖေဖေနှင့်မေမေက ကျွန်တော့်ထံလာတဲ့လမ်းမှာ ဖြစ်ပျက်ခဲ့ရတာဆိုတော့ ကျွန်တော့် ကိုယ်တိုင်းလည်း အပြစ်ရှိသလို ခံစားရတယ်။ ဖေဖေနဲ့မေမေကိုယ်စား ဒီညီလေးနှင့်ညီမလေးကို ကျွန်တော်ပြုစုပျိုးထောင်ပေးရမည်လေ။ ဒီတော့ ရင်နာနာနှင့်ပဲ ကျွန်တော်ပညာရေး B.Tech First yearကို ဆက်မတက်ဖြစ်ခဲ့။ ရည်မှန်းချက်ကို ကျွန်တော်စွန့်လွှတ်လိုက်တယ်။

တကယ့်လက်တွေ့ဘဝမှာ အလုပ်ရှာရတာမလွယ်။ အငယ်တန်းအင်ဂျင်နီယာ အတွေ့အကြုံမရှိသေးသည့် ကျွန်တော့်ကို ဘယ်ဆောက်လုပ်ရေးကမှ အလုပ်မပေးခဲ့ပါ။ ဒီတိုင်းထိုင်စားနေရင်လည်းမဖြစ် ဖေဖေနဲ့မေမေထားခဲ့သည့်ငွေကြေးများက တဖြည်းဖြည်းလျော့ပါးလာပြီ။ ညီလေးနှင့်ညီမလေးက ကျောင်းမတက်တော့ဘူးဆိုသည်ကို ကျွန်တော်က အတိုက်အခံတက်ခိုင်းခဲ့တယ်။ ဒီတော့ အလုပ်တစ်ခုက ရမှဖြစ်မည်လေ။ ကံကောင်းထောက်မ၍ လမ်းထိပ်က စတိုးဆိုင်တစ်ခုတွင် ကျွန်တော်စာရေးအလုပ်ရခဲ့တယ်။ ရသလောက်ကြိုးစားရှာဖွေ၍ ညီလေးနှင့်ညီမလေးပညာရေးမပျက်ကွက်အောင် ကျွန်တော်ကြိုးစားခဲ့တယ်။ သို့သော် ပေါင်နှံချေးငှားရသည်သာများပါရဲ့။ ကျွန်တော့်ကို အကြောင်းသိ တစ်ရပ်ကွက်လုံးကသနားမဆုံး။ အဆိုးဆုံးကတော့ ခေါင်းရင်းခြံနေ အပျိုကြီးမသန်းနုနှင့် သူ၏အမေ ဘွားတင်မေဖြစ်ပါတယ်။ ဘွားတင်နှင့်မကြီးသန်းတို့က ဟင်းဆိုလည်းအမြဲတစ်နေ့တစ်ခွက်တော့ အိမ်ကိုလာပို့ပေးပြီးသား။ ပိုက်ဆံလည်းလိုအပ်ရင်အချိန်မရွေး ထုတ်ချေးပါတယ်။ မကြီးသန်းက ရပ်ကွက်ထဲမှာ ငွေတိုးပေးစားသူ။ ကျွန်တော်ကိုတော့အတိုးမယူသလို “အဆင်ပြေမှပေး”ဟု အမြဲအားပေးတတ်သူ။ ကျွန်တော်လည်း တစ်ခါတလေ စိတ်ညစ်သမျှ မကြီးသန်းဆီမှာ ရင်ဖွင့်ပြောပြလေ့ရှိတယ်။

ကျွန်တော့်အကြောင်းကို အသိဆုံးသူက မကြီးသန်းဆိုလည်းမမှား။ ကျွန်တော်က သုံးလတစ်ကြိမ်တော့ သာယာဝတီကိုပြန်သွားလေ့ရှိတယ်။ အိမ်ငှားချထားသည့် ဖေဖေ့အိမ်လေးကို သွားကြည့်ရင်း အိမ်ငှားခသွားတောင်းယူခြင်းပါ။ အဲလိုသွားတိုင်း ညီလေးနှင့်ညီမလေးကို မကြီးသန်းတို့ကကြည့်ရှုစောင့်ရှောက်ပေးပါတယ်။ မကြီးသန်းတို့ကျေးဇူးကမသေး။ ဒါကိုညီလေးနှင့်ညီမလေး လည်းသိပုံရတယ်။ ဖေဖေ့အိမ်ငှားခလေးတွေက ကျွန်တော်တို့အသုံးစရိတ်ကို ဝင်ခုတော့နည်းနည်းအသက်ရှူချောင်တာပေ့ါလေ။ ဖေဖေနှင့်မေမေဆုံးပြီးကတည်းက မောင်နှမနှစ်ယောက်က ကျွန်တော့်ကိုစကားသိပ်မပြောကြတော့။ မေးထူးခေါ်ပြောမျှသာပြော၏။ ညီလေးနှင့်ညီမလေးက ကျွန်တော့်ကိုနည်းမျိုးစုံနှင့်ပညာပြတော့တာပါပဲ။ ကျွန်တော့်အကျီနှင့်ပုဆိုးတွေဆို အကောင်းဟူ၍ မရှိအောင် ဖောက်ချုပ်သီတန်းရာအပြည့်။

ကတ်ကြေးနှင့်ကိုက်။ ဓားနှင့်လှီး။ကျွန်တော်ကတော့ အပြစ်မယူခဲ့သလို အပြုံးလည်းမပျက်ခဲ့ပါ။ အိမ်မှုကိစ္စ အလျှော်အဖွပ်၊ အချက်အပြုတ်ကိုလည်း ကျွန်တော်ပဲပင်တိုင်စံလုပ်ပါတယ်။ အဆောင်နေ ကျောင်းတက်ဖူးသည့် ကျွန်တော့်အတွက် သိပ်မခက်ခဲပေ။

စာမျက်နှာ ၈ သို့ ❒

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

❏ **စာမျက်နှာ က မှ**

နံနက်အလုပ်မသွားခင် ကျွန်တော်က ညီလေးနှင့် ညီမလေးရဲ့ ကျောင်းထမင်းချိုင့်စီစဉ်ပေးရင်း ညနေစာပါ တစ်ခါတည်းချက်ထားခဲ့လေ့ရှိတယ်။ ကျောင်းမုန့်ဖိုးကိုလည်း ညဘက်တည်းက သူတို့လွယ်အိတ်ထဲထည့်ပေးပြီးသား။ သို့သော် ကျွန်တော်အိမ်ပြန်လာတိုင်း ပြောင်တလင်းခါနေသည့် ထမင်းပေါင်းအိုးက ဆီးကြိုမြဲသာ။ ညီလေးနှင့် ညီမလေးက စားလို့မကုန်လည်း ကျွန်တော့်ဖို့ မချန်အိမ်ဘေးသွန်ပစ်လေ့ရှိရဲ့။

တစ်နေ့ ကျွန်တော် အရောင်းကောင်တာထိုင်သည့် စတိုးဆိုင်ကို ညီလေးနှင့် ညီမလေး ရောက်လာပြီး ဟိုဟာလိုချင်တယ်၊ ဒီဟာလိုချင်တယ်လုပ်ကြပါရဲ့။ အရောင်းဝန်ထမ်းလေးများကိုခေါ်၍ ကျွန်တော်တိုးတိတ်စွာမှာကြားရပါတော့တယ်။ သူတို့ယူသမျှပစ္စည်းများကို မှတ်ထားကြရန်ပါ။ ကျွန်တော့်စာရင်းထဲထည့်သည်လေ။ သို့သော် ညီလေးနှင့် ညီမလေး၏ဆိုင်သို့ ပစ္စည်းမျိုးစုံလာယူသည်က တစ်ခါမက အကြိမ်ကြိမ်။ အိတ်စိုက်နိုင်တုန်းက ပြဿနာမရှိပေမယ့် အိတ်မစိုက်နိုင်တဲ့အခါ ကျွန်တော့်လခတွေ အနုတ်ပြလာလေရဲ့။ ကြာတော့ ဆိုင်ရှင်သူဌေးကမကြည်ဖြူ။ ပြူစူလာလေရဲ့။ ဒီလိုနဲ့ပဲကျွန်တော့်ပထမဆုံးအလုပ်ပြုတ်သွားခဲ့တယ်. . . .။ ညီလေးနှင့် ညီမလေးကတော့ ကျွန်တော့်ကွယ်ရာမှ ပြောပြောပြီး ရယ်နေကြတာ ကျွန်တော်သိပါရဲ့။

**အခန်း(၅)**

အလုပ်မရှိတော့ ထုံးစံအတိုင်း မကြီးသန်းထံအပူကပ်ပိုက်ဆံချေးရသည်ပေါ့။ မကြီးသန်းက ကျွန်တော့်ကို သနား၍ သူ၏မိတ်ဆွေတစ်ဦးဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်မှာ ငွေကိုင်အလုပ် တစ်ခုပြောပေးခဲ့တယ်။ မကြီးသန်းပြောပေးထားသည့် လက်ဖက်ရည်ဆိုင်အလုပ်မှာ အဆင်ပြေပြေလုပ်ကိုင်ရင်း သုံးလတစ်ကြိမ်တော့မှန်မှန် ကျွန်တော်သာယာဝတီသို့ပြန်၍ အိမ်ငှားခ ပြန်တောင်းယူတယ်။

တစ်နေ့ကျွန်တော်အလုပ်လုပ်ရာ လက်ဖက်ရည်ဆိုင်ကို ညီလေးနှင့်သူငယ်ချင်းတစ်စု ရောက်လာပါတယ်။ ပြီးနောက်စကားများကာ ညီလေးကို ဝိုင်းထိုးကြိတ်ကြပါတော့တယ်။ ကျွန်တော့်ညီကိုထိတော့ ကျွန်တော် ပုလင်းတစ်လုံးကိုင်ဆွဲ မြင်သမျှ လွှဲရိုက်လို့ ဟိုဘက်ကကောင်လေးတွေ ကွဲပြဲကြကုန်ရောလေ။ သွေးထွက်သံယိုဆိုတော့ ရုံးရောက်ဂါတ်ရောက်ဖြစ်ကုန်တာပေါ့။ ဖွားတင်နှင့် မကြီးသန်းလိုက်လာပြီး လျော်ကြေးပေး ဟိုဘက်ကို တောင်းပန်လို့ အမှုလည်းကျေအေး။ ကျွန်တော်လည်း အချုပ်မကျလွတ်လာခဲ့တယ်။ လက်ဖက်ရည်ဆိုင်အလုပ်ကလည်းကျွန်တော်ပြုတ်သွားခဲ့တယ်။ အဲဒီနေ့အိမ်ပြန်ရောက်တော့ ကျွန်တော်တို့ညီကိုမောင်နှမ သုံးယောက် စကားများကြတော့တာပါပဲ။

**အခန်း(၆)**

ထိုနေ့မှစ၍ သုံးရက်ဆက်တိုက် ညီလေးရန်ဖြစ်၍ မကြီးသန်းတို့နှင့်အတူ ကျွန်တော်လိုက်ရှင်းခဲ့ရတယ်။ လျော်ကြေးလည်းပေးရရဲ့။ ခံရသူတွေကို ဆေးခန်းလည်း ပြပေးရရဲ့။ မကြီးသန်းနှင့် ဖွားတင်တို့၏ ကျေးဇူးတရားအောက် ကျွန်တော်ခေါင်းပင်မဖော်နိုင်အောင် နစ်မြုပ်နေပြီ။ ဒီကြားထဲ ညီမလေးကလည်း ကျောင်းကပြန်လာတိုင်း သူမဘေးမှာ ကောင်လေးတစ်နေ့တစ်ယောက် မထပ်စေရထည်လဲတွဲပြနေတယ်။

ကျွန်တော့်မှာ အလုပ်သစ်ရှာဖို့စိတ်မကူးနိုင်။ ဒီမောင်နှမကို အပျော့နည်းနှင့်မရတော့ ကြမ်းရမည်လေ။ ဗျူဟာတွေးရပြီပေါ့။ ညီလေးနှင့် ညီမလေးက ငယ်စဉ်တည်းက ပညာရေးဘက်တွင်တော်ကြတယ်။ ကျွန်တော့်ကိုရွံ့ချင်သောစိတ်ကြောင့် သူတို့လေးတွေ၏ ပညာရေးထိခိုက်တိမ်းစောင်းသွားမည်ကို ကျွန်တော် စိုးရိမ်မိတယ်။

ဒီတော့ညီလေးနှင့် ညီမလေး ကျောင်းကအိမ်ပြန်လာတဲ့အချိန် ကျွန်တော်မျက်နှာတည်တည်နဲ့ ခပ်မာမာစကားစပြောတယ်။

'ဒီမယ်. . . အငယ်ကောင်နဲ့ အငယ်မ။ နင်တို့က ကုန်စိမ်းသည်သားနှင့်သမီးမို့ အရှက်မရှိ ရန်တွေဖြစ်၊ ရည်းစားတွေအများကြီးထားပြီး. . . နင်တို့ရဲ့ အောက်တန်းစား စရိုက်ကိုထုတ်ပြတယ်ပေါ့လေ။ ကောင်းတယ် ဆက်လုပ်. . . ဟိုကောင်လည်း ဆယ်တန်းအောင်မှာ မဟုတ်သလို၊ ညည်းလဲဘယ်အတန်းရောက်မလဲကြည့်ကြသေးတာပေါ့. . .။ ကိုယ်တွေက အနေသာကြီး. . . ဟ. . ဟ'

မောင်နှမနှစ်ယောက်ရဲ့ မခံချင်စိတ်တွေကို ကျွန်တော် တစ်ဖက်လှည့်နဲ့ မီးထိုးပေးလိုက်တယ်။ ကျွန်တော့် စကားဆုံးတော့ မောင်နှမနှစ်ယောက် ဝုန်းဒိုင်းကြဲပေါက်ကွဲတော့တယ်။ ညီလေးဆို ကျွန်တော့်ကိုထိုးမယ်ကြိတ်မယ်တကဲကဲပေါ့. . .။ ဘေးအိမ်နေမကြီးသန်းတို့ဖွားတင်တို့လာရောက်ဝိုင်းဆွဲကြတာမြန်လို့သာ။ ဒါတောင်ညီလေးက အံတကြိတ်ကြိတ်ဆွဲနေသည့်ကြားက ကျွန်တော့်ကို လက်ညိုးလှမ်းထိုး၍

'ခင်ဗျားကြီးမှတ်ထားလိုက်. . .။ ကျုပ်တို့က အောက်တန်းစားတွေ မဟုတ်သလို။ အရှက်မဲ့တဲ့သူတွေလည်းမဟုတ်ဘူး။ ခင်ဗျားကိုတမင်ရွဲ့နေတာ။ ခင်ဗျားမရှိလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တယ်။ ခင်ဗျားက ကျုပ်ကို ဆယ်တန်းမအောင်ဘူးလို့ပြောတယ်နော်. .။ ခင်ဗျားလောင်းမလားပြော. . .' လည်ပင်းအကြောကြီးထောင်နေအောင်ညီလေးက ဒေါသကြီးစွာဖြင့်အော်ပြောတော့ ကျွန်တော်အကျယ်ကြီး အော်ရယ်ပစ်လိုက်တယ်။

'ဟား. . . ဟား. . . . . ဟား. . . မင်းလိုင်ချွတ်လေး ကလား။ လောင်းမယ်ကွာ. . .။ ကျောက်တုံးရေပေါ်၊ ကျည်ပွေ့အတတ်ပေါက်မလား ကြည့်ရသေးတာပေါ့ ကွာ . . .' ကျွန်တော့်စကားဆုံးတော့ ညီလေးက 'စောင့်ကြည့်လိုက်စမ်းပါ။ ကျုပ်လောင်းကြေးကတော့ ကျုပ် ဆယ်တန်းအောင်ရင် ခင်ဗျားမျက်နှာမမြင်ချင်ဘူး။ ခင်ဗျား ဒီအိမ်ကထွက်သွားရမယ်။ ဘယ်လိုလဲ. . .။ ခင်ဗျားဘက်က ကြိုက်ရာလောင်းကြေးကိုပြော. . .'နာနာကြည်းကြည်းကိုပြောနေတာပါလား။ ရင်ထဲထိရှခံစားရပါရဲ့ ကျွန်တော့်အပြင်မှာတော့ ကျွန်တော့်လောင်းကြေးကိုနောက်မှ ပြောမည် "အိုကေ" ဟုသာ ကတိပြုလိုက်မိတယ်။ ညီလေးနှင့်ကျွန်တော်ရဲ့ရန်ပွဲကို ဘေးကနှုတ်ခမ်းကိုက်၍ မီးဝင်းဝင်းတောက်ကြည့်နေသည့် ညီမလေးကတော့ ဘာမှဝင်မပြောခဲ့ပါ။ သူလည်းကျွန်တော့်ကို စိတ်ဆိုးမုန်းတီးနေမည်သာ။ ကိုယ့်ဝမ်းနာကိုယ်သာသိလေ။ကျွန်တော် ညီလေး၊ ညီမလေးတွေကို ခွဲပြီးမသွားချင်ခဲ့ပါဘူး။

အဲဒီနေ့က စလို့ ညီလေးရန်မဖြစ်တော့ဘူး။ စာအုပ်နဲ့မျက်နှာမခွာတမ်း စာတွေကျက်နေလေရဲ့။ ညီမလေးကလည်း ကျောင်းပြန်လာရင် ကောင်လေးတွေ သူ့ဘေးမှာ ပါမလာတော့ဘူးလေ။ ကျွန်တော် အကြံအစည်အောင်မြင်ပေမယ့် ကျွန်တော်မပျော်ခဲ့ပါဘူး။ အဆုံးသတ်ကိုလှမ်းမြင်နေသည်လေ။

ဒီလိုနဲ့ ညီလေးဆယ်တန်းစာမေးပွဲ ဖြေပြီးခဲ့ပြီ။ ကျွန်တော်လည်းကြုံရာအလုပ်တွေ လိုက်လုပ်ပြီး ဝင်ငွေရှာနေမြဲ။ သာယာဝတီကို တစ်ခေါက်သွားပြီး ကျွန်တော်ပြန်လာခဲ့တယ်။ ဒီတစ်ခေါက်သွားတာအရင်ကထက် နည်းနည်းကြာလို့ မကြီးသန်းတို့တောင် စိတ်ပူကြလေရဲ့။ ပြန်ရောက်တော့ ပါလာသည့်ပိုက်ဆံများနှင့် မကြီးသန်းကို အကြွေးလည်းဆပ် အကျိုးသင့်အကြောင်းသင့်လည်းဖွင့်ဟတိုင်ပင်ရှင်းပြရတယ်။ သိပ်မကြာ ဆယ်တန်းအောင်စာရင်းထွက်မည့်နေ့ကို ရောက်လာခဲ့တယ်။ ညီလေးအောင်မည်ဆိုတာ ကျွန်တော်သိပြီးသားပါ။ ညီလေးနှင့်ညီမလေးရဲ့ တွေ့ကြပြီဆိုတဲ့အကြည့်မျိုးကို ကျွန်တော်မခံစားနိုင်။ နံနက်စောစောညီလေးအောင်စာရင်း သွားမကြည့်ခင် ကျွန်တော်အိပ်ရာထ၍ ညထဲကကြိုပြင်ဆင်ထားသည့် အဝတ်ထုပ်လေးဆွဲကာ တည်းကုန်းဘူတာရုံသို့ရောက်လာခဲ့တယ်။

**အခန်း(၇)**

ဆို့နစ်ကြေကွဲမှုက ရင်အပြည့်မဆံ့ ပေါက်ထွက်တော့မလိုလို။ အတွေးနယ်ချဲ့ရင်းဖြင့် ဝေ့တတ်လာသောမျက်ရည်ကြည်တို့က ကျွန်တော့်ပါးကိုဖြတ်စီးဆင်းသွားပါရဲ့။ ဖုန်းနာရီလေးဖွင့်ကြည့်တော့. . . အချိန်က ၇ နာရီသာရှိသေးတယ်။ ဘူတာရုံထဲ ရထားစီးဖို့ရောက်လာသူများနှင့် စည်ကားစပြုနေပြီ။

'ကိုကြီး. . ကိုကြီး. . .'

ဒီအသံနှစ်ခုကို ကျွန်တော်ရင်းနှီးတယ်။ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ရဲ့အသံ။ ကျွန်တော်အတွေးထဲ ဖျတ်ခနဲပြေးမြင်မိတယ်။ ဘေးဘီဝဲယာကို ထိုင်ခုံမှထ၍ကြည့်မိတော့ ရထားလမ်းဘေးကော်ရစ်တာတစ်လျှောက် လူတွေကိုရှောင်ကွင်း၍ အမောတကြီးကျွန်တော့်ဆီပြေးဝင်လာကြသော ညီလေးနှင့် ညီမလေး။ ကျွန်တော်ဆီးကြို၍ နှစ်ယောက်လုံးကိုဖက်ထားလိုက်မိတယ်။ ညီလေးနဲ့ညီမလေးပါးမှာ မျက်ရည်စတွေနဲ့ပါလား။ ကျွန်တော့်ကိုတင်းကျပ်စွာ ဖက်ထားရင်း တူညီစွာသူတို့ပြောနေကြသည်က. . . .

'ကိုကြီးမသွားရဘူး. . . . ကိုကြီးမသွားရဘူးနော်. . . ခွင့်လွှတ်ပါကိုကြီးရယ်. . . .'တဲ့ သူတို့လေးတွေသည်လို ပြောတော့ ကျွန်တော်လည်း တင်းမထားနိုင် ငိုချလိုက်မိတယ်။ ဘူတာရုံထဲ မျက်ရည်တွေနဲ့အသည်းအသန်ပွေ့ဖက်ထားကြတဲ့ မောင်နှမသုံးယောက်ကို လူတွေက ကွက်ကြည့်ကွက်ကြည့်ပေါ့။

နောက်မှညီလေးပြောပြသည်က ညီလေးအောင်စာရင်းကြည့်ပြီးပြန်လာတော့ ခြံအဝနားမှာ မကြီးသန်းနဲ့တွေ့သတဲ့။

မကြီးသန်းက 'နင်အောင်တယ်မဟုတ်လား. . . နင့်အစ်ကိုရောဆင်းသွားပြီလား'လို့ မေးသည်တဲ့လေ။ ဒီမှာပဲ ညီလေးက မိုးလင်းထဲကမတွေ့မိကြောင်း၊ သူ့အကြောင်းသူသိလို့ သာယာဝတီကိုပြန်သွားတာဖြစ်မှာပေါ့ဟု ပြောပြီး ညီမလေးနဲ့အတူရယ်မိကြသတဲ့။ အဲဒီမှာပဲ မကြီးသန်းက စိတ်ဆိုးမာန်ဆိုးနဲ့ 'နင်တို့ မသေမချင်းမှတ်ထားကြ. . . သာယာဝတီကအိမ်ကို နင်တို့အစ်ကိုရောင်းလိုက်ပြီ။ ရတဲ့ပိုက်ဆံကို ငါ့ကိုအကြွေးတွေဆပ်ပြီး ကျန်တာတွေကိုအကြီးကောင်တက္ကသိုလ်တက်ဖို့။ အငယ်မကျောင်းစရိတ်အတွက်ပါ ကူညီပေးပါဆိုပြီး ငါ့ဆီငွေတွေအပ်သွားတယ်. . .။ နင်တို့မြေမြိုမယ်သိလား. . . .။ သူတော်ကောင်းကိုစော်ကားကြ. . .။ နင်တို့အစ်ကိုလိုလူမျိုးလည်း ရှာကြည့်ဦးဟဲ့. . . သူမှာ ပိုက်ဆံပါမသွားလောက်ဘူး. . . . ဟီး' မကြီးသန်းကပြောအပြီး 'ဟီး' ခနဲ ငိုချလိုက်တယ်တဲ့။ အဲဒီမှာပဲ ညီလေးတို့မောင်နှမ အရမ်းအံ့သြပြီး နောင်တကြီးစွာရ၊ မှားမှန်းသိလို့ မျက်ရည်တွေကျပြီး. . . တောင်းပန်ရင်းပြန်ခေါ်ဖို့ ကျွန်တော်ရှိရာသို့ ရောက်လာကြသည်တဲ့လေ။

ကြည်နူးမဆုံး ကျွန်တော်ရင်ထဲမှာနွေးခနဲ ခံစားလိုက်ရပါရဲ့။ ညီလေးနှင့် ညီမလေးရဲ့မျက်ရည်ကြောင့်တော့မဟုတ်။ ထို့ထက်ပိုထူးသည်က ညီလေးမိုးဝသုန်နှင့် ညီမလေးကြည်ဖြူတို့ကို မြားသစ်ချွန်ဆိုသည့် ကျွန်တော်ပွေ့ဖက်ထားရင်း ဘူတာရုံထဲမှ သပြေခက်ကိုက်လျက် ပျံသန်းထွက်သွားတဲ့ ချိုးငှက်လေးတစ်ကောင်ကို ကျွန်တော်လှမ်းမြင်လိုက်တာပါပဲ။ ညီလေးနဲ့ ညီမလေးလည်း မြင်မိကြမယ်ထင်ပါရဲ့။

# ရည်မှန်းချက်ထား ကလေးများ

* သားသား မီးမီး ရင်သွေးငယ်
ပညာနို့ရည်သောက်စို့ကွယ်။
ပညာရေးကိုကြိုးစားသွား
ရည်မှန်းချက်တွေထား။

* ကျောင်းအားရက်မှာ စာဖတ်ပါ
သုတ၊ ရသ စုံလင်စွာ။
ဗဟုသုတပေါ်ကြွယ်ဝ
အသိဉာဏ်တွေရ။

* မိဘ၊ ဆရာရှိသေစွာ
ပျူငှာယဉ်ကျေးဆက်ဆံပါ။
မိဘစကား နားဝယ်ထား
လိမ္မာကြစေသား။

* ကွန်ပျူတာ၊ ပန်းချီ၊ ကဗျာ
သင်တန်းများစွာစုံလင်တာ။
နွေဦးရာသီကျောင်းပိတ်ရက်
သင်တန်းကိုယ်စီတက်။

* သူငယ်ချင်းတွေချစ်ခင်လေ
ဝိုင်းဝန်းကူညီရိုင်းပင်းစေ။
သူငယ်ချင်းများညီစေသား
လက်တွဲလျှောက်စို့လား။

* ကလေးများကိုပြုစုပါ
နည်းစနစ်လမ်းမှန်ကန်စွာ။
ကလေးများ၏ ရည်မှန်းချက်
ဝိုင်းဝန်းကာတည့်မတ်။

* ရောင်စုံပန်းများဝေဝေဖြာ
ချစ်ရပါသော ကလေးကမ္ဘာ။
ရောင်စုံပန်းများလန်းစေရေး
ရေလောင်းပေါင်းသင်ပေး။

* ထူးချွန်ထက်မြက်ကလေးများ
နောင်အနာဂတ် ထွန်းပေါက်ဖွား။
ဒို့ မြန်မာပြည် အနာဂတ်
ဖွံ့ဖြိုးကာတိုးတက်။

* တီထွင်ကြံဆ ကလေးများ
နောင်အနာဂတ် ထွန်းပေါက်ဖွား။
ဒို့ မြန်မာပြည် အနာဂတ်
အလင်းရောင်ဖြာထွက်။

* ဘက်စုံဖွံ့ဖြိုး မြန်မာပြည်
နောင်အနာဂတ်မှန်းကာရည်။
မြန်မာပြည်ရဲ့ ဂုဏ်သတင်း
ကမ္ဘာအနှံ့မွှေးပျံ့သင်း။

ဒီ(လှိုင်)

# နွေရောက်ပြီ

လွမ်းမောဖွယ်ရာ တေးသံသာကို
ငှက်ငယ်ဥသြ တွန်သံနော၍
နွေဦးရောက်ကြောင်းပြောလေပြီ
မြောက်လေပွေရူး ညင်းဆော်မြူး၍
ရော်ရွက်ဝါတွေ လွင့်ဝဲနေသည့်
မြင်ကွင်းခဏ တဒင်္ဂသည်
နွေဦးပန်းချီလုလေသည်
ရွက်ဟောင်းတို့ကြွေ
ရွက်သစ်ဝေသည့်
နွေ၏ကာလ မြင်ပြန်ရသော်
လွမ်းတမြည့်မြည့် ဆွေးမြည့်မြည့်
ဖုန်လုံးလှိုင်လှိုင်
ကွင်းမြိုင်တကြော ခြူသံနောသည့်
နွားငယ်နစ်ကောင် လှည်းယဉ်ဆောင်၍
ရွာဝင်လမ်းတိုင်းသွားလေသည်
ဥသြငယ်မ တေးသံဆ၍
လိုက်ဖိုတွန်ကြူး လွန်ပျော်မြူးသည့်
သာစွမြင်ကွင်းအလှရှင်း

တိမ်ညိုမြင်း

# အေးချမ်းပါစေ အတာရေ

တန်ခူးလ အခါမည်။
ပန်းမာလာ ရွှေရည်ဖူး
နှစ်ဦး ကြိုပြီ။
စည်းဝါးနဲ့ နရီ
လုဟာန်ချီ ပင်ယံနန်း။
လေးနမငယ်
တွေးဆကွယ် ပိတောက်ဖူးသို့
တူးပို့ ယဉ်ဆန်း။ ။
တို့တိုင်း တို့ဌာနေ။
အတာရေ သပြေခက်နဲ့
ဖျန်းပက် မသွေ။
တောင်းဆုခြွေ
မာပါစေ သည်တန်ခူး။
အေးသာယာ
ဘေးဘယာ ဝေးကွာရှောင်လို့
နှစ်ဟောင်းကုန် ပြည်တစ်ဝှမ်း
ငြိမ်းချမ်း နှစ်ကူး။ ။

မောင်ဥယျာဉ်(အရှေ့ပြင်)

# တောသကြ်န်

အဖိုးမများပေမယ့်
ရိုးသားတဲ့ တောကသင်္ကြန်။
စီးပွားဖြစ်မဟုတ်လေတော့
သမီးသားအပြစ် ပူစရာမလိုတော့ဘူး။
တောသကြ်န် ပျော်သံတွေအောက်မှာ
အုန်းလက်နဲ့ မဏ္ဍပ်ကတော့
ဆုံးဖြတ်ချက်တွေအပြည့်. . .
ယုံကြည်ချက်တွေအပြည့်နဲ့
ယိမ်းနွဲ့ကာ ခရီးဆက်နေလေရဲ့။
ကြို၊ ကျ၊ ကြတ်၊ အတက်ဟာ
ညီမြအတွက်တော့
တူးပို့တေးသံနဲ့အတူ
မြူးကြွလို့နေတယ်လေ။ ။

ကန်ညီနောင်ရွှေဖျိုး(လယ်တွင်းသား)

ဝတ္ထုတို

# ကောင်းကင်နဲ့မတန်တဲ့တိမ်

ညီဆောင်းဦး



**အခန်း(၁)**

"အမေ"...

ဒီနေ့မနက်က လေ့ကျင့်ခန်းမရှိတဲ့နေ့မို့လို့ ကစားဖော်သူငယ်ချင်းတွေနဲ့ တစ်ညလုံးသောက်စားပျော်ပါးလိုက်တာ မိုးလင်းခါနီးမှ အိပ်ပျော်ပြီး လန့်နိုးလာတယ်။ ထူးထူးဆန်းဆန်း နိုးလာခြင်းမျိုးပါပဲ။ ရုတ်တရက် တစ်ယောက်ယောက်က လှုပ်နိုးလိုက်သလိုမျိုး။ ပိုပြီးထူးဆန်းတာက ပါးစပ်ကယောင်ပြီး အမေလို့တောင် ထွက်လိုက်သေးတယ်။ ဟုတ်ပါတယ် အမေဆိုတဲ့စကားလုံးကို ကျွန်တော့်နှုတ်ကမထွက်ခဲ့တာ ခုနစ်နှစ်ကျော်လောက်တောင်ရှိနေပါပြီ။ အခုမှအမေ့ကို သတိရနေတော့တယ်။ အမေနေမှကောင်းရဲ့လားမသိ။ အမေ့အိမ်က ထွက်လာကတည်းက အဆက်အသွယ်မလုပ်ခဲ့တာ အခုချိန်အထိပဲ။ နှစ်ပရိစ္ဆေဒ အတန်အသင့်ကြာခဲ့ပြီ။ ဘောလုံးသမားတွေ လူတွေ့စစ်ဆေးတုန်း အချိန်ကတော့ အမေ့ကိုမှန်းပြီး ကန်တော့ဖူးတယ်။ ခလုတ်ထိမှ အမိတသလိုမျိုး။ နောက်ပိုင်းအမေဆိုတာကို မေ့ထားလိုက်တဲ့အထိပဲ။ အခုအိပ်ရာနိုးလာကာမှ ဘာကြောင့်မျှား အမေ့ကိုစွဲစွဲလမ်းလမ်းသတိရနေပါလိမ့်။ ကျွန်တော်မတွေးတတ်တော့ပါ။ ဦးမြင့်ရွှေကိုဖုန်းဆက်ပြီး အမေ့အကြောင်းလေး ဘာလေးမေးကြည့်ဦးမယ်။ ကျွန်တော့်ဖုန်းထဲမှာနာမည်နဲ့ အတူမှတ်ထားတဲ့ဦးမြင့်ရွှေဖုန်းနံပါတ်ကိုနှိပ်လိုက်တယ်။

"ဟယ်လိုဦးမြင့်ရွှေလား"

"အေးဟုတ်တယ်ကွ။ အောင်ဆန်းလင်းပြော"

တစ်ဖက်ကလူတွေရဲ့အသံတွေနဲ့ ဆူညံနေတာမို့ ဦးမြင့်ရွှေအသံကို ကျွန်တော်သိပ်မကြားရပါဘူး။

"ဟုတ်ကဲ့ ဦးမြင့်ရွှေ၊ ကျွန်တော်သိပ်မကြားရဘူးဗျ"

ဦးမြင့်ရွှေက ဆူညံသံတွေနဲ့ဝေးတဲ့နေရာကို သွားလိုက်တယ်ထင်တယ်။ သူ့အသံကိုကြည်ကြည်လင်လင် ပြန်ကြားရတယ်။

"ဟုတ်ကဲ့ ကြားရပြီ။ ဆူညံနေတာပဲ ဘာလုပ်နေကြတာလဲ။"

"အေးကွာ ငါမအားသေးဘူး။ အသုဘတစ်ခုမှာ လုပ်အားပေးနေလို့"

ကျွန်တော့်အကြောတွေထဲ စိမ့်ခနဲဖြစ်သွားရတယ်။ ဦးမြင့်ရွှေစကားက ဘာလို့ကျွန်တော့်ကို ကြက်သီးမွေးညင်းထသွားတဲ့အထိ ဖြစ်သွားရတာလဲ။

"အသုဘ"

ကျွန်တော့်နှုတ်ကနေ တိုးတိုးကလေး ရေရွတ်မိလိုက်တယ်။

"ဘယ်သူ့အသုဘလဲ ဦးမြင့်ရွှေ"

"ဒေါ်အုန်းကြည်လေ။ မင်းအမေလို့ မခေါ်ချင်လောက်အောင်မုန်းနေတဲ့ မိန်းမကြီးပေါ့"

ကျွန်တော် ငုတ်တုတ်ထိုင်ကျသွားတယ်။ ဝမ်းနည်းတာလို့ခေါ်မလားပဲ။ မျက်ရည်တွေ ကျွန်တော့်ပါးပြင်ပေါ် အလိုလိုလိမ့်ကျလာတယ်။

"မင်းမကြိုက်ဘူးထင်လို့ မင်းကိုငါ ဖုန်းဆက်ပြီးအကြောင်းမကြားတာ။"

ဦးမြင့်ရွှေစကားတွေကိုတော့ ကျွန်တော်ကြားတစ်ချက်မကြားတစ်ချက်။

အခန်း(၂)

ကျွန်တော်ကအောင်မြင်တဲ့ နိုင်ငံကျော်ဘောလုံးသမားတစ်ယောက်ဖြစ်ချင်တာ။ နိုင်ငံကိုယ်စားပြုပေါ့။ အဲဒါရန်ကုန်သွားဖို့ အမေ့ဆီ ပိုက်ဆံတောင်းတာ မရှိဘူးတဲ့ဗျာ။ အိမ်ဝိုင်းလေးရောင်းပေးဆိုတော့လည်း မရောင်းနိုင်ဘူးတဲ့။ သားသမီးတိုးတက်မှုကို မမြင်ချင်တဲ့မိဘအခုမှတွေ့တော့တယ်ဗျာ။ တွေ့မယ့်တွေ့တော့လည်း ကိုယ့်မိဘဖြစ်နေရတယ်လို့ စိတ်နာလိုက်တာ။ စရိတ်တွေအကုန်လုံး ဦးမြင့်ရွှေတာဝန်ယူလို့ပေါ့။ မဟုတ်ရင် ကျွန်တော်ဒီရွာမှာပဲ ငုတ်တုတ်အရိုးထုတ်ရတော့မှာ။

"ကျေးဇူးတင်ပါတယ် ဦးမြင့်ရွှေ။

ကျွန်တော်ဒီနေ့ပဲ ရွာကထွက်သွားတော့မယ်။

နောက်ကို အမေနဲ့ပတ်သက်တဲ့ဘာအကြောင်းပဲဖြစ်ဖြစ် ကျွန်တော့်ကို အကြောင်းမကြား အသိမပေးပါနဲ့တော့ဗျာ။"

ဦးမြင့်ရွှေက စကားတစ်လုံးမှ ပြန်မပြောဘဲ မျက်မှောင်ကုတ်ကြီးနဲ့ ကျွန်တော်ပြောတာပဲ နားထောင်နေခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်စကားတွေကိုတော့ ကြိုက်ပုံမရ။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း မှန်တယ်ထင်ရင် မိဘတောင်ပြန်ပြောရဲတာမျိုး။

အခန်း(၃)

"ဟယ်လို...ဟေ့ကောင်အောင်ဆန်းလင်း မင်းငါပြောတာကြားလား။"

"ဗျာ..ဟုတ်ကဲ့ဦးမြင့်ရွှေ ကြားပါတယ်။"

အတိတ်ဆီရောက်နေတဲ့ ကျွန်တော့်စိတ်က ဦးမြင့်ရွှေ အသံကြားမှ အသက်ပြန်ဝင်လာတော့တယ်။

"အေး အခုမင်းအမေလည်းမရှိတော့ဘူးဆိုတော့ သူငါ့ကိုမပြောပါနဲ့လို့ တောင်းထားတဲ့ကတိ မတည်လည်းရပြီ။ မင်းသိအောင်ငါပြောပြမယ်။

မင်းရွာကမထွက်သွားခင်နှစ်ရက်လောက်အလိုမှာ မင်းအမေငါ့ဆီလာပြီး မင်းရန်ကုန်သွားရင် လမ်းစရိတ်လုပ်ဖို့အတွက် သူ့ခြံဝင်းလေး ငါ့ဆီမှာ လာပေါင်သွားတယ်။ မင်းလာရင်ငါကကူညီသလိုမျိုးနဲ့ပေးလိုက်ပါတဲ့။"

အခန်း(၄)

ကျွန်တော့်အသိစိတ်နဲ့ မသိစိတ်ရောရောထွေးထွေး ဖြစ်နေတယ်။ မသိစိတ်တွေက အတိတ်ဆီကို ခုတ်မောင်းအပြင်းနှင်နေတယ်။

"အမေ ကျွန်တော်ရန်ကုန်သွားချင်တယ်။ အဲဒီမှာ ဘောလုံးသင်တန်းကျောင်းတွေရှိတယ် ပြောတယ်။ ကျွန်တော် အဲဒီကျောင်းတွေကနေ အောင်မြင်တဲ့ဘောလုံးသမားတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တယ်။"

"သွားပေါ့သားလေးရဲ့၊ မေမေအားပေးပါတယ်။"

အမေအားပေးတာကတော့မှန်ပါတယ်။ ဘယ်လောက်အထိအားပေးသလဲဆိုရင် ကျွန်တော်ကန်တဲ့ ဘောလုံးပွဲတိုင်း အမေမလွတ်တမ်း လိုက်အားပေးနေကျ။ ကျွန်တော်ကကွင်းထဲမှာကန်နေရင် အမေကကွင်းဘေးက ကြည့်နေတယ်။

တစ်ခါတလေများဆို ကွင်းထဲက ကန်နေတဲ့သူတွေကိုတောင် အော်ငေါက်လိုက်သေးရဲ့။ ဒီလိုအခါမျိုးကျရင် ကျွန်တော်သိပ်ရှက်ပါတယ်။ တခြားနေရာတွေကို ဘောလုံးသွားကန်လို့ ကျွန်တော့်ကို သူငယ်ချင်းတွေက အဲဒီအသံကျယ်ကျယ်နဲ့မိန်းမကြီးက မင်းအမေလားလို့ မေးရင် မဟုတ်ပါဘူး၊ မြင်တောင်မမြင်ဖူးဘူးလို့ပဲ ကျွန်တော်ဖြေခဲ့တယ်။ အမေကကွင်းထဲက ဘောလုံးသမားတွေကို အလိုမကျလို့ အသံကုန်အော်ပြောလေ၊ ဘေးနားကလူတွေက အမေ့ကိုကြည့်ပြီးရယ်လေ ကျွန်တော်က ရှက်လေပါပဲ။ ကျွန်တော့်အမေဆိုတာ လူတွေသိမှာ စိုးလို့ ဘောလုံးပွဲပြီးလို့ အိမ်ပြန်ရင်တောင် အမေနဲ့အတူတူ မပြန်ဘူး။ ကျွန်တော်အရင်ပြန်ရင်ပြန်၊ မပြန်ရင် အမေအရင်ပြန်မှ သူ့နောက်ကလိုက်ပြန်တယ်။ မတတ်နိုင်တဲ့ အဆုံး ကျွန်တော်ကန်တဲ့ဘောလုံးပွဲတွေဆို အမေ့ကို လိုက်မကြည့်ဖို့ မှာထားလိုက်တယ်။ အဲဒီအခါကျတော့လည်း အမေ့ခမျာမှာမျက်နှာငယ်လေးနဲ့ နေခဲ့ရတာပါပဲ။

"အမေအားပေးနေရုံနဲ့မပြီးဘူး။ ကျွန်တော်ရန်ကုန်သွားဖို့ပိုက်ဆံပေးလေ။ ပါးစပ်နဲ့သွားပေါ့ဆိုလို့ ရန်ကုန်ရောက်တာမှမဟုတ်တာ။"

"အမေ့မှာ ပိုက်ဆံမှမရှိတာသားရယ်"

"ဒါဆိုဒီအိမ်ဝိုင်းကို ရောင်းလိုက်လေ"

"ဟဲ့အကောင် ဒီဝိုင်းရောင်းတော့ ငါဘယ်ဇရပ်သွားနေရမှာလဲ။ ငါကတော့ အိမ်ဝိုင်းရောင်းမပေးနိုင်ပါဘူး။ လက်ရှိကနေလက်မဲ့ဖြစ်အောင်လို့။ နင်သိပ်အားကိုးပါတယ်ဆိုတဲ့ မြင့်ရွှေဆီကိုသွားပြောပါလား။ နင်တို့ဘောလုံးပွဲလေးများနိုင်လာပြီဆို သူနဲ့ပဲပျော်ကြပါးကြတာလေ။ ငါ့ကိုတောင်သတိရလို့လား။"

အမေက စိတ်ဆိုးခဲ့တယ်။ ဒီတစ်ခါတော့ကျွန်တော့်ကိုစိတ်ဆိုးတဲ့လေသံနဲ့ငေါက်လိုက်တယ်။ အမေအရင်က ကျွန်တော် သူ့ကိုအသိအမှတ်မပြုခဲ့တာတွေအတွက်ပါ ပြောလိုက်တာပါ။

"ဟယ်လို...ဟယ်လို...အောင်ဆန်းလင်း ကြားရဲ့လား"

ကျွန်တော်ကြားပါတယ်။ အမေ့အကြောင်းတွေးရင်း ထပ်မကြားရဲလို့ ဖုန်းချပစ်လိုက်တယ်။ ဘယ်လိုပုံစံနဲ့ပဲ ပြန်တွေးပြန်တွေး အမေ့အပေါ် ကျွန်တော်တော်တော် ရက်စက်ခဲ့သူပါ။

အခန်း(၅)

ကိုယ့်ကိုယ်ကိုယ် သိပ်မိုက်တဲ့သားအဖြစ် ခေါင်းစဉ်တပ်လိုက်တော့ အိမ်ပြန်လမ်းတွေဟာ ခြောက်သွေ့လို့။ ပြီးခဲ့တဲ့အတိတ်တွေကို ပြန်မြင်ယောင်ရင်း အမေ့ကိုသားတောင်းပန်ပါတယ်လို့ အကျယ်ကြီး အော်ချလိုက်တယ်။ ဒါပေမယ့် ကျွန်တော့်အသံဟာ အပြင်ကိုထွက်မလာနိုင်အောင် ဆို့အလို့။ အိမ်ပြန်ရောက်တော့ အမေ့မေတ္တာနဲ့မတန်တဲ့ကျွန်တော်ဟာ အမေ့နားကိုသွားဖို့ တွန့်ဆုတ်နေတယ်။ လူအုပ်ကြီးရဲ့နောက် ထရံဘေးကနေပဲ အမေ့ကိုကြည့်ရင်း အဆက်မပြတ်ကျနေတဲ့ မျက်ရည်တွေကို သုတ်နေတယ်။

"အမေ...ထပါဦးအမေရာ။ သားမိုက်ကို စိတ်ဆိုးပါဦး။ ဆူပါဦးဗျာ"

မနေနိုင်တော့ပါဘူး။ နောက်ဆုံးတော့ ကျွန်တော် အမေနဲ့အနီးဆုံးနေရာလေးနားထိ တိုးကပ်သွားလိုက်တယ်။ ကျွန်တော်လေ အမေ့ကိုပထမဆုံးပြန်တွေ့ရသလိုမျိုးပဲ။ ပါတိတ်ဝမ်းဆက်လေးနဲ့ အမေကသိပ်လှနေတာ။ နတ်သမီးလေးကျနေတာပဲ။ အမေ့မျက်နှာလေးနားတိုးပြီး အားရပါးရနမ်းလိုက်တယ်။ သနပ်ခါးနံ့လေးကို သင်းနေတာပဲ။

"အမေဟာကျွန်တော့်အတွက်တော့ တကယ့်သူရဲကောင်းကြီးပါအမေရာ။ ကျွန်တော်အခုအမေနဲ့စကားတွေအများကြီးပြောချင်လိုက်တာ။ ပြောခွင့်မရတော့ဘူးလားအမေ။ ကျွန်တော်သားကောင်းမဖြစ်တော့ဘူးပေါ့။ အမေ....ထပါဦးအမေရာ...."

## ဖေ့စ်ဘွတ်

မတ်ဇူကာဘတ် ကိုယ်တော်ချောရဲ့
လက်သရမ်းခဲ့မှုကြောင့်
အခုတော့ ကမ္ဘာကြီးက
ရွာကြီးတစ်ရွာ မဟုတ်တော့ဘဲ
အိမ်ကြီးတစ်လုံး ဖြစ်နေပြီ ။
အဲဒီအိမ်ကြီးထဲမှာ
သတင်းအခြင်းတွေနဲ့
အတင်းအဖျင်းတွေလည်းရှိရဲ့
အလှအပတွေနဲ့
ခွကျတာတွေလည်းရှိရဲ့
ကောင်းချီးသြဘာသံတွေနဲ့
စောင်းပြီးဆဲတာတွေလည်းရှိရဲ့
လိမ်စဉ်တွေနဲ့
လိင်ခွင်တွေလည်းရှိရဲ့
ပယောဂတွေနဲ့
စိတ်သောကတွေလည်းရှိရဲ့. . . ။
ပြော မပြောချင်ပါဘူး
သားသားလုလား
သမီးလုလားဆိုတာက တစ်မျိုး
အဘိုးလည်း ဆယ့်ခြောက်နှစ်ဖြစ်
သွားခေါလည်း ဂွလွန်ဖြိုးဖြစ်
နင်က ငါ့ကိုချစ်
ငါက သူ့ကိုချစ်
ဟိုလူကအမှိုက်ပစ်
ဒီလူကအမှိုက်ပစ်. . . ။
ဩော်. . . လူ . . . ခေတ် . . . စနစ်
အားလုံးကို ဗရုတ်သုတ်ခတွေဖြစ် ။ ။

**ခက်ဆစ်လင်း( ပြည် )**

## ရင်မှဆင်နွှဲ ပူဇော်ပွဲ

ခရီးတစ်ယောက် ထွန်းပေါက်ပြန်ပေါ့
ဒုက္ခိမ်ဆိုတာ ပူဇော်ကန်တော့လို့
မြတ်ဆရာများနှင့် ဆုံရပြီ။
ဆရာ့ကျေးဇူး မြင်းမိုရ်ဦးသို့
တပည့်ပေါင်းထံ ရှိကြမှန်မို့
ရှိခိုးဦးချ ကန်တော့ကြတယ်။
ဘယ်သူမွေးမွေး ငါ့ကလေးဟု
စိတ်မှာစွဲမှတ် သင်ကြားပြတဲ့
ဆရာ့အတွက်လည်း ဂုဏ်ယူတယ်။
နွေရေတွေခန်း နေပူလယ်မှာ
ပွဲဖြစ်မြောက်ရေးဦးဆောင်ပြေးတဲ့
သူငယ်ချင်းတွေလည်း ပါပေါ့ကွယ်။
နှစ်ပေါင်းများစွာ ကွဲကွာပါလည်း
ရင်မှာတမ်းတ သတိရကြတဲ့
သူငယ်ချင်းများလည်း ဆုံကြပြီ။
တိုရွာတို့ကျောင်း ဂုဏ်ထပ်လောင်းဖို့
သောင်းဖြကြွလာ သူငယ်ချင်းတွေမှာ
ပီတိဝေဖြာ ပျော်ကြတယ်။
ခုတိုင်ရှိသေး ငယ်စိတ်တွေဖြင့်
နှစ်စဉ်ကိုလည်း ဖိတ်ပေးမယ်။
တပည့်တတွေ ဘဝင်ရှိနေလည်း
သင်ကာပြဖူး ဆရာ့ကျေးဇူးကား
တစ်သက်ရင်မှာ အနန္တပါ
ပျောက်မသွားပါ မြတ်ဆရာ
ကမ္ဘည်းတင်စွာ ရင်ထဲမှာ
နောင်နှစ်ကိုလည်းဆုံခွင့်ပေးပါ ကျေးဇူးရှင်ဆရာ။

**အေးအေးမြင့်**
**မြန်မာစာ**

ဆောင်းပါး

# ဖမ်းဆုပ်မိသော ရွှေဝါရောင် ဝါးရွက်ပေါ်မှ ဖြတ်လမ်းများ

**မောင်သန့်ရှင်း(မှော်ဘီ)**
**ပဉ္စမနှစ် နည်းပညာတက္ကသိုလ်(မှော်ဘီ)**

(၁)

"ဒက်. . . ဒက်. . . ဒုန်း. . . ဒုန်း. . . အား . . . ဒိန်းဒိန်း. . ." သေမင်း၏ တမန်တော်အသံများသည် ဆူညံစွာပေါ်ထွက်နေသည်။ "ဝုန်း. . .၊ ဆာဂျင် ဘယ်ဘက်ကို ပစ်. . .၊ ဒိန်း. . .၊ ဂျောက်. . .၊ စနိုက်ပါ မန်း. . . အပေါ်ကင်းတဲမှာ စက်သေနတ်ရှိတယ်. . .၊ ရှင်းပေ. . .၊ ဟာ. . . RPG မြန်မြန်လာဟ၊ သေကုန်တော့မှာပဲ တင့်ကားဝင်လာပြီ. . . ဟာ. . . ငံ့နေကြဟေ့" ဟူသော အသံများသည် ယမ်းပေါက်ကွဲသံများအောက်တွင် လိုက်ဖက်စွာ ထွက်ပေါ်နေကြသည်။

"ဟာ . . . မီးပျက်သွားပြီ၊ ဒီမစ်ရှင်း အောင်ခါနီးရင်၊ ဒီအတိုင်းပဲ. . . ××× မီး. . .၊ ပြောလိုက်ရင် အကြီးကြီးပဲ၊ ပြီးရင်တစ်နေ့ ၁၅ ခါလောက်ပျက်နဲ့. . .၊ တော်ပြီကွာ၊ မဆော့တော့ဘူး၊ ပြန်တော့မယ်. . .၊ ဦးလေး ဘေထဲ ထည့်မှတ်ထားလိုက်နော်၊နောက်မှပေါင်းရှင်းမယ်"

"ဟာနေပါဦးကွ မီးစက်နှိုးပေးမှာပေါ့" "တော်ပြီ ဦးလေးရေ၊ ဆော့ရတာ အာရုံမလာတော့ဘူး။ ဦးလေး တရုတ်မီးစက်စုတ်ကိုလည်း စိတ်မချဘူး။ နောက်မှပဲ ထပ်ဆော့တော့မယ်။ ဒီသောက်မီးမလာရင် အဆင်မပြေဘူး" လှနိုင် ဆော့ကောင်းလျှင်ပျက်တတ်သော လျှပ်စစ်မီးကို ကျိန်ဆဲရင်း ဂိမ်းဆိုင်ထဲမှ ထွက်လာခဲ့သည်။ နာရီကို ငုံ့ကြည့်လိုက်သည်။

"ဟာ. . .၊ မနက်က ငါနာရီမှ မဝတ်ခဲ့တာ"ဟု တစ်ကိုယ်တည်းရေရွတ်ပြီး နာရီကြည့်ရန် ဖုန်းကို ထုတ်လိုက်သည်။ ညက မီးလာလိုက်၊ ပျက်လိုက်နဲ့မို့ ဖုန်းအားမသွင်းမိ၍ ဖုန်းက ပါဝါကျသွားပြီဖြစ်သည်။

"××× မီး. . .၊ တောက်. . . ဒီမီးနဲ့ငါနဲ့တော့ အကျိုးမပေးပါဘူးကွာ. . ."ဟု မြည်တမ်းလိုက်သည်။ မြို့နယ်ရုံးတစ်ခုတွင် အလုပ်လုပ်နေသော မိန်းမကြီးတစ်ယောက် အလုပ်သွားသည်ကို မြင်လိုက်ရမှ ၁၁ နာရီခန့်ရှိမည်ဟု တွက်ဆမိလိုက်သည်။ သူအလုပ်သွားပြီဆို ၁၁ နာရီ၊ ပြန်လာချိန်ဆို ၂ နာရီဆိုတာသာ သိသည်။ သူတို့တရားဝင်ရုံတက်၊ ရုံးဆင်းချိန်တော့မသိ။ သူကိုယ်တိုင်တောင် မသိလောက်တော့ဟု ထင်သည်။

ထမင်းစာချိန် နီးပြီဖြစ်သော်လည်း ဗိုက်သိပ်မဆာသေးသောကြောင့် လက်ဖက်ရည်ဆိုင်ဘက်သို့ ခြေဦးတည့်လိုက်သည်။ "ဘုတ်"ဟူသောအသံနဲ့အတူ ခြေထောက်မှ ပစ်ချွဲချွဲ အထိအတွေ့တချို့ကို ခံစားမိ၍ ငုံ့ကြည့်လိုက်မိသည်။ ကားပေါ်မှ ပစ်ချလိုက်သော ကွမ်းတံတွေးထုပ်။

"တောက်"ဟူသော တောက်ခေါက်သံတစ်ချက်သာ ခေါက်မိသည်။ ခပ်လှမ်းလှမ်း ကားလမ်းပေါ်က ဗွက်အိုင်တွင် ရေဆေးရန် ခပ်သွက်သွက်လျှောက်လိုက်သည်။ ဒီလိုကိစ္စမျိုးက ရန်ကုန်-ပြည် ကားလမ်း၏ မှော်ဘီမြို့နယ်လမ်းပိုင်းပေါ်၌ ရိုးနေပြီဖြစ်သည်။ ဤလမ်းပေါ်တွင် လမ်းလျှောက်လျှင် ရှေ့တန်းစစ်ထွက်လျှင် ပထမဆုံးပွဲဦးထွက်ကစစ်သားလို အရာရာသတိထားရသည်။ သတိတစ်ချက်လွတ်ရင်တော့ ယခုလို ကိစ္စမျိုးကတော့ အနည်းဆုံးခံရစမြဲ။ ကံမကောင်းလျှင် အသက်အန္တရာယ်ပင်ဖြစ်နိုင်သည်။

ကားနှစ်စီး လွတ်ရုံသာ ရှောင်မောင်းနိုင်သည့် လမ်းမအကျယ်တွင် လမ်းပခုံးဆိုတာက တစ်ပေသာသာ။လူသွားစင်္ကြံဆိုတာ မည်မည်ရရမရှိ။ ထို့ပြင် လမ်းဘေးက ကြော်ငြာဆိုင်းဘုတ်တွေ ကပ်ထားသော အပင်ကြီးငယ်များနှင့် လမ်းမကြီးနယ်နိမိတ်ကို ကျူးကျော်ခိုးယူလာခဲ့သော တချို့ ခြံနယ်နိမိတ် အုတ်တံတိုင်းများ၊ ဆိုင်ခန်းများဖြင့် ပြည့်နှက်နေသည်။

ငယ်ငယ်တုန်းက ကားလမ်းပေါ်တက်မည်ဆိုလျှင် "ပေတရာ သွားမယ်. . ."ဟု သုံးနှုန်းကြပြီး ယခုဆို "ပေ ၄၀" ဟုပင် ပြောင်းခေါ်ရမလိုလိုပင် ဖြစ်နေသည်။ ပေါများသော လမ်းအသုံးပြုခ ကောက်ခံရေးစခန်းများနှင့်အတူ ချိုင့်များ၊ လှိုင်းများကလည်း ပေါများသည်။ ထို့ပြင် ကမ္ဘာကျော် fast five ဇာတ်ကားထဲမှ မင်းသားကဲ့သို့ လိုင်းကား ဒါရိုက်ဘာများကလည်း ပေါသေးသည်။ ဒါတောင် သက်တမ်းကြာရှည်နေသည့် ဟိုင်းလတ်ယာဉ်များ မရှိသလောက် ရှားပါးသွား၍သာ တော်တော့သည်။ သို့သော် သိပ်တော့မထူးခြား။ မောင်းသလောက် ပြေးနေသော ရွှေအိနေသည့် မီနီဘတ်ကားသစ်များနှင့် ပို၍ အစွမ်းပြကြသည်။ ထို့ကြောင့် အရေးပေါ်ဆေးရုံဆေးခန်းများမှ ဆရာဝန်လည်း ပို၍အစွမ်းပြခွင့်ရကြသည်။ အရာအားလုံးသည် အိုင်းစတိုင်း၏ ဆက်နွှယ်မှုဥပဒေသအတိုင်း ပါပဲလားဟု လှနိုင်တွေးမိရင်း လက်ဖက်ရည်ဆိုင်သို့ ဆက်လျှောက်လာမိသည်။

(၂)

"ချိုပေါ့နဲ့ ပေါက်ချိဝမ်းဂျို့" စကားသိပ်မပီသော စားပွဲထိုးငယ်လေး၏အသံက ဆီးကြိုနေသည်။ ဆိုင်ထဲတွင် နေ့လယ်ခင်းဖြစ်နေ၍ လူတော့သိပ်မရှိ။ "တိုရီးလှ ဘာမှာမယဲ. . ." "အေးထုံးစံအတိုင်း ပေါ့ဆိမ့် တစ်ခွက်ပဲချကွာ၊ ရေနွေးအိုးလေးတော့ဖြည့်ပေးဦး"ဟု စားပွဲထိုးလေး အမေးကို လှနိုင်မှာလိုက်ရင်း ဂျာနယ်တစ်စောင်ကို ကောက်ဖတ်မိသည်။ ညက ဖေ့စ်ဘုတ်တွင်ပါလာပြီးသား သတင်းများသာဖြစ်၍ ဖတ်စရာမရှိ၍ နေရာတကျ ပြန်ထားလိုက်သည်။ လက်ဖက်ရည်ခွက် လာချပေးသော စားပွဲထိုးလေးကို "တီဗွီမဖွင့်ဘူးလားကွ၊ ပျင်းစရာကြီး၊ ဒါမှမဟုတ် ဦးငှက်ကြီး သီချင်းလေး ဘာလေး ဖွင့်ကွာ"ဟု လှမ်းပြောရင်း လက်ဖက်ရည်ခွက်ကို လှမ်းယူလိုက်သည်။

"ဟုတ်. . .၊ ဖွင့်မယ်တိုဂျီး၊ မီးပျက်နေလို့ ဆီကအခုမှ သွားဝယ်တုန်း၊ ဟော ဟိုမှာပြန်လာပြီ. . ." ဟု ပြန်ဖြေရင်း ဆီဝယ်ပြီးပြန်လာသော ဆိုင်ရှင် ဦးကြီးမြကို လက်ညှိုးထိုးပြသည်။ "ဟာ ဦးကြီးမြကလည်း. . . ဆီကိုဝယ်ထားမှပေါ့ဗျာ၊ ချီးယိုခါနီးမှ ချီးတွင်းရှာနေတယ်" "ဟာ ငလှရ၊ ဝယ်တော့ဝယ်ထားတာပဲဟ၊ မင်းမီးက နေ့တိုင်းပျက်နေတာ၊ ပြီးတော့ ဆီကအများကြီး သိုလှောင်ထားချင်တိုင်း သိုလှောင်ထားလို့မှမရတာ။ ပြီးတော့ အရင်လို နီးနီးနားနား ဂတုံးဆိုင်က တစ်ဘူး၊ တစ်ဘူး သွားဆွဲမရတော့ဘူး၊ စီမံကိန်းရှိတယ်ဟ။ မှောင်ခိုဆိုင်တွေက မရှိတော့ ဆီဆိုင်ကြီးထိ သွားဝယ်ရတာကွ"ဟုပြောရင်း မီးစက်ကို ဆီဖြည့်ပြီး နှိုးရန်ပြင်သည်။

"ဟုတ်တယ်ဗျ၊ မနေ့ကတောင် ဗေကြီးဆိုင်တောင် ဘီယာတင်လို့ ပြဿနာတက်တယ် ကြားတယ်။ ဖြစ်ပုံက ဒီလိုဗျ. . ."ဟု လှနိုင် လက်ဖက်ရည်တစ်ငုံသောက်လိုက်သည်။ "အမှန်က ဗေကြီးက သူသောက်ဖို့ဝယ်လာတာဗျ၊ ဒါပေမဲ့ သူမိန်းမကြောက်ရတော့ ဆိုင်မှာတင်ဖို့ဆိုပြီး သူမိန်းမကို ပြောတာ. . .၊ အဲဒါကို သူတို့ဆိုင်မှာ အကြွေးကိစ္စနဲ့ ငြိုးထားတဲ့ အကြော်သည် ဒေါ်ကုလားမကြီးက ကြားပြီး ရပ်ကွက်ရုံးကို သွားတိုင်တာ၊ အရေးယူပေး၊ မယူရင် ဖေ့စ်ဘုတ်တင်မယ်ဆိုပြီး. . .၊ အဲဒီမှာ အုပ်ကြီးလည်း မသိချင်ယောင်မဆောင်ရဲတော့ဘဲ ဆင်းလာပြီး ရှင်းပေးရတော့တာပဲဗျာ. . ."ဟု ရှင်းပြရင်း ကျန်သော လက်ဖက်ရည်ခွက်ကို အကုန်မော့လိုက်သည်။

"ဟား. . . ဟား. . . ဖြစ်ရလေကွာ၊ ခြံကွက် လက်မှတ်ထိုးဖို့ပဲစိတ်ဝင်စားတဲ့ အုပ်ကြီး ဒေါ်ကုလားမကြီးရဲ့ ဖေ့စ်ဘုတ်ဆိုတာကြီးနဲ့ ခြိမ်းခြောက်လိုက်မှ တန်းခနဲကို ပါလာရောလားဟ. . . ဟားဟား. . ."ဦးမြရယ်မောပြီး ပြန်ပြောသည်။ "ခြံအရောင်းအဝယ်တွေကို အုပ်ကြီးတွေ၊ ဆယ်မှူးတွေ လက်မှတ်မထိုးရတော့ဘူးလို့ သတင်းမှာ ဖတ်လိုက်ရတယ်၊ ဦးကြီးမြရ. . ."လှမောင် ရေနွေးတစ်ခွက်ငှဲ့လိုက်သည်။

"အေး. . .၊ ငါလည်းဖတ်လိုက်ရပါတယ်။ ဒီမီးစက်ကတော့ ပျက်ပြန်ပြီကွာ. . . ငါကလည်း ဈေးပေါတဲ့ တရုတ်ပစ္စည်းကိုမှ ဝယ်မိတာကိုးကွ. . .၊ ဟူး ဒီကောင်ပြင်နေရတဲ့ ပိုက်ဆံနဲ့ ဂျပန်လုပ်မီးစက်တစ်လုံးတောင် ဝယ်လို့ရနေပြီ။ ထားတော့ကွာ မပြင်တော့ဘူး။ မနက်မှ စုထားတဲ့ ပိုက်ဆံလေးနဲ့ မီးစက်ကောင်းကောင်းတစ်လုံးပဲ ဝယ်တော့မယ်. . . ဟူး. . ." စိတ်မသက်သာသလို ညည်းတွားလိုက်သည်။

"လာကွာ. . . ငလှ၊ ဆိုင်လည်းလူရှင်းနေတာပဲ . . .၊ ငါတို့ ချက်စ်မထိုးရတာလည်းကြာပြီ ၊ ကစားကြရအောင်ကွာ. . .။" "လုပ်လိုက်လေ ဦးကြီးမြရေ၊ ကျွန်တော်လည်း ကစားချင်နေတာနဲ့"ဟု လှနိုင်ပြောလိုက်ရင်း ချက်စ်ခုံနှင့် အရုပ်များကိုထယူလိုက်သည်။ နှစ်ယောက်သား စစ်တုရင်အရုပ်များကို စနစ်တကျစီလိုက်ကြသည်။ "ငါ အမည်းရုပ်. . . ယူမယ်ကွာ၊ ဆက်စမ်းပါဦးကွ၊ ဘီယာကိစ္စ ဘယ်လိုပြီးသွားလဲကွ. . ."ဟု ပြောရင်း ဆေးတံမီးညှိလိုက်သည်။

လှနိုင်တစ်ယောက် ဘုရင်ရှေ့က နယ်ရုပ်ကို နှစ်ကွက်ရွှေ့လိုက်ရင်း "ပြဿနာကတော့ ရှင်းပါတယ်။ အုပ်ကြီးဝင်စစ်တော့ ဘီယာလည်းတွေ့တယ်၊ ဗေကြီးနဲ့ကလည်း မကင်းရာမကင်းကြောင်းက တစ်ကြောင်း၊ ပြီးတော့ ဒေါ်ကုလားမကြီးရဲ့ ဖေ့စ်ဘုတ်တင်မယ်ဆိုတာကြီးကြောင့်လည်း အရေးမယူလို့က မဖြစ်ဆိုတော့. . ." ရေနွေးတစ်ခွက်ကိုငှဲ့သောက်ရင်း လှနိုင်စကားဆက်သည်။

"ဘီယာတွေကို အုပ်ကြီးက သိမ်းလိုက်တယ်၊ ပြီးတော့ . . . ဒေါ်ကုလားမကြီးကိုလည်း ဗေကြီးဆိုင်မှာ အကြွေးယူခွင့်ဘေပေးလိုက်ရတော့တာပဲ၊ ဟား. . . ဟား. . .၊ မြွေမသေ တုတ်မကျိုးပေါ့ဗျာ. . . ဟားဟား" ဟု လှနိုင်ပြောလိုက်ရင်း စစ်တုရင်အရုပ်တစ်ရုပ်ကို ရွှေ့လိုက်သည်။

"ဟာ. . . ဖြစ်ရမယ်ကွာ. . .၊ ဒါနဲ့ ဒေါ်ကုလားမကြီးက ဖေ့စ်ဘုတ်ဆိုတာကြီးကို သုံးတတ်လို့လားကွ. . ."ဟု မေးရင်း ကစားရုပ်တစ်ရုပ်မှ မြင်းရုပ်ကို ရွှေ့လိုက်သည်။

"သုံးတတ်တာပေ့ါဗျာ၊ ကျွန်တော်ကိုယ်တိုင် အကောင့်ဖွင့်ပေးထားတာ၊ အကောင့်နာမည်တောင် ဝှိုက်အိန်ဂျယ် . . .၊ အဖြူရောင်နတ်သမီးတဲ့ဗျ၊ ဟား ဟား. . . ကိုရီးယားမင်းသမီးပုံတင်ထားသေးတယ်၊. . အထင်တော့ မသေးနဲ့နော် ကျွန်တော်ထက်တောင် သူငယ်ချင်းများသေးဗျ၊ ကျွန်တော်မှာ ကဗျာတစ်ပိုဒ်ကို တစ်ညလုံးခံစားပြီး ရေးတာတောင် လိုက်(like)က ၄၀ မကျော်။

ဒေါ်ကုလားမကြီးတို့များ၊ ယနေ့အကြော်ရောင်မကောင်းပါ လို့ . . . တင်လိုက်တာနဲ့. . .၊ လိုက်(like)ကတော့ မပြောနဲ့ မှတ်ချက်(comment)တောင် ရာချီပဲဗျာ. . .၊ အင်း. . . ဒါနဲ့ ကျွန်တော် ရွှေ့ရမယ့် အလှည့်နော်. . .၊ အင်း ကိုယ့်အကောင်နဲ့ ကိုယ်တော့ ပိတ်မိတော့မှာပဲ. . ." ဟု ပြောလိုက်ရင်း ဘုရင်ရုပ်နှင့် ရထားရုပ်ကို ချိန်းလိုက်သည်။ "ဟေ. . .၊ အဲ့လိုကြီးလားကွ၊ ဟား. . . ဟား. . . ဟား. . ."ဟု ဦးမြအားရပါးရ ရယ်လိုက်ရင်း ဆေးတံကို ဖွာလိုက်ပြီး ဘယ်အရုပ်ရွှေ့ရမည်ကို စဉ်းစားနေလေတော့သည်။

(၃)

လှနိုင်တို့ ကစားပွဲကို ရေနွေးသောက်လိုက်၊ စဉ်းစားလိုက်၊ အကွက်ရွှေ့လိုက်ဖြင့် အချိန်တဖြည်းဖြည်းကုန်လာသည်။ ကစားပွဲ၏ အလယ်ပိုင်း(Middle)ရောက်ချိန်တွင် ဦးမြ တဖြည်းဖြည်းချင်း လုပ်ပိုင်ခွင့်ရှိသော အရုပ်များကုန်လာပြီဖြစ်သည်။ ပါဝါကျလာပြီဖြစ်သည်။ လှနိုင် ဦးမြ၏ အရုပ်တစ်ရုပ်ကို စားလိုက်ပြီး "ဘယ်လိုလဲ ဦးမြ၊ အခြေအနေက မလှဘူးနော်"ဟု စလိုက်သည်။ "ဟ. . .၊ နေပါဦးကွ၊ မင်းငါ့ဘုရင်ကို မိပြီမို့လားကွ. . ." ဟု ပြန်ဖြေသည်။ "ဘာလဲဗျ၊ နယ်ရုပ်လေးတွေ ဘယ်နှရုပ် သိမ်းမိထားလဲ ပြောဦးမလို့လား ဦးကြီးမြ. . .၊ ဦးကြီးမြ နယ်ရုပ်တွေက ဘာမှဖြစ်မလာတော့ပါဘူးဗျာ။ ခေါင်းဆောင်ဖြစ်တဲ့ အရုပ်ကမှ မလုံခြုံတာ၊ ရော့. . ."ဟု ရွှေ့လိုက်ရင်း ဦးကြီးမြ၏ ဘုရင်ကိုချက်စ်လိုက်သည်။ ကစားပွဲ၏ အဆုံးပိုင်း(ending)ကို ပြောင်းလဲသွားပြီဖြစ်သည်။ နှစ်ကွက်၊ သုံးကွက် ရွှေ့ပြီးနောက်မှာ လှနိုင်၏ ချက်စ်ကွက်၌ မိသွားပြီဖြစ်သည်။ ဦးမြ ရှုံးပြီဖြစ်သည်။

"ဟာ. . .၊ ငလှ မင်းလက်ရည်တက်လာပါ့လားကွ. . .၊ ငါ့ကိုအလူးအလဲကို တိုက်လိုက်တာပဲ. . .၊ နောက်တစ်ပွဲကစားကြတာပေါ့ကွာ. . ."ဟုပြောရင်း နောက်တစ်ပွဲကစားကြသည်။

ဦးမြနှင့် လှနိုင်တို့၏ ကစားပွဲ ငါးပွဲကစားပြီးသည့်အချိန်ထိ ဦးမြ ငါးပွဲလုံးရှုံးလေသည်။ ဦးမြ မယုံကြည်နိုင်စွာ အံ့ဩသောမျက်နှာဖြင့်. . ."ဟာ. . . ငလှ. . . မင်းရော ဟုတ်ရဲ့လားကွ။ တစ္ဆေများပူးနေရောလား၊ ငါလည်း အဲဒီလောက်မညံ့ပါဘူးကွ၊ အရင်က မင်းငါးပွဲထိုးမှ တစ်ပွဲလောက်နိုင်တာ။ သိသိသာသာကြီးကို ကောင်းလာတာပဲကွ. . .၊ မင်းဘယ်လောက်တောင် ကစားထားလဲဟ၊ ဟေ့. . ."

အအေးတစ်လုံးနဲ့ ပေါက်စီတစ်လုံး ငလှစားဖို့ ချပေးလိုက်။ လက်ဖက်ရည်ဖိုးကော ပိုက်ဆံမယူနဲ့ကွ၊ "လှနိုင်ကို ချီးကျူးပြီး စာပွဲထိုးလေးကို ချခိုင်းလိုက်သည်။" ဟာ အတော်ပဲဗျာ၊ ကျေးဇူးပါ ကျွန်တော်တို့ ကစားကောင်းနေကြတာနဲ့ နေ့လယ်စာလည်းလွတ်သွားတယ်၊ ညနေတောင် စောင်းပြီပဲဗျာ. . ."ဟု ပြောရင်း လာချပေးသော အအေးတစ်ကျိုက်ကို လှနိုင်သောက်လိုက်သည်။

"ဒီလို. . . ဦးကြီးမြရ၊ ကျွန်တော် လက်ရည်တက်လာတာက အဓိကက ကစားပွဲအဖွင့်ပိုင်း(Opening)ပေ့ါဗျာ။ ပြီးခဲ့တဲ့တစ်လလောက်က ကျွန်တော် ခုနစ်တန်းကျောင်းသားတစ်ယောက်နဲ့ ကစားခဲ့ဖူးတယ်၊ ကျွန်တော်ပဲ ပွဲတိုင်းရှုံးတယ်ဗျ၊ အဲ့ဒါနဲ့ မေးကြည့်တော့ အဲဒီကလေးက အဖွင့်ပိုင်း သီအိုရီပိုင်နေတာဗျ။ စနစ်တကျ သင်ထားတာ။ အဲဒါနဲ့ ကျွန်တော်လည်း မခံချင်စိတ်နဲ့ စစ်တုရင်စာအုပ်တွေ ရှာဖတ်ဖြစ်တယ်။ ဂရင်းမာစတာ ကစားသမားတစ်ယောက်ရဲ့ အဖွင့်ပိုင်း (Opening)နဲ့ ပက်သက်တဲ့ စာအုပ်တစ်အုပ်ကိုင် တစ်ယောက်တည်း လေ့ကျင့်မိတာပေ့ါဗျ. . .၊ မြန်မာစကားပုံတောင် ရှိသေးတယ်မို့လား။ အစကောင်းမှ အနှောင်းသေချာ ဆိုတာလေ. . . ဒါပဲလေဗျာ. . ."ဟု ရှင်းပြရင်း ပေါက်စီတစ်ကိုက်ဝါးလိုက်ပြီး အအေးတစ်ကျိုက် သောက်လိုက်သည်။

"ပြီးတော့. . .၊ ဦးကြီးမြရဲ့ ကစားပွဲ အလယ်ပိုင်း (Middle)က ကောင်းပါတယ်၊ ဒါပေမယ့် သီအိုရီသိနေတာက တစ်ကြောင်း၊ အဖွင့်ပိုင်း(Opening)မှာကောင်းခဲ့တဲ့ ကျွန်တော်က ပြတ်ပြတ်သားသားနိုင်သွားရတာပေ့ါ. . ."

"ဒီလိုဗျာ ၁၄ နှစ်သားကတည်းက ပန်းရန်လုပ်ခဲ့တဲ့ လူတစ်ယောက်က အသက် ၄၀ ဆို သူ့အတွေ့အကြုံ ၂၆ နှစ် ရှိသွားပြီမဟုတ်လား၊ ဒါပေမဲ့ ငါးနှစ်၊ ခြောက်နှစ်လောက် အင်ဂျင်နီယာကျောင်းတက်ပြီး ဆင်းလာတဲ့ တစ်ယောက်က အလုပ်ထဲ တစ်နှစ်၊ နှစ်နှစ်ဆင်းပြီးရင် အင်ဂျင်နီယာမှာရှိတဲ့ ပညာမျိုး၊ အသိမျိုး အဲဒီပန်းရန်ဆရာမှာ မရှိနိုင်ဘူးဗျ၊ ဟိုက ငါးနှစ် ခြောက်နှစ်လောက် အဓိကကျတဲ့ လျှို့ဝှက်ချက်တွေ၊ သီအိုရီတွေကို သင်လာခဲ့ရတာကိုဗျ၊ ပန်းရန်ဆရာမှာ အတွေ့အကြုံဘယ်လောက်များများ အင်ဂျင်နီယာ ဖြစ်မလာနိုင်ဘူး. . .၊ သူအလွန်ဆုံးဆောက်ရဲရင် ငါးထပ်တိုက်ပေါ့ဗျာ. . .၊ အဲဒီလိုသာ လက်တွေ့အတွေ့အကြုံများတိုင်းသာ ပိုသိနေမယ်ဆို အထပ်ရာချီ. . မိုးမျှော်တိုက်တွေကို အင်ဂျင်နီယာတွေကို ဈေးကြီးပေးပြီး ဘယ်ငှားတော့မလဲ. . .၊ မဟုတ်ဘူးလား ပန်းရန်ဆရာနဲ့ပဲ ဆောက်တော့မှာပေ့ါဗျ"ဟုပြောရင် အအေးပုလင်းကို အကုန်မော့လိုက်ပြီး စကားဆက်သည်။

"အဲဒီလိုပဲ ဒီကစားပွဲတွေလည်း ဦကြီးမြရဲ့ အတွေ့အကြုံကို ကျွန်တော်က သီအိုရီကျက်ပြီး အနိုင်ယူသွားတာပဲ၊ ကျနော်ထက် သီအိုရီပိုနိုင်တဲ့လူနဲ့တွေ့ရင် ကျွန်တော်လည်း ရှုံးမှာပဲ၊ အဓိကကတော့ စာအုပ်ပါပဲ။ ဘာတဲ့ "အလိမ္မာစာမှာရှိ"တဲ့ ဦးကြီးမြရေ. . . သွားဦးမယ်ဗျာ. . .၊ မီးလာတုန်းရေပြန်ချိုးဦးမှ"ဟူ၍ ပြောရင်း လှနိုင်အိမ်သို့ ပြန်လေတော့သည်။

## သကြၤန်သို့. . . ပေးစာ

ပိတောက်ပန်း
ပွင့်လန်းသည့်ချိန်အခါ။
တို့မြန်မာနှစ်အကူးမို့
ရွှင်မြူးဖွယ်သာ။
မြန်မာ့ဓလေ့ရိုးရာ
ထိန်းသိမ်းပါ ညီမလေး။
ခါသင်္ကြန်
မြန်မာဟန်ကွယ်ကာပျောက်မယ်
စိုးကြောက်မိသေး။
မျိုးချစ်စိတ် ရင်မှာမွေးလို့
သေချာတွေး စဉ်းစားကာ
ဆင်ခြင်ပါဗျာ။
မြန်မာတို့ ဂုဏ်သိက္ခာ
ညှိုးနွမ်းလာ ခေတ်ရေစီး။
အနောက်တိုင်းရိုးရာကြီးစိုးမှာ ငါရင်ထိတ်တယ်
(အဲဒါက) အဆိပ်ပင်ကြီး။ ။ မြင့်စည်သူမြိုင်

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ
၂-၄-၂၀၁၇ (တနင်္ဂနွေနေ့)

# အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ဆောင်ရွက်ချက်များ

ခိုင်ကျော်ညို

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုကရွေးချယ်သော ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အတွက် ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေသော လုပ်ငန်းများမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှု၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ပြန်လည်ဖွင့်လှစ်ပေးနိုင်မှု၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းဆောင်ရွက်မှုတို့ကို စုစည်းဖော်ပြအပ်ပါသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်။

**တောမြိုင်ရဂုံဇီဝစုံ၏**

သက်ရှိသတ္တဝါအားလုံးတို့သည် သဘာဝပတ်ဝန်းကျင်ကို အမှီပြုနေထိုင်ကြရသည်။ သဘာဝပတ်ဝန်းကျင်တွင် မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့တို့အားလုံးပါဝင်နေကြရာ ရေမြေတောတောင်သဘာဝအရင်းအမြစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ၊ ဇီဝမျိုးစုံမျိုးကွဲဖြစ်သော သစ်ပင်ပန်းမန်များ ပေါက်ရောက်ရှင်သန်ရာနေရာနှင့် တိရစ္ဆာန်သတ္တဝါများ မှီတင်းနေထိုင်ရာတို့သည် သဘာဝပတ်ဝန်းကျင်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် အခြေအနေသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း သိသိသာသာယိုယွင်းပျက်စီးလာခဲ့ရာ သဘာဝအလျောက် ယိုယွင်းပျက်စီးမှုအခြေအနေထက် လူတို့ပယောဂကြောင့် ပျက်စီးမှုကပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရသည်။

သဘာဝအလျောက်ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု အခြေအနေများမှာ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးရေလျှံခြင်းကြောင့် မြေထု၊ ရေထု၊ လေထုတို့ ညစ်ညမ်းလာပြီး မြေဆီလွှာတိုက်စားခံရခြင်းတို့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင် လူဦးရေထူထပ်ခြင်းနှင့် ဆင်းရဲကျပ်တည်းခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲကြရာမှ သစ်တောများ ပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများပျောက်ကွယ်လာမှုတို့သည် လူတို့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်လာပြီး သဘာဝဘေးအန္တရာယ်များဖြစ်သည့် တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မြစ်ချောင်းများတိမ်ကောခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်းနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းတို့ကို ကမ္ဘာ့ပြည်သူများကြုံတွေ့နေကြရသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန် သစ်တောများထိန်းသိမ်းရေးနှင့် သစ်ပင်စိုက်ပျိုးရေးကို နိုင်ငံအလိုက် အမျိုးသားအဆင့် မူဝါဒများချမှတ်ဆောင်ရွက်နေကြသည်။

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု (Provisional Services)များမှာ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားနပ်ရိက္ခာနှင့် ရေကောင်းရေသန့်ရရှိစေခြင်း၊ ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာဝန်ဆောင်မှု(Regulating Services)များမှာ ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေနှင့်လေသန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု၊ မြေပြိုမှုကိုကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုမှ ကာကွယ်ပေးခြင်း စသည်တို့ဖြစ်ကြောင်း သိရသည်။

**တောတောင်စိမ်းမှစမ်းရေရ၏**

သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကိုကာကွယ်နိုင်ခြင်း၊ ရာသီဥတုဖောက်ပြန်ပျက်စီးမှုများကို ကာကွယ်နိုင်ခြင်း၊ ရောဂါဆိုးများမပေါ်ပေါက်အောင်ဟန့်တားနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို စိမ်းစိုသာယာလှပစေနိုင်ခြင်းနှင့် ဂေဟစနစ်ကိုထိန်းညှိနိုင်ခြင်းစသော ကောင်းကျိုးများကိုရရှိမည့်အပြင် သစ်ပင်သစ်တောများသည် ရေကိုစုစည်းခြင်း၊ သိုလှောင်ခြင်း၊ ပတ်ဝန်းကျင်ကိုဖြန့်ဖြူးခြင်း၊ လူသားတို့အတွက် ကောင်းကျိုးမပြုသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူ၍ အောက်ဆီဂျင်ဓာတ်ငွေ့ကိုထုတ်ပေးခြင်း၊ အပူရှိန်ကိုစုပ်ယူခြင်း၊ ပတ်ဝန်းကျင်ရောင်ပြန်ဟပ်မှုနည်းပါးခြင်း၊ လေပြင်းတိုက်ခတ်မှုများကိုကြားဖြတ်ဟန့်တားခြင်း၊ မြစ်/ချောင်း/ရေကာတာတို့အား နုန်းမြေတင်မှုကိုကာကွယ်ပေးခြင်း၊ မြေဆီလွှာများဖြစ်ပေါ်စေခြင်းနှင့်ထိန်းသိမ်းပေးခြင်း၊ အမြင့်ပိုင်းမှလာသော လေအေးလှိုင်းများဒဏ်မှ ကာကွယ်ပေးခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိစေပါသည်။

တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်နေသည်သာမက နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် နိုင်ငံတစ်ဝန်းထာဝစဉ်စိမ်းလန်းစိုပြည်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်တစ်ရပ်လုံးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပ၍ သစ်ပင်များစိုက်ပျိုးလျက်ရှိရာ ၂၀၁၆ ခုနှစ် မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးပွဲတော်သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံပင် ၅၈၇၈၁ ပင်၊ ရတနာတန်းဝင်ပင် ၃၈၄၂၃၂ ပင်၊ နှစ်ရှည်သီးနှံပင် ၂၂၃၈၀၇ ပင်၊ အရိပ်ရလေကာပင် ၅၅၅၇၄၉ ပင် စုစုပေါင်း ၁၂၂၂၅၆၉ ပင်အား စိုက်ပျိုးနိုင်ခဲ့ပါသည်။

**အထူးကဏ္ဍ (ခ) သို့ »»**



မတ် ၃၁ ရက်က တပ်မတော်(ရေ)မှ စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း ပြုလုပ်နေစဉ်။

**အထူးကဏ္ဍ (က) မှ »»**

### သဘာဝဘေးကယ်ဆယ်ရေးကူညီ ထောက်ပံ့ပေး

မြန်မာနိုင်ငံတွင် သဘာဝဘေး အန္တရာယ်ကြောင့်ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှလျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ ထည့်သွင်းဆောင်ရွက်သည့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် "သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ"ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ-၃၄၁ ၌ **နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်**ဟု ပြဋ္ဌာန်းထားသကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ-၁(ဏ)တွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဘေးသင့်သူများအား အကူအညီပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအခြားအဖွဲ့အစည်းများအပြင် လိုအပ်ပါက တပ်မတော်၏ အကူအညီများ ရယူဆောင်ရွက်ခြင်းဟူ၍လည်းကောင်း၊ ပုဒ်မ-၁(တ)တွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင် လုံခြုံရေးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အင်အားအပြင် လိုအပ်ပါကတပ်မတော်၏ အင်အားကိုရယူဆောင်ရွက်ခြင်းဟူ၍လည်းကောင်း၊ ပုဒ်မ-၁၅(ဆ)တွင် ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အကူအညီများရယူရန် စီမံထားရှိခြင်းဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် တပ်မတော်အနေဖြင့် **သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံးသွားရောက်ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာ တပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်းတုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့် နေရမည်ဖြစ်ကြောင်း** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်သည် မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ဂီရိဆိုင်ကလုန်းမုန်တိုင်း၊ တာလေငလျင်၊ ၂၀၁၁ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးမှုများ၊ ရွှေဘိုငလျင်၊ မဟာဆင်မုန်တိုင်း(ရခိုင်ဒေသ)၊ ၂၀၁၅ ခုနှစ်တွင် ကိုမန်မုန်တိုင်းကြောင့်ဖြစ်ပွားခဲ့သည့် ရေကြီး/ရေလျှံမှု၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့် အချိန်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အချိန်နှင့် တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တပ်မတော်မိသားစုဝင်များကလည်း ငွေကြေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ခုနှစ်အစိုးရသစ်လက်ထက် တာဝန်ယူချိန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းနှင့် မီးလောင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့် အချိန်တိုင်းတွင် တပ်မတော်သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် စေတီပုထိုးများနှင့် လူနေအိမ်များစွာပျက်စီးဆုံးရှုံးခဲ့ပြီး တပ်မတော်ကဘုရားစေတီ ၉၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၅၈ ကျောင်း၊ အိမ်ခြေ ၄၆၈၇ လုံး၊ စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံ ငါးရုံတို့ကို ပြုပြင်ပေးခြင်းများဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး ပစ္စည်းစုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၆ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တနင်္သာရီတိုင်းဒေသကြီး၌ မြစ်ရေကြီးမှုများဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၇၇၇၇ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရာတွင် တပ်မတော်ပိုင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄၁ ခေါက်၊ ကုန်တန်ချိန် ၁၂၇ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းတန်ဖိုးငွေကျပ် ၁၁၉ သန်းကျော်ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း၌ဖြစ်ပွားခဲ့သည့် ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များက အလှူငွေကျပ် ၇၉၈ သန်းကျော်ပေးအပ် လှူဒါန်းနိုင်ခဲ့ပါသည်။


ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း။

၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်က လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၅၈၀ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းတန်ဖိုးငွေကျပ် ၁၃ သန်းကျော်ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

### တို့ပြည်မှာ ရန်မရောက်အောင် တို့စောင့်ရှောက်ကြရမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်တို့သည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း အေးအတူပူအမျှ အတူတကွနေထိုင်လျက်ရှိကြရာ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော လူဦးရေနှင့် သန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်း ၅၁ ဒသမ ၄ သန်းကျော်ရှိပြီး လူဦးရေတိုးနှုန်းမှာ တစ်နှစ်အတွင်း ပျမ်းမျှ သုည ဒသမ ၈၉ ရာခိုင်နှုန်းရှိသဖြင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်အရ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၇၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ နိုင်ငံတော်လက်ရှိလူဦးရေမှ အလုပ်လုပ်နိုင်သောလူဦးရေ(အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း)သည် ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။ လူဦးရေ သိပ်သည်းမှု အနေဖြင့် ၁ စတုရန်း ကီလိုမီတာလျှင် ပျမ်းမျှ ၇၆ ဦး နေထိုင်လျက်ရှိပါသည်။ မသန်စွမ်းသူ ဦးရေသည် နိုင်ငံတော်လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။

မျက်မှောက်ကာလ ဘက်စုံစစ်ပွဲဆင်နွှဲနေကြသောအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်တွဲ၍ ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ်လုံခြုံရေးသည် စစ်မှုရေးရာတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် အားလုံးပတ်သက်ဆက်နွှယ်နေကြောင်း ကမ္ဘာ့နိုင်ငံများမှ ဖြစ်စဉ်ဖြစ်ရပ်များအရ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့ဘဝလုံခြုံရေးအတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် တက္ကသိုလ်လေ့ကျင့်ရေး တပ်များတွင် လေ့ကျင့်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်မှုအခြေအနေများကို ဖော်ပြအပ်ပါသည်။

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နိုင်ငံတော် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန်နှင့် နိုင်ငံတော်တွင် အရေးပေါ်အခြေအနေကြုံတွေ့လာပါက လေ့ကျင့်သားပြည့်ဝသည့် အရန်အင်အားစုတစ်ခု တည်ဆောက်ထားရှိပြီးဖြစ်ရန်အတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ခဲ့ပါသည်။ အမှတ်(၂)နှင့် အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် အခြေခံနှင့် တန်းမြင့် စစ်ပညာသင်တန်း နှစ်နှစ်သင်ရိုးဖြင့် ဆန္ဒပြုသည့် တက္ကသိုလ်ဆရာများနှင့် ကျောင်းသားများကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေးစနစ် လေးနှစ်သို့ပြောင်းလဲသွားသဖြင့် ယခင် ၁၉၇၉-၁၉၈၀ ခုနှစ်မတိုင်မီ သင်ရိုးညွှန်းတမ်းများအတိုင်း လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

**အထူးကဏ္ဍ (ဂ) သို့ »»**


တပ်မတော် ပင်လယ်ပြင်သွားဆေးရုံသင်္ဘော(သံလွင်) ကိုကိုးကျွန်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ထွက်ခွာစဉ်။



အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ သင်တန်းသား ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေစဉ်။

အထူးကဏ္ဍ (ခ) မှ »»

၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် သင်တန်းများ ပြန်လည်ဖွင့်လှစ် လေ့ကျင့်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အမှတ်(၄) တက္ကသိုလ်လေ့ကျင့်ရေး တပ်တွင်လည်း သင်တန်းဖွင့်လှစ်၍ ကျောင်းသူများကိုပါ သင်ကြားပေးနိုင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်ဦးရေမှာ ဆရာ ၄၂ ဦး၊ ဆရာမ ၂၆ ဦး၊ ကျောင်းသား ၁၅၂၃ ဦးနှင့် ကျောင်းသူ ၁၆၀၈ ဦး စုစုပေါင်း ၃၁၉၉ ဦးဖြစ်သည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်ဦးရေမှာ ဆရာ ၂၄ ဦး၊ ဆရာမ ၂၃ ဦး၊ ကျောင်းသား ၁၇၃၇ ဦးနှင့် ကျောင်းသူ ၂၃၅၇ ဦး စုစုပေါင်း ၄၁၄၁ ဦးဖြစ်သည်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ရခြင်းမှာ တက္ကသိုလ်ပညာရပ်များ သင်ကြားပြီးနောက် တပ်မတော်အရာရှိများအဖြစ် ထမ်းဆောင်နိုင်ရန်၊ ပြည်သူ့စစ်မဟာဗျူဟာအတွက် အခြေခံအင်အားစုတစ်ရပ်အနေဖြင့် တည်ဆောက်ထားရန်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာ၌ အရည်အသွေးပြည့်ဝပြီး ကိုယ်ကျင့်တရား၊ စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ပြည်သူ့စစ်အခြေခံသဘောတရားများ ပြည့်ဝလာစေရန်နှင့် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိစေရန်ဖြစ်သည်။

တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား သင်တန်းတက်ရောက်လေ့ကျင့်စေခြင်းဖြင့် နိုင်ငံတော်၏မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ထိန်းလိုသော စိတ်ဓာတ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာနိုင်စေမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ နိုင်ငံတော်အတွက်အားထားရသော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

**အကြင်နာ စေတနာ ဘေးကင်းကွာ ပြည်သူများကျန်းမာကြစေရာ**

တပ်မတော်က ထမ်းဆောင်နေသော နိုင်ငံတော်ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တို့တွင် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြင့် ပါဝင်ထမ်းဆောင်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်သားများနှင့် မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ဝေးလံခေါင်ဖျား၍ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် အထူးဆေးကုသမှုအဖွဲ့များစေလွှတ်၍ လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လည်းကောင်း ဒေသခံပြည်သူလူထုများအား ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် အကြိမ်အရေအတွက် ၂၉၈၃ ကြိမ်၊ ဆေးဝါးကုသမှုခံယူသည့် ပြည်သူ ၁၃၃၂၀၁၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၁၃ ဦးအား တပ်မတော်ဆေးရုံများသို့ ပြောင်းရွှေ့တက်ရောက်စေ၍ ဆေးကုသမှုများ လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ရွှေ့လျားခွဲစိတ်ယာဉ်၊ ဓာတ်ခွဲယာဉ်နှင့် ဓာတ်မှန်ရိုက်ယာဉ်များ ပါဝင်သည့်တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိသည်။

ရွှေ့လျားခွဲစိတ်၊ ဓာတ်ခွဲနှင့် ဓာတ်မှန်ယာဉ်များဖြင့် ပြည်သူလူထုအတွင်းအဖြစ်များသော တီဘီရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည်အဆစ်ရောင်ရောဂါ၊ ထိခိုက်အရိုးကျိုးဒဏ်ရာများနှင့် ရင်သားကင်ဆာရောဂါများရှာဖွေဖော်ထုတ်ကုသပေးနိုင်ခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ အသေးစားခွဲစိတ်မှုများ၊ အကြီးစားခွဲစိတ်မှုများ၊ အရေးပေါ်ခွဲစိတ်မှုများနှင့် မျက်စိခွဲစိတ်မှုများပြုလုပ်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုခုနစ်ကြိမ် ဆောင်ရွက်ခဲ့ကာ အထွေထွေရောဂါ၊ ခွဲစိတ်မှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၉၅၉၁၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ မြို့၊ ရွာနှင့်အလှမ်းကွာဝေးကာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီသည့် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများထံသို့ တပ်မတော်မှ အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြု(အရာရှိ)များ လိုက်ပါပြီး CT Scan Room, Minor Eye Operation Room, Minor Operation Theatre, အထူးကြပ်မတ်ကုသဆောင်၊ ECG နှင့် နှလုံးရောဂါရှာဖွေစစ်ဆေးသည့် Echo စက်၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်စက်၊ သွေးအတွင်း ရောဂါရှာဖွေရေးစက်များ၊ မျက်စိ၊ နား၊ နှာခေါင်းစမ်းသပ်စက်များနှင့် သားဖွား၊ မီးယပ်လူနာများကို ကုသပေးနိုင်သည့်သားဖွားခန်းတစ်ခန်းပါရှိကာ (၂၅) ခုတင်ဆံ့ အဆင့်မြင့်ဆေးရုံတစ်ခုနှင့်ညီမျှသည့် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ် မတ် ၁၈ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၆ ရက် ကာလအတွင်း ရန်ကုန်မှ ဟိန်းဇဲ၊ ဂျာလန်းကျွန်း၊ ဟိုင်းကြီးကျွန်းနှင့် ကျောက်ဖြူမြို့များသို့ သွားရောက်ကာ ကြည့်ရှုကုသပေးခဲ့ပြီး အထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၄၀၈၁၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ ဆေးရုံရေယာဉ် သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်ခြောက်ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည့်အပြင် ဟိုင်းကြီးကျွန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်စဉ် ပုံမှန်အတိုင်းမွေးဖွားနိုင်ခြင်းမရှိသည့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်ရှိ ခွဲစိတ်ခန်း၌ မိခင်နှင့်ကလေးအား ကျန်းမာစွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်အထိ ရန်ကုန်မှ သာယာဝဲ၊ ဘီတွတ်၊ ကန်ကြီးထောင့်၊ ဘိုကလေးမြို့တို့သို့သွားရောက်ကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူစုစုပေါင်း ၃၈၇၆၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်ငါးဦးအား ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်းတွင် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ နာဂဒေသ လဟယ်မြို့နယ် ထန်ခေါ်လမ္ဘရွာနှင့် နန်းယွန်းမြို့နယ် ကဲဆန်ကားလန်ရွာတို့တွင် ဝက်သက်ရောဂါပြန့်ပွားမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူ ၁၇၈၅ ဦးကို ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးကုသခြင်း၊ ၁၅၀၅၃ ဦးကို ဝက်သက်ကာကွယ်ဆေးထိုးခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ဒေသခံပြည်သူ ၈၆၃၂၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ပါရဂူ၊ ဆေးမှူး အရာရှိများအနေဖြင့် နာဂဒေသရှိ မြို့နယ် ၂၂ မြို့နယ်တွင် ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့်အပြင် ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေးတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် မေ ၅ ရက်မှ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက် ကာလအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူ အမျိုးသား ၃၃၉၁ ဦး၊ အမျိုးသမီး ၅၃၈၄ ဦး စုစုပေါင်း ၈၇၇၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၄ ရက်ကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်အတွင်းရှိ မီးဘေးသင့်ပြည်သူ အမျိုးသား ၅၄၉ ဦး၊ အမျိုးသမီး ၁၆၄၄ ဦး စုစုပေါင်း ၂၁၉၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် စဉ်ဆက်မပြတ်ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

**သတ်မှတ်အရည်အချင်းပြည့်မီသူကိုသာ စစ်မှုထမ်းခွင့်ပြုပါသည်**

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရန် ရည်မှန်းချက်ထားအကောင်အထည်ဖော်လျက်ရှိရာ အသက် (၁၈) နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်သော နိုင်ငံသားများကို မိမိဆန္ဒအလျောက် တပ်မတော်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခွင့်ပြုသည်။ တပ်မတော်သို့ တပ်သားသစ်အဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသူများ စစ်သားစုဆောင်းရေးတပ်များသို့ လာရောက်စဉ် ယူဆောင်လာရမည့်အထောက်အထားစာရွက်စာတမ်းများမှာ နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြရန် လိုအပ်သည်။ အထောက်အထားအပြည့်အစုံတင်ပြနိုင်သူကိုသာ တပ်သားသစ်အဖြစ် လက်ခံစာရင်းသွင်းပေးသည်။

တပ်မတော်စစ်သား စုဆောင်းရေးတပ်များသို့ လာရောက်အပ်နှံသည့်တပ်သားလောင်းများအား အထက်ပါစာရွက်စာတမ်းများအပြင် အသက် (၁၈) နှစ်မပြည့်သေးကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက လက်ကောက်ဝတ်အား အရိုးဓာတ်မှန်ရိုက်၍ အသက်အရွယ်ပိုင်းခြားပြီး စိစစ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အသက်ငယ်ရွယ်သူများ မှားယွင်းစွာ မပါရှိစေရေးအဆင့်ငါးဆင့်ဖြစ်သည့် စုဆောင်းရေးတပ်ဖွဲ့ဝင်များမှ စတင်စုဆောင်းစဉ်စိစစ်ခြင်း၊ တပ်မတော်စစ်သားစုဆောင်းရေးတပ်များတွင် တပ်မှူးဦးစီးဘုတ်အဖွဲ့ဖြင့်စိစစ်ခြင်း၊ တပ်မတော်စစ်သားစုဆောင်းရေးတပ်များတွင် စုစည်းထားရှိစဉ် လေ့ကျင့်ရေးတပ်များက ကိုယ်စားလှယ်ဖြင့် လာရောက်ခေါ်ယူစဉ် စိစစ်ခြင်း၊ လေ့ကျင့်ရေးတပ်များသို့ရောက်ရှိစဉ် တပ်မှူးဦးစီးဘုတ်အဖွဲ့ဖြင့် ထပ်မံ စိစစ်ခြင်း၊ သင်တန်းဆင်းပြီးနောက် တပ်ရင်း/တပ်ဖွဲ့ များသို့ရောက်ရှိစဉ် တပ်မှူးဦးစီးဘုတ်အဖွဲ့ဖြင့်စိစစ်ခြင်း စသည်တို့ဖြင့်အဆင့်ဆင့် ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ (ဃ) သို့ »»



တပ်မတော်သားများ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

အထူးကဏ္ဍ (ဂ) မှ »»

တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှကာကွယ်တားဆီးရေးကိစ္စများကို ၂၀၀၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့မှုများအား ပထမဦးစွာဖော်ပြလိုပါသည်။

အရွယ်မရောက်သေးသူကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၅-၁-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ၂၀၅/နယက(၃)/ကစ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၈/၂၀၁၄၊ စာအမှတ်၊ ၁၁၂(၂)/၈/သမ္မတရုံးဖြင့် အဖွဲ့ဝင် ၂ ဦး ထပ်မံဖြည့်စွက်ကာ အဖွဲ့ဝင် ၁၃ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ United Nation Country Task Force on Monitoring and Reporting (UNCTFMR) နှင့် Plan of Action စာချုပ်အား လက်မှတ်မရေးထိုးမီ ၂၀၁၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ် ၅၉၇ ဦးအား တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nation Country Task Force on Monitoring and Reporting (UNCTFMR)တို့အကြား ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက်(Plan of Action)စာချုပ်အား ၂၇-၆-၂၀၁၂ ရက်နေ့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် အစိုးရသစ်မတိုင်မီ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ တွေ့ဆုံဆွေးနွေးပွဲများအား ကုန်သည်ကြီးများဟိုတယ်တွင် ၁၂ ကြိမ်၊ ကာကွယ်ရေးဝန်ကြီးရုံးတွင် ၁၇ ကြိမ် ယူနီဆက်ဖ်ရုံးတွင် ၁၀ ကြိမ်၊ အမရာဟိုတယ်တွင် တစ်ကြိမ်၊ ရှန်ဂရီလာဟိုတယ်တွင် တစ်ကြိမ် စုစုပေါင်း ၄၁ ကြိမ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

(ခ) Monitoring Visit အနေဖြင့် ဌာနချုပ် ၁၆ ခု၊ ခြေလျင်/ခြေမြန်တပ်ရင်း ၇၈ ရင်း၊ လက်ရုံး/ဝန်ထမ်း ၆၁ တပ်သို့ ၄၂ ကြိမ် သွားရောက်ရာတွင် တပ်မတော်မှအကြီးတန်းဆက်ဆံရေးအရာရှိတစ်ဦး လိုက်ပါဆောင်ရွက်ပေးခဲ့ပါသည်။ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်သားအဖြစ်စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်စေရေးအတွက် စံချိန်စံညွှန်း ၂၁ ချက်ပါသဘောတူညီမှုများကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်ရေးဆွဲခဲ့ပြီး ပူးတွဲဆောင်ရွက်ခဲ့ပါသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်အရ လူထုပညာပေးအစီအစဉ်များဆောင်ရွက်ရန် လက်ကမ်းစာစောင် ၃၀၀၀၀၊ နံရံကပ်ပိုစတာ ၄၈၄၀ နှင့် နံရံကပ်ကြော်ငြာ ၃၀၀၀၀ တို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်များအတွင်းဖြန့်ဝေနိုင်ရေး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးများထံသို့ ပေးပို့ခဲ့ပြီး Billboard ၂၈၆ ခုအား ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စိုက်ထူခဲ့ပါသည်။ ထို့အပြင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ၆ လတာကာလအတွင်း နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့်ရေဒီယိုတို့မှ ထုတ်လွှင့်ခြင်းနှင့် သတင်းစာများတွင် ပညာပေးကြော်ငြာများထည့်သွင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။ အသက်မပြည့်စုဆောင်းမှုဆိုင်ရာ National Campaign Materials များအား ပုဂ္ဂလိကသတင်းစာ ၆ စောင်ဖြစ်သည့် The Voice Weekly၊ The Voice Daily၊ 7 Days Journal၊ Yangon Time၊ Flower News Journal နှင့် Myanmar Times တို့တွင် နှစ်ရက်ထည့်သွင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ပူးပေါင်း၍ ၃-၉-၂၀၁၂ ရက်နေ့မှ ၃၁-၃-၂၀၁၆ ရက်နေ့အထိ တပ်မတော်သို့ဝင်ရောက်စဉ် အသက် (၁၈) နှစ်ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၇၄၄ ဦးအား တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

(င) အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆင့်ပွားသင်တန်းများအား အရာရှိ ၁၂၅၅၉ ဦး၊ အခြားအဆင့် ၂၆၄၁၂ ဦး စုစုပေါင်း ၃၈၈၇၁ ဦးတို့အား တိုင်းစစ်ဌာနချုပ်များအစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍လည်း တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ် ဖွင့်လှစ်လျက်ရှိပါသည်။

(စ) တပ်မတော်သို့ဝင်ရောက်စဉ် အသက် (၁၈)နှစ်မပြည့်သေးသည့်စစ်သည်များအား စုဆောင်းမှု နည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၇၈ ဦး၊ အခြားအဆင့် ၃၂၃ ဦး စုစုပေါင်း ၄၀၁ ဦးအား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

**အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုများ**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးကိစ္စရပ်များကို CTFMR နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၁၁-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၂/(၂)/၈/သမ္မတရုံးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့ တွေ့ဆုံဆွေးနွေးပွဲများအနေဖြင့် ကာကွယ်ရေးဝန်ကြီးရုံးတွင် သုံးကြိမ်၊ ယူနီဆက်ဖ်ရုံးတွင်တစ်ကြိမ် စုစုပေါင်း လေးကြိမ် ပြုလုပ်ခဲ့ပါသည်။

(ဂ) Monitoring Visit အနေဖြင့် CTFMR မှအဖွဲ့ဝင်များသည် ခြေလျင်/ခြေမြန်တပ်ရင်း (၄)ရင်း၊ လက်ရုံး/ဝန်ထမ်း(၉)တပ် စုစုပေါင်း တပ်ရင်း/တပ်ဖွဲ့ (၁၃)ခု သို့သွားရောက်ရာတွင် တပ်မတော်အကြီးတန်းဆက်ဆံရေးအရာရှိ တစ်ဦးလိုက်ပါဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့ပူးပေါင်း၍ တပ်မတော်သို့ ဝင်ရောက်စဉ် အသက် (၁၈) နှစ်ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၆ ဦးအား အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ၉-၉-၂၀၁၆ ရက်နေ့တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍မိဘ/အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

(င) အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများအား အရာရှိ ၂၅၁၂ ဦး၊ အခြားအဆင့် ၈၃၇၃ ဦး စုစုပေါင်း ၁၀၈၈၅ ဦးတို့အား တိုင်းစစ်ဌာနချုပ်များ အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍လည်း တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ် ဖွင့်လှစ်လျက် ရှိပါသည်။

(စ) တပ်မတော်သို့ဝင်ရောက်စဉ် အသက် (၁၈) နှစ်မပြည့်သေးသည့်စစ်သည်များအား စုဆောင်းမှုနည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၈ ဦး၊ အခြားအဆင့် ၁၂ ဦး စုစုပေါင်း ၂၀ ဦးအား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်တားဆီးကာကွယ်ရေးအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် CTFMR နှင့်ပူးပေါင်း၍ Plan of Action စာချုပ်အား လက်မှတ်ရေးထိုးကာ စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်းလုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်အား ကလေးစစ်သား အသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး CTFMR (မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့)နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

**ကာကွယ်ရေးဝန်ကြီးဌာန**

တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်ကို ထမ်းဆောင်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတို့ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးကို တပ်မတော်၏ရည်ရွယ်ချက်အဖြစ် မြဲမြံစွာခံယူထားပါသည်။ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားကို တပ်မတော်က ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူတို့နှင့်လက်တွဲ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါသည်။ ရွာကြီးတစ်ရွာအလား ပြောင်းလဲလာခဲ့သော ကမ္ဘာကြီးအတွက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP 21)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကမ္ဘာကြီး၏အပူချိန်ကို စက်မှုတော်လှန်ရေးမတိုင်မီကထက် ၂ ဒီဂရီဆဲလ်စီးယပ်အထိ မကျော်လွန်စေရေး ဆွေးနွေးခဲ့ကြပါသည်။ အကယ်၍ကမ္ဘာကြီး၏အပူချိန်သည် ၂ ဒီဂရီဆဲလ်စီးယပ်ထက် ပိုမိုပူနွေးပါကလူဦးရေသန်း ၃၀၀ ခန့် ဆင်းရဲဒုက္ခခံစားရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် မြေထု၊ ရေထု၊ လေထုတို့ ယိုယွင်းပျက်စီး၊ အရည်အသွေးကျဆင်းမှုများကိုကာကွယ်ရန် သစ်ပင်များ စိုက်ပျိုးရေးကို တပ်မတော်က အလေးအနက်ထား၍ ဆောင်ရွက်နေပါသည်။

သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတို့ကိုလည်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ တပ်မတော်က ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သိပ္ပံနှင့်နည်းပညာအရှိန်အဟုန်ဖြင့် တိုးတက်လာချိန်တွင် ကမ္ဘာ့နိုင်ငံတိုင်း မိမိနိုင်ငံကာကွယ်ရေးအင်အားတောင့်တင်းအောင် ကြိုးပမ်းနေကြပါသည်။ မြန်မာနိုင်ငံကာကွယ်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်လျက်ရှိရာတွင် အသက် (၁၈) နှစ်ပြည့်ပြီး သတ်မှတ်အရည်အချင်း ပြည့်စုံသော နိုင်ငံသားများကို ကာယကံရှင်၏ဆန္ဒအရ တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခွင့်ပြုထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈)ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားစေကာမူ အရည်အချင်းပြည့်မီသူများကိုသာ စစ်မှုထမ်းခွင့်ပြုထားပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကိုချမှတ်ထားပါသည်။ ၂၁ ရာစု နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတို့၏ အဓိပ္ပာယ်ကျယ်ပြန့်လာသည်နှင့် အမျှပြည်သူများအား လေ့ကျင့်ထားရန် လိုအပ်ချက်နှင့်အညီ တက္ကသိုလ်အရန်တပ်ရင်းများမှ သင်တန်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကိုလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (UNCTFMR)နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ အလုပ်လုပ်နိုင်မှတစ်ဦးချင်းဝင်ငွေတိုးတက်လာပြီး နိုင်ငံတော်၏ ပြည်တွင်းထုတ်ကုန် စုစုပေါင်းတန်ဖိုး(GDP)မြင့်မားလာမည်ဖြစ်ပါသည်။ ထို့ကြောင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ကုသပေးရန်လိုအပ်သော ဒေသများနှင့် ကျေးလက်ဒေသများသို့ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များသွားရောက်ကုသပေးလျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုမှ သန္ဓေတည်ပေါက်ဖွားလာသော တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို ဦးလည်မသုန်ထမ်းဆောင်လျက်ရှိသော တပ်မတော်ဖြစ်ပါသည်။ ။



တပ်မတော်မိသားစုများ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပနေစဉ်။

# တနင်္သာရီတိုင်းဒေသကြီး၏ တစ်နှစ်တာခရီးလမ်း

အေဝမ်းစိုး

မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီဒေသသည် လွန်ခဲ့သည့် ၁၅ ရာစုနှစ်ကတည်းက ကမ္ဘာ့ကုန်သွယ်ရေးကြောင်းသွားလာမှုတွင် လွန်စွာအရေးပါသည့် ဒေသတစ်ခုဖြစ်သည်ဟု မှန်နန်းရာဇဝင်၊ ရှေးဟောင်းတရုတ်မှတ်တမ်းများနှင့် အနောက်ဥရောပခရီးသွားမှတ်တမ်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ယနေ့မျက်မှောက်ကာလတွင်လည်း မဟာဗျူဟာအရ အလွန်အရေးပါသည့် ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ကုန်သွယ်ရေးကြောင်းသွားလာမှုတွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**ရှည်မျောမျောနှင့် ခပ်ကွေးကွေး သဏ္ဌာန်တည်ရှိ**

တနင်္သာရီတိုင်းဒေသကြီးသည် ပထဝီမြေမျက်နှာသွင်ပြင် အနေအထားအရ မြေပုံပေါ်တွင် ရှည်မျောမျောနှင့် ခပ်ကွေးကွေး သဏ္ဌာန်တည်ရှိနေသည်။ မြန်မာနိုင်ငံတောင်ဘက်စွန်းတွင် တည်ရှိပြီး အရှေ့နှင့် အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ ဧရိယာအားဖြင့် ၁၆၇၃၅ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြန်မာနိုင်ငံတွင် ကျွန်းပေါင်း ၁၀၀၀ ခန့်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၀၀ ကျော် တည်ရှိသည်။ ရှည်လျားသောပင်လယ်ကမ်းရိုးတန်းနှင့် သာယာလှပသည့် ကျွန်းစုများကြောင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများဖြစ်ထွန်းပြီး ခဲမဖြူ၊ အဖြိုက်နက်၊ ပုလဲ၊ ငှက်သိုက် စသည့် သဘာဝသယံဇာများ ထွက်ရှိသောကြောင့် စီးပွားရေးအရ အားထားရသော တိုင်းဒေသကြီးတစ်ခု ဖြစ်သည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်။ (ဓာတ်ပုံ-ဧရာဝတီ)

**စီးပွားရေးတိုးတက်မှု**

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ခုနှစ် စီမံကိန်းရည်မှန်းချက်အား ကျပ်သန်းပေါင်း ၂၀၈၅၆၅၅ ဒသမ ၆ သန်း ရရှိရန် ရည်မှန်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်အထိ (ဒေသစာရင်းအရ) ကျပ်သန်းပေါင်း ၁၇၈၁၈၁၅ ဒသမ ၆ သန်း (၈၅ ဒသမ ၄ ရာခိုင်နှုန်း) ရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု သိရသည်။

**ရေခူများ**

ရေလုပ်ငန်းကလည်း ပြည်တွင်းအပြင် ပြည်ပအထိ ထုတ်လုပ်ဖြန့်ဝေနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီး၏ ရေလုပ်ငန်းသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။

ရေထွက်ပစ္စည်းဖြစ်သော ရေခူ (Jelly Fish)ကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခဲ့သည်။ ဇန်နဝါရီလမှစ၍ ကုန်ကြမ်းစတင်စုဆောင်းပြီး ရေခူများကို ဈေးကွက်သို့ တင်ပို့ခြင်းအားဖြင့် ဒေသခံပြည်သူတို့ ဝင်ငွေတိုးတက်ကောင်းမွန်ခဲ့သည်။ ယခုနှစ်ရာသီတွင် ရေခူတန်ချိန် ၂၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။

အစိုးရသစ်တစ်နှစ်တာကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော ကော့သောင်း၊ မြိတ်နှင့် ထီးခီးဒေသတို့မှ ရေထွက်ပစ္စည်းများတင်ပို့ရောင်းချခဲ့ရာ ငါးတန်ချိန် ၁၄၅၁၄၀ ကျော်၊ ပုစွန်တန်ချိန် ၃၁၀၀ ကျော် နှင့် အခြားရေထွက်ပစ္စည်းတန်ဖိုး ၃၅၃၂၅ တန်ကျော် စုစုပေါင်းတန်ဖိုး ဒေါ်လာ ၁၉၅ သန်းခန့် တင်ပို့ပေးနိုင်ခဲ့သည်။ အလားတူကာလ တင်ပို့မှုတန်ဖိုးမှာ ဒေါ်လာ ၁၅၁ သန်းကျော်သာ ရရှိသဖြင့် ၄၂ ဒသမ ၇၉၂ ဒေါ်လာသန်း ပိုမိုတိုးတက်ရရှိခဲ့ သည်ဟု သိရသည်။

**စိုက်ပျိုးရေး**


တနင်္သာရီတိုင်းဒေသကြီးတွင် စပါးအပြင် နှစ်ရှည်ပင်များဖြစ်သည့် ကွမ်းသီး၊ အုန်းသီး၊ ရော်ဘာ၊ ဓနိ၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ သီဟိုဠ်၊ သရက်၊ ဆီအုန်းတို့ စိုက်ပျိုးဖြစ်ထွန်းကြသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရော်ဘာစိုက်ပျိုးပြီးစီးမှုအပေါ် ရော်ဘာထွက်ရှိမှု အခြေအနေမှာ စိုက်ပျိုးပြီးဧရိယာ ၃၄၅၈၃၄ ဧက၊ အစေးလှီး ၁၃၅၆၃၉ ဧက၊ အထွက်နှုန်း ၄၉၃ ဒသမ ၄၇ ပေါင်၊ အထွက်စုစုပေါင်း ၆၆၉၃၃၂၄၆ ပေါင်ဖြစ်သည်။

အထူးကဏ္ဍ (စ) သို့ »»

**မြန်မာနိုင်ငံတွင် ကျွန်းပေါင်း၁၀၀၀ ခန့်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၀၀ ကျော် တည်ရှိသည်။ ရှည်လျားသောပင်လယ်ကမ်းရိုးတန်းနှင့် သာယာလှပသည့် ကျွန်းစုများကြောင့် ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင် နိုင်စွမ်းရှိသည်။ ကမ်းနီးကမ်းဝေးငါးဖမ်း လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများဖြစ်ထွန်းပြီး ခဲမဖြူ၊ အဖြိုက်နက်၊ ပုလဲ၊ ငှက်သိုက် စသည့် သဘာဝသယံဇာများထွက်ရှိသောကြောင့် စီးပွားရေးအရ အားထားရသော တိုင်းဒေသကြီးတစ်ခုဖြစ်**



တနင်္သာရီတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပစဉ်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှုခင်း

နိုင်ငံတော်အစိုးရ၏
ကြေးမုံ အထူးကဏ္ဍ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော် သတ္တုတူးဖော်ရေးလုပ်ငန်းခွင်အားကြည့်ရှုစစ်ဆေးစဉ်။

တနင်္သာရီတိုင်းဒေသကြီးသည် သယံဇာတပေါကြွယ်လှသည်။ ထင်ရှားသောသတ္တုတွင်းများမှာ ဟိန်းဒါး၊ ဟာမြစ်ကြီး၊ ကန်ဘောက်၊ ကျောက်မဲတောင်၊ နတ်သီတာ၊ ရတနာပုံ၊ သိန္နွာတို့ဖြစ်ကြပြီး ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ ထုတ်လုပ်နိုင်သည့်အပြင် ငှက်သိုက်နှင့်ပုလဲလုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေအများအပြား ရရှိသည်။

၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး တွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တု တူးဖော်ထုတ်လုပ်ရန် ကုမ္ပဏီ ၂၈ ခု ခွင့်ပြုထားရှိပြီး ခဲမဖြူ၊ အဖြိုက်နက်လုပ်ကွက်အကြီးစား ကိုးကွက်၊ လုပ်ကွက်အသေးစား ၂၇ ကွက် စုစုပေါင်းလုပ်ကွက် ၃၆ ကွက်ရှိ

အထူးကဏ္ဍ (င) မှ »»

ယခုနှစ်တွင် ရော်ဘာဈေးမှာ တစ်ပေါင် ၁၂၀၀ ဖြစ်၍ မနှစ်ကတစ်ပေါင်ဈေး ၅၀၀ ထက် နှစ်ဆနီးပါး ဈေးကောင်းရသဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိခဲ့ကြသည်။ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေမှာ စိုက်ပျိုးပြီးဧရိယာ ၃၉၄၇၁၉ ဧက၊ အသီးခူးဧရိယာ ၁၃၈၅၁၂ ဧက၊ အထွက်နှုန်း ၂ ဒသမ ၁၄ တန်၊ ဆီသီးခိုင်အထွက်စုစုပေါင်း ၂၉၆၅၈၈ တန်ထွက်ရှိခဲ့ပြီး ဖြစ်သည်။

**သတ္တုကဏ္ဍ**

တနင်္သာရီတိုင်းဒေသကြီးသည် သယံဇာတပေါကြွယ်လှသည်။ ထင်ရှားသော သတ္တုတွင်းများမှာ ဟိန်းဒါး၊ ဟာမြစ်ကြီး၊ ကန်ဘောက်၊ ကျောက်မဲတောင်၊ နတ်သီတာ၊ ရတနာပုံ၊ သိန္နွာတို့ ဖြစ်ကြပြီး ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ ထုတ်လုပ်နိုင်သည့်အပြင် ငှက်သိုက်နှင့် ပုလဲလုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေ အများအပြားရရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တု တူးဖော်ထုတ်လုပ်ရန် ကုမ္ပဏီ ၂၈ ခု ခွင့်ပြုထားရှိပြီး ခဲမဖြူ၊ အဖြိုက်နက်လုပ်ကွက် အကြီးစား ကိုးကွက်၊ လုပ်ကွက် အသေးစား ၂၇ ကွက် စုစုပေါင်း လုပ်ကွက် ၃၆ ကွက်ရှိသည်။

သတ္တုထုတ်လုပ်ရန် ၉၁၀ ဒသမ ၀၀၃ မက်ထရစ်တန်လျာထားပြီး ၇၃၉ ဒသမ ၅၈၁ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကုမ္ပဏီ ၁၇ ခုအား ခွင့်ပြုထားပြီး လုပ်ကွက် အကြီးစား ငါးကွက်၊ လုပ်ကွက် အသေးစား ၄၆ ကွက် စုစုပေါင်း ၅၁ ကွက်မှာ စမ်းသပ်တိုင်းတာမှုများ ပြုလုပ်လျက်ရှိသည်။ သတ္တုထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**ပုလဲနှင့် မုတ်ခွံ**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်း ၁၃ ကျွန်းတွင် နိုင်ငံပိုင်ပုလဲလုပ်ငန်းအပါအဝင် ကုမ္ပဏီ ၁၀ ခုမှ ပုလဲမွေးမြူထုတ်လုပ်ရေး လုပ်ငန်းများကို ရေပြင်ဧရိယာ ဧက ၁၃၃၁၂၀ ကျော်နှင့် မြေပြင်ဧရိယာ ဧက ၁၆၁၅၀ ကျော် တို့တွင် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ပုလဲထုတ်လုပ်ရန် ၃၃၄၀၀၀ မိုမီ လျာထားချက်အပေါ် ၅၁၂၃၃၄ ဒသမ ၄၇ မိုမီ ထုတ်လုပ်နိုင်ခဲ့ပြီး မုတ်ခွံ ထုတ်လုပ်ရန် ၁၂၆ ဒသမ ၀၀ မက်ထရစ်တန် လျာထားချက်အပေါ် ၁၄၂ ဒသမ ၂၃ မက် ထရစ်တန် ထုတ်လုပ်နိုင်ခဲ့၍ ထုတ်လုပ်မှု ရာခိုင်နှုန်းမှာ ၁၁၂ ဒသမ ၈၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

**ဆလုံလူမျိုးများ**

တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်း ၁၂ ကျွန်းတွင် လုပ်ငန်းများအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် မြိတ်ကျွန်းစုသည် ကမ္ဘာလှည့်ခရီးသည်များအတွက် လေ့လာ စရာ များပြားသည့်အပြင် ထိုဒေသရှိ ဆလုံ လူမျိုးများ၏ ဓလေ့စရိုက်ကလည်း စိတ်ဝင်စား စရာ ကောင်းလှပေသည်။

တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင် ရေးအတွက် ထားဝယ်၊ မြိတ်နှင့် ကော့သောင်း

အထူးကဏ္ဍ (ဆ) သို့ »»



တနင်္သာရီတိုင်းဒေသကြီး အတွင်း ဆိပ်ကမ်းများ ၊ ကျွန်းစုများရှိခြင်းကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အထူးစိတ်ဝင်စားလျက်ရှိသည်။



အထူးကဏ္ဍ (၈) မှ »»

ဒေသများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ တည်းခိုခန်း ၃၆ ခု၌ ပြည်တွင်းဧည့်သည်ဦးရေ ၉၀၂၀၂ ဦးတည်းခိုခဲ့ပြီး ဝင်ငွေရရှိမှုမှာ ငွေကျပ် ၁၆၀၁၇ ဒသမ ၃၇ သိန်းနှင့် ပြည်ပဧည့်သည်ဦးရေ ၆၀၆၉၀ တည်းခိုခဲ့ပြီး ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၁၃၈၄၆၆၇ ရရှိခဲ့သည်။ ယခင်နှစ်ထက် ပြည်တွင်း၊ ပြည်ပ ဧည့်သည်ဦးရေ ၄၂၂၁၄ ဦးတိုးတက်များပြားလာကြောင်း တွေ့ရှိရသည်။

### ငှက်သိုက်

သစ်တောထွက်ပစ္စည်းဖြစ်သော ငှက်သိုက်သည် တနင်္သာရီတိုင်းဒေသကြီးတွင် ထွက်ရှိသော သဘာဝသယံဇာတဖြစ်သည်။ ယခုနှစ်အတွင်း ပိဿာ ၁၃၀၀ ခန့်ရရှိပြီး အိတ်ဖွင့်တင်ဒါရောင်းရငွေမှာ ကျပ်သန်း ၁၀၀၀ ကျော် ရရှိခဲ့သည်ဟု သိရှိရသည်။

### လမ်းပန်းဆက်သွယ်ရေး

တနင်္သာရီတိုင်းဒေသသကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လှသဖြင့် ရာသီမရွေး ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းတို့ဖြင့် သွားလာနိုင်သည်။ ဒေသတွင်း၌လည်း လမ်းခရီးလုံခြုံချောမွေ့စေရန် လေယာဉ်၊ ကား၊ သင်္ဘော၊ အမြန်ရေယာဉ်တို့ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

### လျှပ်စစ်မီးရရှိရေး

နိုင်ငံတော်၏မဟာဓာတ်အားလိုင်း မရောက်ရှိမီကာလအတွင်း ပြည်သူများ အနေဖြင့် လျှပ်စစ်ဓာတ်အားကို သက်သာသောဈေးနှုန်းဖြင့် ပြည့်ဝစွာသုံးစွဲနိုင်ရန် ရည်ရွယ်လျက် ထားဝယ်ခရိုင်တွင် တစ်မဂ္ဂါဝပ် Gas Engine ခြောက်လုံးနှင့် 620 KVA Volvo အရန် ဒီဇယ်ဓာတ်အားပေးစက် ခြောက်လုံး တို့ပေါင်းစပ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် မီးလင်းရေးအဖွဲ့များက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော မီးလင်းရေးကော်မတီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ ထုတ်လုပ်ယူနစ်အပေါ် မူတည်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ ပေးသွင်းရမည့် Royalty Fee ကို တစ်ယူနစ်လျှင် ငွေကျပ် ၁၀ကျပ်နှုန်းအစား ၂၀၁၆ခုနှစ် စက်တင်ဘာလမှ စတင်၍ ငွေကျပ် ငါးကျပ်နှုန်းဖြင့် တစ်ပြေးညီလျှော့ချကောက်ခံခွင့်ပြုပြီး ဖြစ်သည်။


တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းများ ပျိုးထောင်ထားမှုကို တွေ့ရစဉ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်သုံးခုအတွင်းရှိ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများအထိ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၂၄၇၂၆ ဒသမ ၀၅၅ ဖြင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများဖြစ်သော 33 KV ဓာတ်အားလိုင်းမိုင် ၅၀၊ 11 KV ဓာတ်အားလိုင်း၂၂၃ မိုင်၊ (0.4)KV ဓာတ်အားလိုင်း ၁၄၈ ဒသမ ၄၅ မိုင်၊ (33/11) KV (5)MVA ဓာတ်အားခွဲရုံနှစ်ရုံ၊ (11/0.4) KV Transformer ၁၂၈ လုံး တပ်ဆင်ဆောင်ရွက်ခြင်း စသည့် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ၂၈၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၀၂ ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည် ဖြစ်ပါသည်။

### ပညာရေးကဏ္ဍ

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်နှင့် စေတနာရှင် ပြည်သူများက ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေ၊ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းသုံးပရိဘောဂများအတွက် စုစုပေါင်း ငွေကျပ် ၄၇၈၆ ဒသမ ၁၂ သိန်းခန့် ထောက်ပံ့ပေးခဲ့သည်။

အခြေခံပညာဦးစီးဌာနသို့ အဆင့်တိုးမြှင့်ရန် တင်ပြသည့်ကျောင်းအရေအတွက် ၁၄၀ ရှိပြီး ၇၉ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် ကျောင်းများအတွက် ဘွဲ့ရ ဆရာ ဆရာမ ၁၁၁ ဦးကို အထက်တန်းပြရာထူးသို့ တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့သည်။ ဆရာနှင့် ကျောင်းသားအချိုး ကွာဟမှုမရှိစေရန် ဒေသခံဘွဲ့ရပြင်ပပုဂ္ဂိုလ် ၂၉၁ ဦးကိုလည်း နေ့စားလပေးမူလတန်းပြများအဖြစ်လည်းကောင်း၊ ကရင်တိုင်းရင်းသားရွာများတွင် ဘွဲ့ရ ကရင်တိုင်းရင်းသူ ၅၉ ဦးကို ယာယီနေ့စား လပေးများအဖြစ်လည်းကောင်း ခန့်ထားပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၃၇၀၈ ဒသမ ၀၀ သန်းဖြင့် အဆောက်အအုံလုပ်ငန်း အရေအတွက် ၇၇ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံလုပ်ငန်း အရေအတွက် ၁၀၆ ခုအထိ တိုးမြှင့်တည်ဆောက်ပေးနိုင်ခဲ့သည်။

### ကျန်းမာရေးကဏ္ဍ

တိုင်းဒေသကြီးအတွင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာန သုံးခု၊ ဌာနခွဲ ၁၇ ခု၊ ဝန်ထမ်းအိမ်ရာများကို ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၃၈၆ သန်းဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့နှစ်ထပ်နှင့် ငါးထပ် လူနာဆောင်

အထူးကဏ္ဍ (၉) သို့ »»


ပင်လယ်ပြင်ငါးဖမ်းစက်လှေများအား စစ်ဆေးနေစဉ်။

**တနင်္သာရီတိုင်းဒေသသကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လှသဖြင့် ရာသီမရွေး ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းတို့ဖြင့် သွားလာနိုင်သည်။ ဒေသတွင်း၌လည်း လမ်းခရီးလုံခြုံချောမွေ့စေရန် လေယာဉ်၊ ကား၊ သင်္ဘော၊ အမြန်ရေယာဉ်တို့ဖြင့် ပြေးဆွဲပေး လျက်ရှိသည်။**


လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လမ်းများ အဆင့်မြှင့်တင်ထားမှုကို တွေ့ရစဉ်။




ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်သူများအား ပြန်လည်လက်ခံစဉ်။



တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အထူးကဏ္ဍ (ဆ) မှ »»

ဆောက်လုပ်ခြင်းနှင့် လေးခန်းတွဲသုံးထပ်ဆရာဝန်အိမ်ရာ၊ စခန်းသစ်တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ၊ သရက်ချောင်းမြို့နယ်ပြည်သူ့ဆေးရုံခွဲစိတ်ခန်း၊ သားဖွားခန်းပါတိုးချဲ့နှစ်ထပ်ဆောင်နှင့် ရှစ်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ် တစ်လုံးဆောက်လုပ်ခြင်း၊ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ၊ ကော့သောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ခြောက်ခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာ၊ ခမောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံတွင် ခြောက်ခန်းတွဲတစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

**အရေးပေါ် ခိုလှုံရန်**
**အဆောက်အအုံများ ဆောက်လုပ်**

မြိတ်ခရိုင် တနင်္သာရီမြို့ မောတောင်ဒေသ သိန်းခွန်းကျေးရွာအုပ်စုအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ကျရေများကြောင့် နေအိမ်များမျောပါခြင်း၊ ရေနစ်မြုပ်ခြင်းနှင့် လူသေဆုံးခြင်းများရှိခြင်းတို့ကြောင့် အိမ်ထောင်စု ၄၃ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၃ သိန်း ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း သဘာဝဘေးဖြစ်ပွားပါက အရေးပေါ်ခိုလှုံနိုင်ရန်အတွက် လူဦးရေ ၅၀၀ ဆံ့ အဆောက်အအုံသုံးလုံးကို ရန်ပုံငွေကျပ် ၃၅၀၄ သိန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ လောင်းလုံးမြို့နယ် သဘော့ဆိပ်ကျေးရွာ၊ သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာနှင့် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာတို့တွင် တည်ဆောက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ၃၅ ကြိမ်ဖြစ်ပွားမှုတွင် အိမ်ခြေ ၂၃၇ လုံး၊ အိမ်ထောင်စု ၂၄၀၊ လူဦးရေ ၁၁၂၃ ဦး၊ သေဆုံးသူ ကိုးဦးရှိခဲ့ရာ ထောက်ပံ့ငွေကျပ် ၁၈၂ သိန်းခန့်ကို ကယ်ဆယ်ရေးဦးစီးဌာနက ထောက်ပံ့ပေးနိုင်ခဲ့သည်။

လွန်ခဲ့သည့်တစ်နှစ်တာကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ၁၂ ကြိမ်ကျရောက်ခြင်းကြောင့် ထားဝယ်ခရိုင်တွင် နေအိမ် ၁၁ လုံး၊ အိမ်ထောင်စု ၁၂ စုအတွက် ငွေကျပ် ၇၉ ဒသမ ဝ၁ သိန်း၊ မြိတ်ခရိုင်တွင် နေအိမ် ၅၉ လုံး၊ အိမ်ထောင်စု ၅၉ စုအတွက် ငွေကျပ် ၁၆၀ ဒသမ ၇၂၇ သိန်းနှင့် ကော့သောင်းခရိုင်တွင် နေအိမ် လေးလုံး၊ အိမ်ထောင်စုလေးစုအတွက် ငွေကျပ် သိန်း ၂၀ စုစုပေါင်းနေအိမ် ၇၄ လုံး၊ အိမ်ထောင်စု ၇၅ စုအတွက် ငွေကျပ် ၂၅၉ ဒသမ ၇၃၇ သိန်းအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

**လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်အစိုးရသစ်၏ မူဝါဒ လေးရပ်ဖြစ်သော အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို အစိုးရသစ်၏တစ်နှစ်တာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားရင်ကြားစေ့ရေးအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့ရှိပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံတို့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးတွင် အပစ်အခတ်ရပ်စဲရေးကော်မတီ JMC-S ဖွဲ့စည်းထားရှိပြီး ပြီးခဲ့သည့် တစ်နှစ်တာအတွင်း တွေ့ဆုံညှိနှိုင်းအစည်းအဝေး ငါးကြိမ်ကျင်းပခဲ့ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

**တွေ့ဆုံညှိနှိုင်း**

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် အေးချမ်းသောဒေသဖြစ်၍ အထူးအထွေဆောင်ရွက်ရမည့်ဒေသမဟုတ်သော်လည်း ဒေသတွင်း လက်နက်ကိုင် အဖွဲ့အစည်းများ ပဋိပက္ခ မဖြစ်ပွားစေရေးအတွက် တိုင်းရင်းသားခေါင်းဆောင်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်နှစ်တာကာလအတွင်း သုံးကြိမ်တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးသည် ပြည်သူတို့၏ ဆန္ဒဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဦးစားပေးအောင်မြင်အောင်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ကော်မတီဝင်ကိုးဦးပါသော ကြီးကြပ်မှုကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့သည်။ ဒုတိယအကြိမ် ကျင်းပမည့် (၂၁)ရာစု ပင်လုံညီလာခံကို တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပါဝင်ဆွေးနွေးရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆီအုန်းစက်ရုံကို တွေ့ရစဉ်။